
www.burmeseclassic.com

အောင်မြင်စာပေ

# မျောက်ကြီး


လူကောင်




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com







# အခန်း-တစ်

တကယ်လို့များပေါ့. . ဟောဒီလို သာယာတင့်မောဖွယ် ရှိတဲ့ ကမ္ဘာကြီးရဲ့ စိမ်းလန်းအေးချမ်းမှုတွေနဲ့ပဲ 'လောက'ကို ဖန်တီးထားမယ်ဆိုရင်၊ မျက်စိတစ်ဆုံး မြင်နေရတဲ့ စိတ်ခံစားမှုကို နှစ်ထားလိုက်ရုံနဲ့ အရာရာအားလုံး ပြီးပြည့်စုံသွားမယ်ဆိုရင်. . . အသခြေ၊ အနန္တ ကာလရှည်ကြာသရွေ့ ဒီမြေကမ္ဘာကြီးကို တည်တံ့စေချင်ပါရဲ့. . .။

ကြည့်စမ်းကွယ်. . . တောတောင်တွေ၊ လျှိုမြောင်တွေ၊ စိမ့်



www.burmeseclassic.com

www.burmeseclassic.com



စမ်းရေတံခွန်တွေနဲ့ ငြိမ်းချမ်းအေးမြမှုကို ကိုယ်စားပြုချင်နေရှာတဲ့ အဆုံးမှာ နှင်းလွှင်ပြင်တွေ. . .။

တို့နေထိုင်တဲ့ ကမ္ဘာကြီးမှာ ဒီလောက်သန့်ရှင်းမွတ်စင်တဲ့ သဘာဝအလှတရားတွေ ပြည့်နှက်နေခဲ့တာ။ ဒါနဲ့များ. . .။

အဲ့သလိုအတွေးမျိုးတွေ ဦးသီလရဲ့စိတ်အစဉ်မှာ ခဏလေး ထင်ဟပ်လာပြီး ရုတ်ခြည်းဆိုသလိုပဲ ပျောက်ကွယ်ကုန်တယ်။ စော စောပိုင်းကအထိ ဆိတ်ငြိမ်ညင်းညှံ့လှတဲ့ ကမ္ဘာမြေဟာလည်း များ ပြားလှတဲ့ ခွာစုံပေါက်သံ ပြေးလွှားသံတွေကြောင့် အက်ကွဲတုန်ခါ လာပြီး ပိပိရိရိ အေးမြနေတဲ့ နှင်းလွှင်ပြင်ကြီး ဖွာလန်ကျဲကုန်ပါ တော့တယ်။

အံ့အားသင့်စရာပါလား။

ဘယ်မှာလဲ ငြိမ်သက်မှု။ ဘယ်မှာလဲ ရှုမငြီးတဲ့အလှတရား။

ဘုရားရေ. . .။

ဦးသီလ ကြည့်မြင်နေရတဲ့မြင်ကွင်းထဲ တိရစ္ဆာန်ပေါင်းစုံ ပါဝင်နေတဲ့ အုပ်စုကြီးနှစ်စု ဆုံမိကြပြီး အပြင်းအထန် သတ်ပုတ် တိုက်ခိုက်နေကြလို့ အသက်မရှူဝံ့အောင် ဖြစ်နေပြီးမှ. . သူ့လက်ထဲ မေ့မေ့လျော့လျော့ ကိုင်ထားမိတဲ့ ဗီဒီယိုကင်မရာကို သတိရပြီး အမိ အရ ရိုက်ယူနေမိတယ်။

ဟုတ်တာပဲ. . . ကမ္ဘာမြေပေါ်မှာ သတ္တလောကကြီး ရှိနေ တာပဲ။ လောဘတွေ၊ ဒေါသတွေ၊ အမုန်းအမျက် အငြိုးအတေးတွေ၊ အတ္တအလှည့်နဲ့ ရက်စက်မှုတွေ၊ မာန်မာနတရားတွေ၊ အားပြိုင်မှု တွေ၊ ဖိနှိပ်မှုတွေ. . . အဲ့ဒီ လောင်စာတွေနဲ့ အလျှံညီးညီး တောက်





လောင်နေတဲ့မီးတွေ. . .။

ဦးသီလ တွေးမြင်ရိုက်ယူရင်း မြင်ကွင်းထဲမှာ ထင်မှတ် မထားတဲ့ အခြေအနေတစ်ခုကိုပါ မြင်လိုက်ရလို့ အသက်ရှူမှားသွား တယ်။

လူငယ်လေးတစ်ယောက်။ ရှိလှမှ အသက်(၂၀)ဝန်းကျင် လောက်ပဲရှိဦးမယ့် လူငယ်လေးမှာ သွေးသံရဲရဲနှင့် ဒဏ်ရာအနာတ ရထားလို့ မျောက်ဝံကြီးတစ်ကောင်က ပွေ့ထားတာ။

တခြားမျောက်ကြီးတွေကလည်း လူငယ်လေးကို ပွေ့ထား တဲ့ မျောက်ဝံကြီးကို ကာကွယ်ထားတာ။ တဖြည်းဖြည်း အန္တရာယ်နဲ့ လွတ်ရာကို ဆုတ်ခွာသွားတာဟာ တကယ့်ကို ရင်သပ်ရှုမောဖွယ်ရာ မဟုတ်လား။

ဒီလို ကရုဏာ၊ အကြင်နာတရားတွေလည်း ရှိနေပါလား၊ ညီညွတ်ခြင်း၊ မျှတခြင်း၊ စောင့်ရှောက်ကူညီခြင်းဆိုတာတွေနဲ့ သိမ် မွေ့လို့၊ နူးညံ့လို့တောင်နေသေးရဲ့။

အိုး. . အိုး. . စောစောကချာတိတ်က ဘာလဲ. . ဟာ. .

ဒီနေ့ရလိုက်တဲ့ အတွေ့အကြုံက ဦးသီလကို တနုံ့နုံ့ ခံစား သွားစေတယ်။

သူ စခန်းချရာတဲဆီ ပြန်ရောက်ရောက်ချင်း ဆေးသောက် ပြီး ခေတ္တခဏ အပန်းဖြေအနားယူလိုက်ရတဲ့အထိ စိတ်ပင်ပန်းခဲ့ပေ မယ့် သူ့မျက်လုံးနဲ့ရော ဗီဒီယိုမှတ်တမ်းထဲမှာပါ အသေအချာ မြင် တွေ့နေရတဲ့ လူငယ်လေးကို အတွေးအာရုံထဲကနေ ဘယ်လိုမှ မဖယ်ထုတ်နိုင်ဘူး ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်တွေနဲ့ ကြီးပြင်းရတဲ့ တာဇံမျှားလား။

ဟာ. . . မဖြစ်နိုင်ဘူး။ အဲ့ဒါက ငါကြည့်ဖူးတဲ့ရုပ်ရှင်တွေပဲ။

ဒါက. . ဒါက. . .

ဦးသီလ ဒီထက်လည်း ပိုမတွေးတတ်တော့လို့ စိတ်ရှုပ်သလို တစ်ယောက်တည်း ညည်းတွားရင်း အတွေးသက်သာအောင် အာရုံပြောင်းလိုက်တယ်။

သူ့ဘေးမှာ ပစ်ချထားတဲ့ ပတ္တူအိတ်ကို ဝါးကွပ်ပျစ်ပေါ် သွန်မှောက်ချပြီး ဒီနေ့ရလာတဲ့ဆေးရွက်တွေ သူ့အုပ်စုနဲ့သူ ဖြစ်အောင် ခွဲနေပါတော့တယ်။

တကယ်တော့ ဦးသီလက ရက္ခမူ တိုင်းရင်းဆေးပညာရှင် တစ်ယောက်ပါ။ သူ့ရဲ့မျိုးရိုးစဉ်ဆက် တိုင်းရင်းသမားတော် ဆေးပညာနဲ့ အေးအေးလူလူ ဆေးကုသပြီး နေထိုင်နိုင်ပေမယ့် ပင်ကိုယ်က စူးစမ်းလို၊ စွန့်စားလိုတဲ့ ဝါသနာကြောင့် ဖခင်ထံက အမွေခံတဲ့ ပညာနဲ့ မတင်းတိမ်နိုင်ဘဲ အရှေ့တိုင်းနိုင်ငံတွေဆီ လှည့်လည်ပြီး တိုင်းရင်းဆေးပညာကို ဆင့်ပွားသင်ယူလာခဲ့တယ်။

အဲ့သလို သင်ယူခဲ့ရသမျှထဲက ရက္ခမူတိုင်းရင်းဆေးပညာကို သူအလွန်ပဲ နှစ်သက်သွားတဲ့အတွက် အခုလို လူသူမနီးတဲ့ တောကြီးမျက်မည်းထဲ ခရီးလှည့်လည်ပြီး ဆေးပင်တွေ၊ ဆေးရွက်တွေကို လေ့လာစုဆောင်းရင်း သုတေသနပြုနေခဲ့တာပါ။

ဒီနေ့မှာတော့ အလွန်ထူးဆန်းတဲ့ မြင်ကွင်းတစ်ခုကို မြင်လိုက်ရလို့ အစဉ်သဖြင့် အေးချမ်းငြိမ်သက်နေတဲ့ သူ့ရဲ့စိတ်သဏ္ဍာန်ကို အလွန်ပဲ တုန်ခါစေခဲ့ပါတယ်။





အဲ့သလို စိတ်လှုပ်ရှားမှုကို ဘယ်လိုပဲ အာရုံပြောင်းပြောင်း မရနိုင်တော့လို့ လုပ်လက်စကို ပစ်ချပြီး သူရိုက်ယူလာတဲ့ ဗီဒီယိုကင်မရာကို ပြန်ဖွင့်ကြည့်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## 'ကျားသူတော်'

မိတ်ဆွေအပေါင်းတို့
ကျုပ်တို့အသားချင်း ကိုယ်ချင်းစာကြလော့
ကိုယ့်အသား ကိုယ်ပြန်စားပြီး
နာကျင်မှုကို သံဝေဂ ယူပါလော့...
ကျုပ်ကိုယ်တိုင်
သွားတွေ မကောင်းတော့ကတည်းက
သက်သတ်လွတ် စားခြင်းဆိုသော
အကျင့်မြတ်ကို ရခဲ့ပြီမို့လို့
သာဓုခေါ်ကြပေတော့...







အခန်း - နှစ်

"**အား**. . . နာတယ်ဗျ"

ချာတိတ် တအားကြုံးအော်ပစ်လို့ မျောက်ဝံကြီး တွန့်ခနဲ ဖြစ်ပြီး ချာတိတ်ခေါင်းကို လက်သီးဆုပ်နဲ့ ဖွဖွထုပစ်တယ်။

"အား. . ."

"ဟာ. . ဒီကောင်. . နာရင် နည်းနည်းအောင့်ခံပေါ့ကွ လူကောင်ရ. . ချီးမပဲ"

"အောင့်ထားတာတောင် နာတယ်ဗျ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဆို ကျောက်ခဲတစ်ခဲ ကိုက်ထား"

မျောက်ဝံကြီးနဲ့ ချာတိတ်ကလေး ပြောဆိုနေတာကို လှမ်းကြည့်နေတဲ့ နောက်ထပ်မျောက်ဝံကြီးက သူ့နဖူးက ဘုကြီးကို သူ့လက်နှင့် လက်ကြပ်ပူ ပွတ်တိုက်ရင်း ထလာတယ်။

ပြီးတော့ ချာတိတ်ကျောပေါ်က အနာဒဏ်ရာကို နီကြောင်တဲ့မျက်လုံးလေးနဲ့ မမှိတ်မသုန် ငုံ့ကြည့်နေလိုက်တယ်။ ဒဏ်ရာမှာ အုပ်ထားတဲ့ဆေးရွက်တွေက သွေးစေးတွေနဲ့ ခြောက်ပြီး ကပ်နေတော့ကာ ခွာလိုက်တိုင်း အသားနုပါ တွဲပါလာလို့ ဟိုတစ်ယောက်က အော်တော့တာပေါ့။ အော်လည်း ခွာပေးနေတဲ့ မျောက်ဝံကြီးက မလျှော့ဘူး။ ပိုလို့တောင် ဇတ်ခနဲ ခွာပစ်လိုက်တော့. . ကျောက်ခဲကိုက်ထားလို့သာ အသံမထွက်တာ။ တစ်ကိုယ်လုံး ဆတ်ဆတ်ခါထွက်သွားပါရောလား။

အဲ့ဒါကို ရပ်ကြည့်နေတဲ့မျောက်ဝံက အနာခွာနေတဲ့ မျောက်ဝံကို နားချောက်ပိတ်တီးပစ်လိုက်တယ်။

"ဘာလဲဟ"

"မင်း. . လူလို နားမလည်ဘူးလား"

"ဘယ်လိုလုပ် နားလည်မှာလဲ၊ ငါက မျောက်ပဲ"

"အေး. . . မျောက်ဆိုရင် ပိုနားလည်ရမယ်"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်. . . လူဆိုတာ မျောက်က ဆင်းသက်သွားတာ"

"အမ်. . ."

"လာ. . . ဟိုလူကောင်. . မင်း ဒီကောင့်လက်စာနဲ့ အရေ





ခွံကောင် ကျန်မှာမဟုတ်ဘူး၊ ထ. . ငါနဲ့လိုက်ခဲ့"

ရပ်ကြည့်နေသောမျောက်ဝံက သဟောက်သဟမ်းနဲ့ ပြောဆိုပြီး ချာတိတ်ကို ချိုင်းကနေ ဆွဲမ,ခေါ်သွားတော့တယ်။

မျောက်ဝံနဲ့ချာတိတ်လေး စမ်းချောင်းဘက် ထွက်သွားမှ သစ်တုံးပေါ် ခေါင်းကုတ်ကျန်ခဲ့တဲ့ မျောက်ဝံကြီးဘေးကို ကျားအိုကြီးတစ်ကောင် ထော့နင်းထော့နင်းနဲ့ ရောက်လာတယ်။

မျောက်ကြီးက လှမ်းမေးတယ်။

"ဘယ်လိုလဲ. . . ခင်ဗျားလက်က သက်သာလား"

ကျားအိုကြီး ဆောင့်ကြောင့်ထိုင်ပြီး ညည်းညူသံနဲ့ သူ့လက်တစ်ဖက်ကို မြှောက်ကြည့်တယ်။

"ငါ့အထင်တော့ အရိုးအက်သွားသလား မသိဘူးကွ၊ ငါ့အရွယ်မှာ ကျိုးတာအက်တာတွေဖြစ်ရင် ပြန်မကောင်းနိုင်တော့ဘူး"

"ခင်ဗျားကို ဘယ်သူပြောလဲ"

"ငါတို့ ဘိုးဘေးကျားတွေလည်း ဒီလိုနဲ့ပဲ သေရတာပဲ ငါ့အဘိုးဆိုရင် မုဆိုးက လှံနဲ့ပစ်တာ လှံသွားနဲ့ မထိဘဲ. . လှံရိုးနဲ့ ရိုက်မိလို့ ညာလက်တစ်ဖက် ကျိုးခဲ့ဖူးတယ်ကွ၊ အဲ့ဒီအကျိုးကြီးနဲ့ပဲ နှုတ်ခမ်းချဉ်ဆီ ပုပ်ပြီးသေတာပဲ"

ကျားအိုကြီးရဲ့အတွေ့အကြုံကို မျောက်ဝံကြီး လက်ခံသွားပုံရပြီး သူ့လက်မောင်းက ဒဏ်ရာကို လှည့်ပြတယ်။

"ကျုပ်လက်ကိုလည်း ကြည့်ပါဦး. . . အရိုးအက်တာလား"

"ငါ့မျက်စိက သိပ်မကောင်းတော့ဘူးဟ မျောက်ကြီးရ၊ အရိုးထဲက ကိုက်နေတာမျိုးဖြစ်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး"

"ဒါဆို အရိုးမထိဘူး"

အဲ့ဒီအချိန်မှာ လေကလေး သိုးသိုးသွဲ့သွဲ့ တိုက်လာလို့ အောက်လျှိုထဲက သံပြိုင်ဟစ်ကြွေး သီဆိုနေတဲ့အသံတွေ ရောလွင့်ပါလာတယ်။

"ညီစေနော်. . တို့တောပျော်×××ကျူးကျော်လာရင် ဆော်ကြနော်×××အော်မြည်. . အချက်ပေး. . လက်မနှေးကြေး×××ဟေ့. . အပြေးတက်ကာဆော်. . ဘော်. . ဘော်. . ×××"

"ဘာတွေလဲဟ. . မျောက်ကြီးရ. . ဘာသံတွေလဲ"

"ဟာဗျာ. . . ဟိုင်းကြီးတို့ ပြောင်ကြီးတို့ ဦးဆောင်ပြီး အောင်သေအောင်သား စားကြတဲ့ အခမ်းအနား လုပ်ကြသတဲ့"

"ဟေ. . . ဘာတွေများ ကျွေးသတဲ့တုန်း"

"ဗျာ. . . ဘာကျွေးရမှာလဲ၊ မျောက်က ငှက်ပျောသီး၊ ဆင်က ကြံ၊ ကျားတွေ ကျားသစ်တွေ၊ ခွေးအတွေ လဒတွေ(လင်းတ)က မနေ့ကတိုက်ပွဲမှာ သေကုန်ကြတဲ့ ရန်သူ့အသား၊ ကြွံနဲ့တောဝက်တွေကတော့ မျှစ်ချိုးစားပေါ့ဗျ"

"ဟင်. . . သမင်၊ ဒရယ်၊ ဂျီငယ်၊ စိုင်၊ ဆတ်၊ ယုန်၊ ပဒပ်ကကော"

"ဆားတွင်းရှိတယ်ဗျာ. . . ဆားလျက်ပြီး ရေသောက်ပေါ့၊ ငှက်တွေကတော့ အလကားနေရင်း လန့်ပြေးတဲ့ကောင်တွေမို့လို့ ကိုယ့်စရိတ် ကိုယ်စားပြီး လာအော်ကြတာ"

"အေး. . . အဲ့ဒါ မင်းတို့ရော မသွားဘူးလား"





"ဟိုလူကောင်လေ. . . အဲ့ဒီကောင်ကြောင့် မသွားနိုင်တာ၊ တစ်ညလုံး ခိုညည်းသလို ညည်းနေလို့ ကောင်းကောင်းမအိပ်ရပါဘူး"

"အင်း. . . မင်းတို့ကိုက အပူရှာတာကိုးကွ၊ ဟိုးတုန်းကတည်းက ခွေးအတွေ စားပစ်တာကို ရှုးချင်ယောင်ဆောင်နေလိုက်ရင် ဒီဒုက္ခ ဘယ်ပါလာတော့မလဲ"

ဆိုတော့ မျောက်ကြီးခေါင်းကုတ်တယ်၊ အဲ့ဒီနောက် စမ်းချောင်းဘက် တစ်ချက်လှမ်းကြည့်ပြီး. . .

"အဲ့ဒါ ကျုပ်ကြောင့်မဟုတ်ဘူး. . . ကေလာသကြောင့်၊ ခင်းက ခင်ဗျားသိတဲ့အတိုင်း တောင်ခေါင်းထဲကနေ ထွက်ထွက်လာပြီး. . ဟောဟိုက မုမ္ဘလိန္ဒာအိုင်မှာ ကေလာလာသရင်း. . အဲ့ဒီပြဿနာကို တွေ့သွားတာ. . .

သူရောက်သွားတော့ လူကောင်ရဲ့အမေကို ခွေးအတို့အုပ်စုက စားပစ်နေပြီ၊ ဗိုက်ကိုက်ဖောက်ပြီး အူထွက်လာမှ အဲ့ဒီ လူကောင်လေး ယက်ကန်ယက်ကန် ပါလာတာလည်း မြင်ရော. . ကေလာသမနေနိုင်တော့ဘဲ ဆင်းမောင်းတာ၊ ပထမတော့ ခွေးအတို့အုပ်စုက သူတို့အစာကို ကေလာသ လုတယ်ဆိုပြီး သိပ်ကြည်တာ မဟုတ်ဘူး၊ တာ. . ဘွာ. . ဘွာ. . ဒုက္ခပါပဲ"

"ဟေ. . . ဘာဖြစ်တာလဲ"

"ဒုက္ခပါပဲ. . . ဒီအကြောင်းတွေ ဘယ်သူ့မှ မပြောရဘူးလို့ ကေလာသ,က မှာထားတာ၊ အခု ခင်ဗျားကို ပြောမိပြီဗျာ ပြဿနာပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာများလဲလို့၊ သောက်ကြီးမှ သောက်ကျယ်ကွာ၊ ငါသိတော့ရော ဘာဖြစ်လဲ"

"ခင်ဗျားလျှောက်ပြောလို့ သိကုန်ရင် လူကောင်နဲ့ ခွေးအတို့ အုပ်စု ပြဿနာတက်မှာပေါ့ဗျ"

"တက်တက်. . . သူများအသားဆိုရင် အာသာငမ်းငမ်းနဲ့ ဘီလူးတစ်ခြမ်းဖြစ်နေတဲ့ ခွေးအတွေကို လူကောင်မုန်းလို့ လိုက်သတ်လည်း သတ်ပစေကွာ. .၊ ငါလည်း မျက်စိနောက် သက်သာတယ်"

"အောင်မာ. . . ခင်ဗျားကရော သူများအသားကို မကြိုက်လို့လား"

"ဟော့ကောင်. . . ငါက ကျားသူတော်ကွ၊ အသားချင်း ကိုယ်ချင်းစာတယ်၊ သွားတွေ မကောင်းတော့ကတည်းက သက်သက်လွတ် စားနေတာ၊ မင်းတောင် သာခုခေါ် ရဦးမယ်"

"ဩော်. . ဩော်. . သေခါနီးမှ အသိတရားတွေ ရနေလိုက်တာ. . ကျွတ်. . . ကျွတ်"

မျောက်နဲ့ကျားတို့ စကားကောင်းနေတုန်း ကေလာသမျောက်ကြီးနဲ့ချာတိတ်တို့ စမ်းထဲက တက်လာကြတယ်။

"မြင်လား. . . ငါလုပ်ပေးတာ တစ်စက်မှ မအော်ဘူး"

"အော်မလား. . မင်းက ရေဆွတ်ပြီး ခွာပေးတာကိုး၊ ငါက ရေထိရင် အနာရင်းမှာစိုးလို့ အစိမ်းခွာတာ"

ကေလာသ နည်းနည်းအောင့်သက်သွားပေမယ့် ရေစိုနေတဲ့လက်နဲ့ သူ့ခေါင်းက ဦးဆံဖုတ်ကလေးကို ပင့်ကာပင့်ကာ သပ်





င်လိုက်တယ်။

ချာတိတ်ကလေးက ကျားကြီးဘေးက ကျောက်တုံးမှာ ထိုင်ရင်း. . .

"မနေ့က ဟိုကောင်တွေ တောကျွံတာ ဦးကျားကြီး ဘယ်လိုင်သလဲ"

"ဟေ. . . အဲ့ဒါ တောကျွံတာ မဟုတ်ဘူး၊ တောကျူးတာ၊ ကောင်တွေနေတဲ့ မြောက်ဘက်ခြမ်းက တောမီးလောင်ထားတော့ စာရေစာ ရှားလာတယ်၊ ရာသီဥတုကလည်း အပူလွန်ကဲလာလို့ နိုင်လည်း လိုချင်တယ်၊ အဲ့ဒါကြောင့် ငါတို့တောကို လာလုတာ"

"အမှန်တော့ မလုဘဲ မျှတပြီးနေရမှာဗျ၊ မနေ့က ကျုပ်ဲဒါကို ပြောမလို့ပဲ၊ ဟိုခွေးအတွေ အရင်စကိုက်တာနဲ့ အကုန်လုံး တုန်တော့တာ"

အဲ့ဒီအခါမှာ မျောက်ဝံက. . .

"နေပါ. . လူကောင်ရာ၊ မင်းက လူလိုတွေးပြီး ပြေလည်အောင် လုပ်ချင်ပေမယ့် တိရစ္ဆာန်တွေက လက်မခံဘူးကွ. . . ရှင်းသား"

ဒါပေမယ့် ချာတိတ်ပြောချင်တဲ့အဓိပ္ပါယ်ကို ကေလာသမျောက်က နားလည်တယ်။ ဒါကြောင့်. . .

"ဒီမှာ ပေတိုး. . . လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် စိတ်နဲ့ ကိုယ်နဲ့ တွဲနေတာချည်းပဲ၊ စိတ်ကြောင့် ဒေါသတွေ၊ အချစ်တွေ၊ အမုန်းတွေ ဖြစ်တတ်တယ်၊ ကိုယ်ကြောင့် ဆာလောင်မွတ်သိပ်မှုတွေ ဖြစ်တယ်၊ အဲ့ဒီတော့ စိတ်ထဲက ဒေါသနဲ့အမုန်းကို ဖယ်ပြီး ဆာလောင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကိုယ်ချင်းစာနာလိုက်ကြရင် မနေ့ကလို တိုက်ခိုက်တဲ့ပွဲတွေ ဖြစ်ပါ့မလား၊ မင်းရော၊ သူရော၊ တခြားသူတွေရော ဒဏ်ရာရကြ၊ သေကြပါ့မလား၊

လူကောင်ပြောချင်တာ အဲ့ဒါကွ၊ ဒါကြောင့် ဘယ်လိုပဲ တွေးတွေး အတွေးမှန် အနေမှန်ဖို့လိုတယ်၊ ပူလောင်တာထက် အေးချမ်းတာက သက်သာတယ်"

ကေလာသက စကားဖြတ်ပြီး သူ့ဘိုကေလေးကို သ,ပြန်တယ်။

"ဦးကေပြောတာ အမှန်ပဲ"

"အေး. . . မင်းတို့သားအဖပဲ မှန်ကြ၊ ငါတို့ကတော့ တိရစ္ဆာန်ပေ့၊ ပေါက်ပေါက်ရှာရှာ မတွေးဘူး၊ ဦးနှောက်စားတယ်၊ ပြန်တော့မယ်"

"အဲ့ဒါကြောင့် ခင်ဗျား ကျားဖြစ်ပြီး မြက်စားနေရတာ"

"ဟိတ်ကောင်. . . အဲ့ဒါ အသိတရားနဲ့ စားနေတာကွ၊ အသားစားချင်ရင် တပည့်မွေးလိုက်ရုံပဲ. . . ရှင်းလား"

မျောက်ကြီးကေလာသနဲ့ ပေတိုးတို့ ပခုံးတွန့်ပြပြီး မဲ့တဲ့တဲ့လုပ်ကြတယ်။

အဲ့ဒီအခိုက်မှာပဲ လျှိုထဲမှာကျင်းပတဲ့ အောင်သေအောင်သား စားပွဲကြီးလည်း ပြီးဆုံးသွားတဲ့အတွက် တိရစ္ဆာန်အပေါင်းတို့ကို ဟိုင်းဆင်ကြီး ဦးဆောင်ပြီး လျှိုထဲကနေ တက်လာကြပါတော့တယ်။

၅ ၅ ၅ ၅





မနေ့က အောင်သေအောင်သားစားပွဲကို ယုန်များအသင်းနဲ့ ကိုယ်စားလှယ်အနေနဲ့ ယုန်ပညာရှိ ဦးခေါ်တစ်ကောင်တည်း တက်ရောက်ခဲ့တဲ့အတွက် ဒီနေ့ ယုန်အပေါင်းတို့ကို တောနေတွင်းအောင်း သစ်ခေါင်းမကျန် ဆင့်ခေါ်ပြီး အတွေ့အကြုံ ရှင်းလင်းပွဲနဲ့ ယုန်ထုအစည်းအဝေးပွဲကြီး လုပ်ကြတယ်။

တက်ရောက်လာတဲ့ ယုန်တွေအားလုံးကို မုန်လာဥနီတခဲလုံးစီနဲ့ ဧည့်ခံပြီး ဦးခေါ်က စတင်မိန့်ခွန်းပြောကြားတယ်။

"ယုန်သူယုန်သားအပေါင်းတို့. . . မနေ့က ကျူပ်တက်ရောက်ခဲ့တဲ့ပွဲဟာ အလွန်ပဲ ကြီးကျယ်ခမ်းနားပြီး အလွန်ပဲ စည်ကားသိုက်မြိုက်ပေတယ်၊

တို့တောက လက်ရှိပေါက်နေတဲ့ ပေါ့သ်အဆိုတော်တွေရော၊ ရော့ခ်အဆိုတော်တွေပါ ဧည့်ခံဖျော်ဖြေတဲ့အတွက် မထင်



www.burmeseclassic.com

www.burmeseclassic.com



မှတ်နိုင်လောက်အောင် စည်ကားပါပေတယ်၊ ဒီလိုကြီးကျယ်ခမ်းနားအောင် ဆင်ကြီးများဖြစ်ကြတဲ့ ဦးဟိုင်းကြီးနဲ့ ဦးပြောင်ကြီးကိုယ်တိုင် ဦးစီးပြီး လုပ်ဆောင်တာဖြစ်တယ်၊ ထုံးစံအတိုင်း စစ်ပွဲအောင်တဲ့အတွက် အောင်သေအောင်သားစား၊ အောင်ပွဲတေး၊ ညီညွတ်ရေးတေးတွေ သီဆိုပြီး အခန်းအနားကို တပျော်တပါး ရုပ်သိမ်းခဲ့ကြတာဖြစ်တယ်၊

ပွဲအတွေ့အကြုံကတော့ ဒီလောက်ပါပဲ၊ ဒီနေရာမှာ ကျုပ်တို့ယုန်တွေ သတိထား ဆင်ခြင်စရာတွေ ရှိတယ်၊ ပွဲတော်ရဲ့ရလဒ်အရတော့ တောနေတိရစ္ဆာန်အချင်းချင်း စည်းလုံးညီညွတ်ရမယ်၊ အနိုင်ကျင့် ဗိုလ်ကျစိုးမိုးတာမျိုး မလုပ်ရဘူးဆိုတဲ့ အခြေခံစည်းကမ်းတွေ ပေါ်ထွက်လာပေမယ့် အသားစား တိရစ္ဆာန်အချို့ကို ယုံကြည်ထားလို့မဖြစ်နိုင်ဘူး၊ အထူးသဖြင့်. . . ခွေးအ,အုပ်စုဟာ အလွန်ပဲ သွေးဆာသူတွေဖြစ်တယ်၊

ကျုပ်တို့ယုန်တွေဟာ ကမ္ဘာဦးကတည်းက ယနေ့ထိ နူးညံ့သိမ်မွေ့သူတွေဖြစ်လို့. . ကြမ်းတမ်းရက်စက်တဲ့ အသားစားတွေရဲ့ အန္တရာယ်ကို သတိချပ်နိုင်မှ တော်ကာကျမယ်၊ ပြူးကျယ်ပြီး ဝိုင်းစက်လှပတဲ့ ကျုပ်တို့မျက်လုံးတွေ၊ ငွားငွားစွင့်စွင့်ရှိလှတဲ့ နားရွက်တွေနဲ့ နီလျှမ်းတဲ့နှာသီးဖျားတွေကို အသက်အန္တရာယ် ကာကွယ်ရေးအတွက် အထူးအသုံးချဖို့ လိုအပ်တယ်၊

ကဲ. . . ကျုပ်ပြောချင်တာ ဒီလောက်ပါပဲ၊ အားလုံး မုန်လာဥနီ စားပြီး ကိုယ့်အိမ်ကိုယ်ပြန်နားကြပါစို့”

ယုန်ထုအစည်းအဝေး ပြီးဆုံးကြောင်း အခမ်းအနားမှူး





ယုန်ငယ်တစ်ကောင်က ထပ်ဆင့်ကြေညာပေးလိုက်လို့ အားလုံး ဝမ်းသာအားရ ပလုတ်ပလောင်း စားသောက်ပြီး ပြန်သွားကြတယ်။ အခမ်းအနားမှူးယုန်ငယ်နဲ့ ပညာရှိယုန် နှစ်ကောင်တည်းကျန်မှ ပညာရှိယုန်က ပြောတယ်။

“မင်း အကုန်လုံး ပြန်ကျွေးလိုက်တာလားကွ”

“ဟဲဟဲဟဲ. . . ဆရာ့တပည့်က ဒီလောက်ဘယ်ညံ့ပါ့မလဲ၊ မန်ပိုဥအဖြစ် သုံးဥစီ ကောက်ထားတဲ့အထဲက. . တစ်ဥပဲ ပြန်ကျွေးလိုက်တယ်”

“အေး. . အေး. . လုပ်ကွာ၊ ငါလည်း ဆာပြီ”






www.burmeseclassic.com

www.burmeseclassic.com

# ‘ဆင်တစ်ကောင်ရဲ့အိပ်မက်’

သေလာရဂုံ ဖွေ၀ဠာ ကြုံသနင်း
စွယ်စုံဆင်မင်း ငါပင်ဖြစ်တော့သတည်း…။
“ဒီကောင်မျိုးကြီးမှ ကျူးသွင်းပြီး
သစ်ကွင်းထဲ နိုင်းကောင်းတာ
ပစ်ဖမ်းကွာ”
“ဖွတ်…”
“မငီးဗျ၊ မေ့ဆေးထင်တယ် ရှင်မရေ…”







## အခန်း-သုံး

**ဆောင်း**လယ်ရာသီဖြစ်လို့ တောတောင်ရေမြေက ခြောက်သွေ့အေးမြနေတယ်။ ဒီလိုရာသီရဲ့အလှတရားကို သူငဲ့ခံစားတတ်ပုံက တစ်မျိုးလေး။

ဆောင်းရာသီမှာ ညှော်သည်တွေကလည်း ၀င်လာမစဲ တသဲသဲ ဆိုတော့ကာ. . ဒေသခံ ဗိုသတ္တ၀ါ မသတ္တ၀ါတွေရဲ့ စိတ်မှာ. ဘာလိုလို ခံစားလာမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နွေတစ်မိုးလုံး အမြင်ရိုးရိုး အခင်ရိုးရိုး ရှိကြပေမယ့် ဆောင်းကာလမှာ ဆောင်းခိုငှက်တွေ၊ ဝက်ဝံတွေ အခြားသားရဲ တိရစ္ဆာန်တွေ ဆောင်းခိုဖို့ တစိမ့်စိမ့် ရောက်လာပြီဆိုရင်ပဲ အမြင်တွေဆန်း၊ အခင်အမင်တွေ သရမ်းလာကြတယ်။

မျက်နှာစိမ်းတွေ မဟုတ်လား၊ ကိုယ်နဲ့ မြေရေ သဘာဝ မတူတဲ့အရပ်က လာကြတော့ ကိုယ့်မျက်လုံးထဲမှာ တသွေးတမွေးတွေ ဖြစ်နေသလိုလို ဘာလိုလို၊ သူတို့ကလည်း ကိုယ့်ကို ကြည့်ပြီး အီစီကလီတွေ ဖြစ်လို့ဖြစ်နဲ့. . .။

"ရှိုးလှချည်လား မြီးတိုရ"

"အသစ်ကလေးကွ. . . မနေ့ကမှ သူ့အိုမကြီးတစ်ကောင် ဦးစီးပြီး ရောက်လာတာ"

"ဟုတ်လား. . . ကြည့်ရတာ သူတို့ဆီမှာ မိခင်အုပ်ထိန်းသောခေတ်က မကုန်သေးဘူးနဲ့တူတယ်"

"မဟုတ်ပါဘူးကွာ. . . သူတို့ပြောနေတာတော့ ဒီနှစ် ရွေးကောက်ပွဲ လုပ်ပြီးမှ အသစ်တက်လာတဲ့ ဝန်ကြီးချုပ်လို့ ပြောနေကြတာပဲ"

မျောက်နှစ်ကောင် အပြန်အလှန် တီးတိုးသဖန်းပိုး လုပ်နေတုန်း သူတို့အနားကို လူကောင်ရောက်သွားတယ်။

"မင်းတို့ညီအစ်ကို ဘာတွေ မရိုးမသား ကြံစည်နေပြန်ပြီလဲ"

"ဟဲဟဲဟဲ. . . အသစ်ကလေးလေ. . . ဟိုမှာ. . ဟိုမှာ ခိခိခိ. . ."





"မင်းတို့ အမှတ်မရှိဘူးလား၊ မနှစ်က ဒီလိုအချိန် ဟိုကောင် အမြဲပြတ်ခဲ့ပြီ၊ ဒီနှစ် မင်းအလှည့်ပဲ ခါးရှည်"

"ဖွီ. . . မဦးမချွတ်ကွာ"

"ဒါဆိုလည်း ကိုယ့်စည်းကမ်းနဲ့ ကိုယ်နေကြ၊ ငါ့ကို ဦးကေ ထိုက်မှာခိုင်းတာ ပြောတာ၊ ကဲ. . . ဟိုဘက်အုပ်စုဆီ လစ်လိုက်ဦးမယ်"

လူကောင် ထွက်သွားမှ ခါးရှည်ဆိုတဲ့မျောက်က. . .

"သောက်ရေးထဲ. . . အဲ့ဒီအမြီးမပေါက်တဲ့မျောက်က တမှောင့်. . . ဖီးလ်ငုပ်တယ်ကွာ"

လူကောင်ရောက်သွားတဲ့အချိန်မှာ ဝက်တောင်းကြီး လင်ယောအပိုင်တဲ့ စိန်တစ်လုံးဆိုင်မှာ မျောက်တွေ အတော်စည်ကားနေတယ်။ စိန်တစ်လုံးဆိုင်ဆိုတာက စိန်တစ်လုံးသရက်ပင် ဆယ်ပင်လောက် ပေါက်ရောက်နေတဲ့နေရာကို ပြောတာပါ။

ဒီနေရာက ဝက်တောင်းကြီးရဲ့ ဘိုးဘွားပိုင်မြေနေရာ ဖြစ်နေတော့ သူ့ပိုင်နက်ထဲက သရက်သီးကို စားချင်ရင် သူတို့ကြိုက်တဲ့ဆောင်သလဲသီးတို့၊ မျှစ်တို့ကို မျောက်တွေက အဖိုးအခအဖြစ်ပေးပြီး သရက်ပင်ပေါ် တက်ခူးစားသောက်ကြရတယ်။

တစ်နည်းအားဖြင့်တော့ စိန်တစ်လုံးဆိုင်ဟာ မျောက်ကာလသားတွေ စုဆုံရာ နေရာလေးလည်း ဖြစ်ပါတယ်။

"ဟေ့. . . လူကောင် လာလေကွာ"

တစ်ပင်ထဲမှာ ငါးကောင်လောက် ပြုံခဲနေတဲ့ဝိုင်းက မျောက်ကြီးပြုံးချို လှမ်းခေါ်လို့ လူကောင် အဲ့ဒီနေရာကို ရောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူကောင်က အကောင်ဝိတ်တွေနဲ့ အပင်အကိုင်းကို ခန့်မှန်းပြီး. . .

"ကျိုးကျရင် အကုန်သေကုန်တော့မှာပဲ၊ ဒါ. . သရက်ပင်ဟ မျောက်မသားတွေရဲ့"

"အောင်မာကွာ. . အပင်အကြောင်း မျောက်ထက် မင်းက ပိုသိနေရလား၊ ငါတို့ ထိုင်နေတယ်ဆိုတာ ကိုယ်ဖော့ပညာ ပါတယ်၊ မင်းရော အနာသက်သာသွားပြီလား"

"အေး. . . ချိုလား၊ ငါ့လည်း ပေးဦး"

"ရော့. . . စိန်တစ်လုံးပါဆိုမှ ချိုလား မေးနေသေးတယ်"

လူကောင်လည်း သရက်ကိုင်းတစ်ကိုင်းမှာ ခြေထောက်နဲ့ ချိတ်ခိုပြီး မျောက်ပစ်ပေးတဲ့သရက်သီးကို မျောက်စား,စားနေလိုက်တယ်။ အဲ့ဒီအချိန်မှာပဲ လူကောင်ရောက်လာလို့ ပြတ်သွားတဲ့ စကားဝိုင်းကို ပြန်စကြပါတယ်။

"အင်း. . . ပြောပါဦးကွ၊ ကိုပေတိုးကြီး ဘာဖြစ်တယ်"

"ဖွန်ကြောင်နေတယ်"

"ဟင်. . . ဘယ်သူနဲ့လဲ"

"ခါးရှည်ရဲ့ အစ်မ မိချောနဲ့ကွ၊ မနေ့ညက လျှိုစောင်းမှာ. . အို. . ကောင်းနေလိုက်ကြတာ"

"မင်းမြင်လို့လား"

"သေသေချာချာ ချောင်းကြည့်လာခဲ့တာ၊ မြင်သလား မမေးနဲ့"

"ဟာ. . . ဒါဆို ကောင်ဆိုးနဲ့ ပြဿနာပေါ့ကွ"





"ဟင်. . . ဘာလို့လဲ"

"ဟ. . . မိချောက ကောင်ဆိုးနဲ့လည်း ဖြစ်နေကြတာလေ"

"ဟုတ်ရဲ့လားကွာ"

"ဩော်. . . အဲ့ဒါ တစ်တောလုံး သိတယ်"

လူကောင်ကြားသွားပြီး မျက်လုံးပြူးသွားတယ်။ ဒီကိစ္စ ဦးတောကို အမြန်အသိပေးပြီး ကိုပေတိုးကြီးကို တားခိုင်းရမယ်လို့လည်း တွေးလိုက်တယ်လေ။

အဲ့ဒီအချိန်မှာပဲ ယုန်တွေ တလွှားလွှားနဲ့ ပြေးတက်လာကြလို့ လူကောင် အတွေးပြတ်ပြီး နွယ်ကြိုးတွေဆီကနေ အပေါ်လမ်းအတိုင်း မီအောင်လိုက်သွားတယ်။

"ဟော့. . . ဘာဖြစ်လာကြတာလဲ"

"လူ. . လူ. . လူတွေ့တယ်"

"ဘယ်မှာလဲ"

"ဟိုဘက်တောင်ကြောအဆင်းမှာ"

သူ ဆက်မလိုက်တော့ဘဲ နွယ်ကြိုးတစ်ချောင်းမှာ တန်းလန်းလေး ကျန်ရစ်ပြီး တွေဝေသွားတယ်။

လူတဲ့. . လူဆိုတာ ဘယ်လိုသတ္တဝါမျိုးပါလိမ့်၊ ဖြူနဲ့ လူက အသံနည်းနည်းတူတယ်။ လူက ဖြူလိုအကောင်မျိုးပဲလား။

လူကောင် တွေးလေလည်လေဖြစ်ပြီး နောက်ဆုံးတော့ ဦးတောဆီ ရောက်သွားပါတယ်။ ကေလာသက သူ့ရဲ့အဖေဆိုလည်းဟုတ်၊ အုပ်ထိန်းသူလို့လည်း ပြောလို့ရတယ်လေ။

လူကောင်လေး နီတာရဲလေးဘဝကတည်းက နို့ဘူးတိုက်



www.burmeseclassic.com

www.burmeseclassic.com



. . အဲ. . အဲ. . သစ်သီးရည်လေး ညှစ်တိုက်ပြီး ဒီအရွယ်အထိ ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့သူ မဟုတ်လား။

ဘိုကေလေးတသသနဲ့ ကျောက်တုံးပေါ်မှာ သစ်ချသီး ထုခွဲစားနေတဲ့ ကေလာသဆီ အမောတကော ရောက်သွားတယ်။

"ဦးကေ. ."

"ဟေ. . . မင်းပြန်လာပြီလား၊ ဟိုကောင်တွေကို သေချာမှာခဲ့ရဲ့လား"

"မှာခဲ့တယ်"

"အေး. . ပြီးရော. . မျောက်နဲ့ပတ်သက်ရင် ငါ့မှာ တာဝန်ရှိတယ်၊ ကျန်တဲ့ကောင်တွေ ဘာဖြစ်ဖြစ်ကွ၊ မင်းရော သစ်ချသီးစားမလား"

"မစားတော့ဘူး. . . ဦးတောင်းကြီးဆိုင်မှာ စိန်တစ်လုံးစားလာခဲ့တယ်"

"ဟာ. . . ငါ့ဖို့တောင် မယူလာဘူးကွာ"

"ပြီးမှ တောင်သလဲသီး ရှာပြီး သွားလဲပေးမယ်၊ သတင်းတစ်ခု ထူးတယ်"

"ဘာလဲ"

"ယုန်တွေ လူတွေ့လာတယ်တဲ့"

"ဟေ. . ."

"ဟိုဘက်တောင်ကြောအဆင်းမှာတဲ့ဗျ"

"ဟာ. . . အဲ့ဒါ မကောင်းဘူးကွာ"

ကေလာသ စိတ်ပူပန်သွားပေမယ့် ဘိုကေကိုတော့ တစ်





ချက်နှစ်ချက် သပ်တင်လိုက်တယ်။

"ဘာမကောင်းတာလဲဗျ. . . လူက ဘယ်လိုကောင်မျိုးလဲ"

"ဟင်. . . မင်းလေ. . . မင်းလိုကောင်မျိုးပေါ့ကွ"

ချာတိတ် အတော့်ကို စိတ်ရှုပ်သွားပုံပါပဲ။ ခေါင်းတွေ ကုတ်ပြီး ကျောက်တုံးမှာ ဝင်အထိုင် သစ်ချသီးအခွံကွဲပေါ် ထိုင်မိလို့ ဖင်ခုနဲ့ အော်ပြီး ထခုန်ပစ်ပါတယ်။

"သစ်ချခွံပါကွ. . . မင်းကလည်း"

"ဖင်စူးသွားလို့"

"လာကွ. . . ငါတို့ လူအခြေအနေ သွားကြည့်ရအောင်"

လူကောင်က ကေလာသလက်ကို ဆွဲပြီး လိုက်လာရင်း မေးတယ်။

"ကျုပ်ကို လူအကြောင်းပြောပြဗျာ ဦးကေ"

"ဘာခက်လဲကွာ. . . မင်းအကြောင်း မင်းစဉ်းစားလိုက်ပေါ့ ဒါပေမယ့် လူချင်းတူလည်း မင်းနဲ့တော့ တူမှာမဟုတ်ဘူး"

"ပြောပါဦး"

"မင်းက လူပေမယ့် ငါမွေးလို့ မျောက်ဖြစ်နေပြီ၊ တိရစ္ဆာန်တွေ စကားလည်း မင်းက နားလည်တယ်၊ ပြန်လည်း ပြောနိုင်တယ် သူတွေက ငါတို့ဘာသာစကားကို မပြောတတ်ဘူးကွ၊

ငါတို့ဘိုးဘေးတွေ ပြောတာကတော့ ကမ္ဘာဦးတုန်းက သတ္တဝါမှန်ရင် ဘာသာစကားတစ်ခုတည်းကိုပဲ ပြောကြတယ်တဲ့ ဒီနောက်ပိုင်း တဖြည်းဖြည်း ကိုယ့်မျိုးနွယ်နဲ့ကိုယ် အပြောအဆို ကွဲပြားလာပြီး မျိုးနွယ်တစ်ခုနဲ့တစ်ခု နားလည်အောင် ပြောမျှင်ရင်



www.burmeseclassic.com

www.burmeseclassic.com



'မာဂဓ'ဘာသာကို သုံးရတယ်တဲ့၊ ခုတော့ မာဂဓတွေ၊ မာလကာသီး တွေ ဘယ်တွေရောက်ကုန်မှန်း မသိတော့ပါဘူးကွာ၊ အဲ့ဒီအထဲမှာ မင်းကတော့ ကော်တာပဲ"

"ဘာဖြစ်လို့လဲ"

"ဟ. . . မင်းက လူဖြစ်ပေမယ့် တိရစ္ဆာန်နဲ့ စကားပြောနိုင် တယ်လေ၊ ဒါနဲ့ လူစကားရော မင်းပြောတတ်လား၊ ဟုတ်တယ်. . . ငါလည်း အဲ့ဒါကို မေ့နေတာ"

"ကြဲကြဲဖန်ဖန် ဦးကေရာ၊ ကျုပ်က ဘယ်လိုလုပ် လူစကား ပြောတတ်မှာလဲ"

"ဟာ. . . မင်း လူဖြစ်ပြီး လူလို မသိတဲ့ကောင်ပဲကွ. . . ခွိခွိခွိ. . ."

ကေလာသက သူ့စကားနဲ့သူ သဘောကျပြီး ရယ်လို့ ချာ တိတ်လည်း ဘုမသိဘမသိ လိုက်ရယ်တယ်။

"ခွိခွိခွိး"

"ဟော့ကောင်. . . လူလို ရယ်လေကွာ"

"ဝု. . . အူ. . . ဝုအူ. . . ဝုအူ. . . ဝုး. . . အူး"

ရုတ်တရက် ဆွဲဆွဲငင်ငင် အူလိုက်တဲ့ ခွေးအ,အူသံ ကြား လိုက်ရလို့ ကေလာသနဲ့ လူကောင်တို့ တုံ့ခနဲ ရပ်ပြီး နားစွင့်ကြည့် လိုက်ကြတယ်။

"ဟိုကောင်တွေ အမဲကောင် တွေ့နေပြီ ဦးကေ"

အဲဒီနောက် ကေလာသက သူ့ခန္ဓာကိုယ်ကြီးနဲ့ မလိုက်ဖက် လောက်အောင် ပေါ့ပါးသွက်လက်မှုမျိုးနဲ့ သစ်ပင်ကြီးတစ်ပင်ပေါ် သို့





အများရောက်အောင် တက်သွားပါတော့တယ်။

"ဘာတွေ့လဲ"

လူကောင် အောက်ကနေ လှမ်းမေးပေမယ့် ကေလာသ ဖြေဘဲ ပြန်ဆင်းလာတယ်။

အောက်ကို ရောက်တယ်ဆိုရင်ပဲ. . .

"ဟိုကောင်တွေ ဒုက္ခပေးတော့မယ်၊ လာ. . . ငါတို့ အချိန် မီရောက်မှ ဖြစ်မယ်ဟ"

ကေလာသ ပြောလည်းပြော ပြေးလည်းပြေးဆိုတော့ လူ ကောင်လည်း မီအောင်လိုက်ရင်း မေးတယ်။

"ဘယ်လိုဒုက္ခပေးမှာလဲ"

"ဒီကောင်တွေရဲ့အမဲက လူတွေ၊ ဧကန္တ ယုန်တွေ တွေ့ခဲ့ ဘယ်ဆိုတဲ့ လူပဲ ဖြစ်ရမယ်၊ တောင်ခြေမှာ. . ."

"အင်းလေ. . . အဲ့ဒါက ဘာဒုက္ခပေးမှာလဲ"

"လူမို့လို့ပေါ့ကွ. . . သတ္တဝါတွေထဲမှာ ဒီလိုသတ္တဝါမျိုးက V.I.P ပဲ၊ ငါတို့အကောင် တစ်ထောင်သေသွားပစေ ပြဿနာမရှိဘူး၊ လူတစ်ယောက် ငါတို့ကြောင့် သေသွားရင် နောက်ထပ်လူတွေ အများကြီးရောက်လာပြီး ပြဿနာရှာရောကွ၊ မင်းတုန်းကလည်း ဒီလိုပဲ"

"ဗျာ. . . ကျုပ်တုန်းက. . ."

လွှတ်ခနဲ ပြောမိပြီးမှ မှားမှန်းသိသွားသော ကေလာသ တစ်ကောင် နည်းနည်းအူကြောင်ကြောင် ဖြစ်သွားတယ်။ အမူအရာက ရှူချင်ယောင်ဆောင်လိုက်တဲ့ပုံပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီပြဿနာကို ဘယ်သူမှ အစမဖော်ကြေးလို့ သူကိုယ်တိုင် တားမြစ်ထားတဲ့ကိစ္စ. . . အခု သူကိုယ်တိုင် အစထုတ်မိသွားပြီ မဟုတ်လား။ ချာတိတ်ကလည်း တကယ့်စပ်စု။

"ဦးကေ. ."

"ဟေ. . ."

"ကျုပ်တုန်းကဆိုတာ ဘယ်လိုလဲ"

"မင်းလည်း အမေးအမြန်း ထူလိုက်တာကွာ၊ မောရတဲ့ အထဲ. . . ဟောဟဲ"

"ဟာ. . . ပြောဗျာ၊ ကျုပ်ကိစ္စပဲ. . . ကျုပ်သိချင်တယ်"

ကေလာသ ပြေးရင်းလွှားရင်းနဲ့ ခေါင်းကြပ်အောင် စဉ်းစား လာတယ်၊ ဖုံးလို့ရမှာ မဟုတ်တော့ဘူးဆိုတာ သိနေတော့. . .

"အေး. . . ပြောမယ်၊ လောလောဆယ် ဟိုပြဿနာရှင်း မယ်. . . မြန်မြန်"

၅ ၅ ၅ ၅





ဦးသီလ ဆေးမြစ်တစ်မျိုးကို အတော်ရှားရှားပါးပါး ရလိုက် လို့ဝမ်းသာပြီး နောက်ထပ်များ တွေ့လေဦးမလားလို့ အာရုံစိုက်ပြီး ရှာနေချိန်မှာ အန္တရာယ်ကို မေ့နေတယ်။

"ဝေါင်း. . . ဝေါင်း. . . ဂဲ. . ."

"ဟာ. . ."

သူ့ပတ်ပတ်လည် ကိုက်ငါးဆယ်လောက်ကနေ ဝိုင်းပတ် ပိတ်ဆို့ပြီး သူရှိရာနေရာကို ချဉ်းကပ်လာနေတဲ့ ခွေးအ,အုပ်ကြီး ကြောင့် ဇောချွေးပြန်သွားပြီး ပြေးလို့လည်း လွတ်မှာမဟုတ်တော့ တဲ့အတွက် အနီးဆုံး သစ်ပင်ကြီးပေါ် ကုတ်ဖွဲ့တက်ပြေးတယ်။

ခွေးအတွေကလည်း သစ်ပင်အောက်ကို တစ်မုဟုတ်ချင်း ရောက်လာပြီး ခုန်ခုန်ဆွဲကြနဲ့ ဦးသီလခမျာ သီသီလေး လွတ်ခဲ့ရလို့ ခြေတွေလက်တွေတောင် တုန်နေရှာတယ်။ ဒီကောင်တွေက ဆင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ကောင်လုံးတောင် ဖျက်စားတဲ့ကောင်တွေလေ။

"ဟော့ကောင်တွေ နောက်ဆုတ်ကြစမ်း"

အပြေးအလွှားရောက်လာတဲ့ ကေလာသနဲ့ချာတိတ်တို့ကြောင့် ခွေးအတွေ အာရုံပြောင်းသွားတယ်။ အပင်ခွကြားမှာ ကြောက်ဒူးတုန်နေတဲ့ ဦးသီလလည်း မယုံကြည်နိုင်စရာ တွေ့မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် စောစောက ကြောက်စိတ်တွေဘာတွေ လွင့်ပျောက်ကုန်ပြီး မှင်သက်မိသွားတယ်။

ကေလာသ လှမ်းအော်တော့ ခွေးအ,အုပ်စုထဲက ခေါင်းဆောင် တီဂေါလော အမြီးတထောင်ထောင်နဲ့ ထွက်လာတယ်။

"ဘာလဲ ကေလာသ၊ ဒါ သရက်သီး ခူးစားနေတာ မဟုတ်ဘူး၊ အမဲလိုက်နေတာ"

"ငါသိတယ်. . . မင်းတို့လိုက်နေတာ အမဲကောင် မဟုတ်ဘူးကွ၊ ငါတို့ တစ်တောလုံး တစ်တောင်လုံး အမွှေခံရမယ့် အမွှေကောင်၊ ငါပြောတာ မင်းပေါက်လား"

"ဘာကောင်ဖြစ်ဖြစ်ကွာ. . မင်းဒိုး. . ဒိုးတော့"

"မင်းတို့ သူ့ကို လွှတ်ပေးလိုက်ပါ၊ ပြဿနာမလုပ်ပါနဲ့ကွာ၊ အစားတစ်လုတ်ကြောင့် အားလုံးဒုက္ခရောက်ကြရလိမ့်မယ်ဟ"

ဦးသီလစိတ်ထဲ ထူးတော့ထူးဆန်းတယ်လို့တော့ ထင်မိတယ်။ မျောက်ဝံကြီးနဲ့ခွေးအကြီး တစ်ကောင်နဲ့တစ်ကောင် ရန်စောင်ပြီး အော်လားငေါက်လား မာန်ဖီလားနဲ့ ဖြစ်နေကြတဲ့အချိန်မှာ ချာတိတ်က သူ့ကို မမှိတ်မသုန် လှမ်းကြည့်နေတယ်လေ။

အံ့ဩစရာကောင်းတာက အဲ့ဒီချာတိတ်ကိုတော့ ဒီခွေး





တွေက စိတ်မဝင်စားဘဲ သူ့ကိုမှ ငန်းငန်းတက် စားသောက်ပစ်ချင်နေတာလေ။ ကြည့်ရတာ ဒီကောင်လေးနဲ့ ဒီကတိရစ္ဆာန်တွေ အဆော်ရင်းနှီးပတ်သက်နေတာ သေချာတယ်ပေါ့။

အဲ့ဒါကြောင့် ဦးသီလ အကြံတစ်ခုရသွားပြီး ချာတိတ်ကို လှမ်းခေါ်လိုက်တယ်။

"ဒီ. . ဒီမှာ. . ကောင်လေး၊ ဟေ့. . ဟေ့. . ဒီမှာ. ."

သူ့အသံကြားတော့ ခွေးတွေ ဟောင်ကြ၊ အူကြနဲ့ ဆူကုန်ပါရောလား၊ အဲ့ဒီအခိုက်မှာ မျောက်ဝံနဲ့ ရန်စောင်နေတဲ့ခွေးကြီးက ခေါခနဲ လှမ်းဟိန်းဟောင်ပစ်လိုက်တယ်။

မဆူကြနဲ့ကွလို့ အဓိပ္ပါယ်ရသလား မဆိုနိုင်ဘူး အားလုံးတိခနဲ ငြိမ်သွားပြီး တအိအိ ညည်းသံလောက်နဲ့ ဂနာမငြိမ်တွေဖြစ်သွားကြတယ်။ သေချာတာကတော့ အဲ့ဒီကောင်ကြီးက သူတို့ခေါင်းဆောင်ပဲဆိုတာကို သဘောပေါက်သွားတယ်။ ကြားဖူးနားဝရှိသလောက် ခွေးအတွေနဲ့ ရင်ဆိုင်ရရင် ခေါင်းဆောင်ခွေးကို နာကျင်အောင်လုပ်၊ ကျန်တဲ့ကောင်တွေ အားလုံးပြေးတယ်ဆိုတာ သတိရသွားတယ်။ အဲ့ဒါကြောင့် သူ့ဆေးလွယ်အိတ်ထဲ လိုရမယ်ရ ထည့်ယူလာတဲ့ ေလာက်လေးခွကို နှိုက်ယူလိုက်ပါတော့တယ်။

"ကောင်းပြီ ကေလာသ၊ မင်းသိပ်စွာချင်တယ်ဆိုရင်တော့ ဒီနေရာမှာ မင်းနဲ့ငါ ဝမ်းဘိုင်ဝမ်း ဆွဲလိုက်ကြရုံပေါ့၊ အေး. . မင်းကို ငါနိုင်ရင် ငါတို့အုပ်စု နောက်ဆုတ်မယ်၊ မင်းရှုံးရင် မင်းအသားကို ငါတို့ စားမယ်"

တီဂေါလောရဲ့စကားက လူကောင်ရဲ့ရင်ကို ထိစေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကေလာသက ဘယ်သူမှတ်လို့လဲ။ အဲ့ဒါကြောင့် ကေလာသရှေ့ကို လှစ်ခနဲ ဝင်ရပ်လိုက်ပြီး တီဂေါလောနဲ့ မျက်နှာချင်းဆိုင်လိုက်တယ်။

"ခွေးမသား. . . မင်း ဒီလောက်ခွေးကျင့်ခွေးကြံ့ကြံချင်ရင် မင်းနဲ့ငါ ချမယ်"

"ဘာ. . လူလွန်မသား၊ မင်းလို မလောက်လေး မလောက်စား အကောင်က"

"လူကောင်. . . မင်းဖယ်စမ်း"

"ဦးကေ. . . အသာနေ၊ ကျုပ် ဒီကောင့်ကို ဖွဲ့မယ်"

"ဟေ့. . . မင်းမဖြစ်ဘူး လူကောင်ရာ"

ကေလာသ တားဆီးနေတဲ့ကြားက ချာတိတ်ရဲ့ခြေတစ်ဖက် လျှပ်ပြက်သလို လွင့်တက်သွားပြီး တီဂေါလောရဲ့ နှာနုတည့်တည့်ဆီ ဖြတ်ဝင်သွားတော့တယ်။

"ဂိန်. . . အိုင်"

"အားလာလာ. . . လူလွန်မသား. . . မင်းသေပြီ"

"ဝေါင်း. . . ဟောင်း"

ထင်မှတ်မထားဘဲ ဖြစ်ပေါ်လာတဲ့ ရင်ဆိုင်သတ်ပုတ်ပွဲက ဦးသီလရဲ့အကြံအစည်ကို ဆုတ်ဆိုင်းစေပြီး ပစ်ခတ်ဖို့ မစွမ်းသာဘူး ဖြစ်နေတယ်။ လူနဲ့ခွေး အသက်လုပွဲဆိုပေမယ့် ငယ်ရွယ်နုနယ်သေးတဲ့ လူငယ်လေးအတွက် ဦးသီလ စိုးရိမ်နေမိတယ်။

ဒါပေမယ့် ယုံချင်စရာ မရှိလောက်အောင် သွက်လက်ထက်မြက်လွန်းတဲ့ ချာတိတ်ရဲ့သတ်လုံးသတ်ကွက်က ကျားပေါက်တစ်ကောင်လို ခွန်အားကြီးပြီး ရက်စက်ပြင်းထန်တာကြောင့် ခွေးကြီး





မှာ ကျားဆွဲခံနေရသလို လိမ့်နေတယ်။

"ဟင်. . ."

သူကြည့်နေရင်းက တစ်ကြိမ်မှာ ချာတိတ်နောက်ကျွမ်းပစ်ပြီး ပြန်အကျ ကျောက်ခဲစောင်းပေါ် ခြေကျသွားတဲ့အတွက် အကျတော်ဘဲ ချော်လဲသွားတယ်။ ခွေးအကြီးလည်း ဟန်ချက်ပျက်ပြီး တော်လက်လန်သွားတဲ့ချာတိတ်ကို အပိုင်ခုန်အုပ် တိုက်ခိုက်ကိုက်ခဲ ပါတော့တယ်။

"ဟာ. . . သေပြီထင်တယ်"

ဦးသီလ တွေဝေမနေတော့ဘဲ လက်ထဲအသင့်ရှိနေတဲ့ သောက်လေးခွနဲ့ ချိန်ရွယ်ပစ်ခတ်တယ်။ ခဲသီးက ခွေးအရဲ့ခါးရိုးကို ပြင်းထန်စွာ ထိမှန်သွားလို့ ခွေးအကြီး မချိမဆံ့အောင် ညည်းပါတော့တယ်။

"အားရိုးရိုး. . သေပါပြီဟ. . ဂိန်. . . အိန်"

ခွေးအကြီး ချာတိတ်ပေါ်မှ ဖယ်ခွာတွန့်လိမ်နေလို့ ဦးသီလ တစ်ယောက် ပစ်ကွင်းမြင်ကွင်း ပိုကောင်းသွားပြီး နောက်တစ်ချက် ဆင့်ပစ်လွှတ်တယ်။

"သေစမ်း"

"ဖောက်. . ."

"ကိန်. . ဂိန်. . အိန်. ."

"ဟာ. . ပြေးပြီ. . . ပြေးကုန်ပြီ"

သူ့လေးခွချက်ကြောင့် ခွေးအကြီး တွန့်လိမ်အော်ပြေးတာနဲ့ တစ်ပြိုင်နက်တည်းပဲ အပင်အောက်က ခွေးအုပ်ကြီးလည်း အပြီ



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ပြီး ခြေကုန်သုတ်ကြလို့ ဦးသီလ အတော့်ကို ဝမ်းသာသွားတယ်။

အဲ့ဒီနောက် အပင်အောက်ဆင်းလာပြီး ချာတိတ်ကို ကူညီရအောင် အပြေးတစ်ပိုင်း ရောက်သွားတယ်။

"ခွီး. . ."

"ဟာ. . . လန့်လိုက်တာ မျောက်ကြီးရာ"

မျောက်ဝံကြီးက ရန်ပြုမယ့်ပုံမျိုး ပြုမူတာကြောင့် ဦးသီလ မကပ်ဘူးလေ။ အဲ့ဒီနောက် မျောက်ဝံကြီးကေလာသက ချာတိတ်ကို ဆွဲထူပြီး ဒဏ်ရာတွေကို ကြည့်တယ်။

"ငါတော့ မင်းသေပြီထင်တာ လူကောင်ရာ. . . တော်သေးတာပေ့ါ။ မင်းကို ဟိုလူကယ်လိုက်တာပဲ၊ သူ့လက်ထဲမှာ ဘာရှိလဲ မသိဘူး၊ ဟိုကောင် တီဂေါ်လောတော့ ကျောကော့ပြီး ပြေးတာ တန်းနေတာပဲ"

"အား. . ကျွတ်. . ကျွတ်. . ကျုပ်. . ကျုပ်လက်တော့ အရိုးကျိုးပြီထင်တယ်"

"မကျိုးပါဘူးဟ. . . ဒါပေမယ့် မင်းလက်ထိုးခံလိုက်တာ ကောင်းတယ်၊ မဟုတ်ရင် မင်း လည်ပင်းကျိုးပြီး သေပြီ"

"ခြေထောက်. . . ခြေထောက်နာတယ်ဗျ၊ မထောက်နိုင်ဘူး"

နှစ်ဦးသား တခွီးခွီး တခွပ်ခွပ်နဲ့ ဘာတွေပြောနေမှန်း မသိပေမယ့် မျောက်ဝံကြီးရဲ့လုပ်ပုံကိုင်ပုံက တကယ့်လူတစ်ယောက်လို ပြုမူနေတာကြောင့် ဦးသီလလည်း ကြောင်အ,ပြီး ကြည့်နေမိတယ်။

"ကျုပ်တို့ အဲ့ဒီလူကို ဘာလုပ်ကြမလဲ"





ကေလာသ လှမ်းကြည့်ပြီး အကဲခတ်တယ်။

"သူ့မျက်လုံးတွေက ငါတို့ကို အန္တရာယ်ပေးချင်ပုံ မရဘူး၊ မင်းဘက်ကနေ ဝိုင်းပြီးတိုက်ခိုက်ပေးထားတာဆိုတော့ ငါတို့ သူ့ကို ရန်ပြုလို့လည်း မကောင်းဘူးကွ"

အဲ့ဒီအခိုက်မှာပဲ ဦးသီလက. . .

"ကောင်လေး. . . မင်းဒဏ်ရာက အရမ်းပြင်းတယ်၊ ငါ ကု ပေးမယ်၊ ငါက ဆေးဆရာပါ"

"အား. . ကျွတ်. . ကျွတ်. . နာလိုက်တာ၊ သူဘာတွေပြော နေတာလဲ"

"ဟေ. . . မင်းတောင် နားမလည်တာ ငါက ဘယ်လိုလုပ် သိမှာလဲ"

"ကောင်လေး. . . ငါပြောတာ မင်းနားလည်ရဲ့လား၊ မင်း လက်ရောခြေထောက်ပါ ဒဏ်ရာရနေတယ်. . . ငါကုပေးနိုင်တယ်"

ဦးသီလက ခြေဟန်လက်ဟန်နှင့်ပါ အားတက်သရော ပြောပြီး သူ့အိတ်ထဲက ဆေးမြစ်တချို့ ထုတ်ပြရင်း. . .

"ဒါကို ဝါးပြီးအုံလိုက်ရင် ကောင်းသွားမှာ၊ ငါလုပ်ပေးပါ ရစေ"

ဦးသီလ လက်ထဲက ဆေးမြစ်ကို ကေလာသ မြင်လိုက်ရင်ပဲ ချက်ချင်းနားလည်သွားတယ်။

"ဟာ. . . တောင်ခါးမြစ်တွေပဲ၊ ကြည့်ရတာ မင်းဒဏ်ရာကို လုပ်ပေးချင်လို့ကွ"

"ဟုတ်ရဲ့လား. . . ကျုပ်ကို ထကိုက်နေရင် ဘယ်လိုလုပ်မ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ဦးကေ ပြောတော့ အမွှေကောင်ဆို"

"ဟမ်. . အေး. . အဲဒါက အဓိပ္ပါယ်တစ်မျိုးကွ၊ မကြောက်နဲ့. . . ငါရှိတယ်၊ မင်းအနာက အရမ်းဆိုးမယ့်ပုံပဲ၊ သူဘာလုပ်မလဲ ငါကြည့်မယ်"

အဲ့သလိုပြောပြီး ကေလာသက ဦးသီလကို လှမ်းပြီး လက်ပြတယ်။ ပြီးတော့ ချာတိတ်အနာကိုလည်း လက်ညှိုးထိုးပြတယ်။

"ဂရူး. . ဂရူး. . ဂဲ. . ခီး. . ခွီး. . ဂူး. . "

ဟာ. . . ငါ့ကို ခေါ်တာထင်တယ်၊ ပြဿနာမရှာဘူး ထင်တာပဲ. . . အရဲစွန့်ရမှာပဲ၊ ဟိုကောင်လေးဒဏ်ရာက သွေးထွက်များနေပြီ။

သည့်နောက်တော့ ဦးသီလ သတိနဲ့ တိုးကပ်သွားတယ်။ ကေလာသက ချာတိတ်ကို မြေကြီးပေါ် ပြန်ထိုင်ခိုင်းပြီး သူကတော့ အချိန်မရွေး တိုက်ခိုက်နိုင်အောင် အသင့်ပြင်ပြီး စောင့်ကြည့်တယ်။

ဦးသီလက ချာတိတ်လက်က ဒဏ်ရာကိုကြည့်ပြီး. . .

"ဟာ. . . အတော်များတာပဲ၊ မင်းအတော်သတ္တိကောင်းတဲ့ ကောင်ပဲကွ၊ ငါလည်း မင်းကျေးဇူးကြောင့် ခွေးအတွေ့ရန်က လွတ်တာပါ"

ဦးသီလ ပြောရင်းနဲ့ သူ့အပေါ်အင်္ကျီကို ဆွဲချွတ်ပြီး ဆုတ်ဖြဲပစ်လိုက်တယ်။ အဲ့ဒီနောက် အိတ်ထဲက ဆေးမြစ်ကို ရေတောင်မဆေးနိုင်ဘဲ အဝတ်နဲ့ ပွတ်သုတ်ပြီး ပါးစပ်ထဲ ထိုးထည့်ကာ ဝါးပစ်တယ်။ ဝါးလိုက်ပိတ်စထဲ ထွေးထည့်လိုက်နဲ့ လုပ်နေတာကို ကြည့်ပြီး ကေလာသလည်း သွားရည်လည်လာတယ်။ မနက်ကတည်းက ဘာ





မှမစားရသေးလို့ ဆာလည်းဆာနေတော့ ဦးသီလ ဝါးသလို ဆေးမြစ်တစ်မြစ် ယူဝါးတယ်။

"ဂါး. . ခွီး. . ဖွီး. . ဖွီး. . ဖွတ်. . ဖွတ်"

ချဉ်လည်းချဉ် ခါးလည်းခါးတဲ့ တောင်ခါးမြစ်ကြောင့် ကေလာသ သွက်သွက်ခါသွားလို့ အတင်းထွေးထုတ်ပြီး ဦးသီလကို အံ့သြသလို ကြည့်ပါတော့တယ်။ ဒီလောက်အရသာဆိုးတာကြီးကို ဘယ်လိုပါးစပ်မျိုးနဲ့ ဝါးနေသလဲပေါ့။ ဦးသီလကတော့ သူ့အလုပ်ကိုသာ အာရုံစိုက်ပြီး ဝါးပြီး ထွေးလို့ရတဲ့ ဆေးမြစ်အကြေတွေကို ပိတ်စထဲ ဖိဖြန့်လိုက်တယ်။

အဲ့ဒီနောက် ခွေးကိုက်ထားလို့ အသားထစ်တွေ လန်ထွက်နေတဲ့ ချာတိတ်ရဲ့လက်မှာ သေချာကပ်ပြီး ဖြဲထားတဲ့အင်္ကျီစနဲ့ပဲ သေချာစည်းနှောင်ပေးလိုက်တယ်။

"ဒါကို ဒီအတိုင်းပဲထား၊ မသက်သာမချင်း လုံးဝမဖြုတ်နဲ့ မခွာနဲ့"

"သူဘာပြောနေတာလဲ ဦးကေ"

"ဒါ ကောင်းတယ်. . . မန်းကျတယ်တဲ့"

"ဟင်. . . ဦးကေ့က သူ့စကားနားလည်လား"

"ဟေ့အေး. . တောင်ခါးမြစ်ကို ထုထောင်းပြီး အုံရင် အနာကျက်တာတော့ သိတာပေါ့ကွ၊ ဒါပဲ ပြောတာနေမှာ၊ ဖွီ. . ချဉ်တယ် ခါးတယ်၊ ငါတော့ ခံတွင်းပျက်ပါပြီကွာ"

ဦးသီလက လက်ဒဏ်ရာကို လုပ်ကိုင်ပေးပြီး ခြေထောက်နာနေတဲ့နေရာကို ကြည့်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



“ခြေသပွတ်တိုင် လည်သွားတာပါလား၊ ကြည့်စမ်း. . ချက်ချင်းကို ယောင်တတ်လာတာ၊ အဲ့ဒီအတွက်တော့ ငါ့မှာ ဆေးမရှိဘူးကွ၊ လိုက်နိုင်ရင် ငါနဲ့ စခန်းကိုလိုက်ခဲ့၊ ဟိုမှာဆို ဆေးအစုံရှိတယ်၊ မင်းခြေထောက်သက်သာသွားလိမ့်မယ်”

ဦးသီလ ပြောသာပြောနေရတယ်၊ ချာတိတ်ဆီက တုံ့ပြန်မှုဆိုလို့ မျောက်လို တဂူးဂူး တခွီးခွီး အော်သံညည်းသံနဲ့ တစ်ခါတစ်ရံ မျောက်တွေ သွားဖြဲပြသလို ခွီးခနဲ ခွီးခနဲ အော်ပြီး သွားဖြဲပြနေတော့ ဦးသီလ နည်းနည်းစိတ်ပျက်နေရှာတယ်။

အင်းလေ. . . ကောင်လေး ကြည့်ရတာ မျောက်လက်ထဲ ကြီးပြင်းလာတဲ့ပုံပဲ။ လူစကားတောင် နားမလည်တော့ဘူး ထင်ပါရဲ့။

ဦးသီလ အဲ့သလိုတွေးပြီး ခြေဟန်လက်ဟန်နဲ့ နားလည်အောင် ပြောကြည့်လိုက်တယ်။ ငါ့စခန်းက ဟိုးအဝေးကြီးမှာ မင်းလိုက်ခဲ့၊ ဟိုမှာ. . ဒီနေရာက နာနေတာကို ဒီလက်ကို လုပ်သလိုပဲ လုပ်ပေးမယ်ဆိုတဲ့ပုံစံမျိုး။

အဲ့ဒါကို လူက နားမလည်ဘဲ မျောက်ဝံကြီး နားလည်သွားလို့ ဦးသီလခမျာ ငိုရခက် ရယ်ရခက်နဲ့ ချာတိတ်ကို ထူထပေးမယ် လုပ်တော့ မျောက်ဝံကြီးက သူ့လက်ကို ပုတ်ထုတ်တယ်လေ။ သူ့လူကို မထိနဲ့ပေါ့။ အဲ့သလို. . . အဲ့သလို. . . ။

အဲ့ဒီနောက် ဦးသီလက ခြေဟန်လက်ဟန်နဲ့ သွားကြဖို့ ပြပြီး သူကိုယ်တိုင် ရှေ့ကထွက်နှင့်တယ်။

အမယ်. . လှည့်ကြည့်လိုက်တော့ နောက်ကပါလာသား။ ချာတိတ်ကို မျောက်ဝံက ပခုံးပေါ် တင်ပြီးထမ်းလို့။ ဒီ





ကောင်ကြီး လူနား အတော်နီးတဲ့ကောင်ကြီး။ ယဉ်အောင်ခင်အောင် ပေါင်းထားရင်တောင် အားကိုးရမယ့်ပုံရှိလို့ ဦးသီလစိတ်ထဲ ဝမ်းသာသလိုလို ပျော်သလိုလိုတောင် ခံစားမိတယ်။ သူလည်း မိသားစုနဲ့ တင်းကွာပြီး နှစ်ရှည်လများ တောထဲတောင်ထဲ တစ်ယောက်တည်း နေရတာဆိုတော့ အဖော်အလျော်လေး လိုချင်ပုံရတယ်။

မှတ်မှတ်ရရ သုံးနှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ် စကားနည်းနည်း ပြောခွင့်ရလိုက်တာကိုပဲ ရွှေထွက်သလို ပျော်နေတာကို ကြည့်ဦးတော့။

“ဦးကေ. . . သူက ကျုပ်တို့ကို ဘယ်အထိ ခေါ်သွားမှာလဲ”

“ငါလည်း ကြည့်နေတာကွ၊ လူတောထဲ ခေါ်သွားရင်တော့ ငါလည်း ပြန်လစ်ဖို့ ခြေတစ်လှမ်း ချန်ထားတာပဲ”

“ကြည့်လည်း လုပ်ပါဦးဗျာ၊ တော်ကြာ ကျုပ်တို့ကို စားပင်နေဦးမယ်၊ ဦးကေတော့ မသိဘူး ကျုပ်တော့ အဲ့ဒီလူဆိုတဲ့ကောင်ကို နည်းနည်းကြောက်သလိုပဲ”

“ဘာလို့ ကြောက်ရမှာလဲကွ၊ ငါကိုင်ပေါက်ရင် တစ်ချက်ထဲပဲ”

“အပြောမကြီးနဲ့ဗျ. . . စောစောက သူ့အရေခွံကို သူပြန်ခွာပြီး ဆုတ်ဖြဲပစ်တာ မျက်နှာတစ်ချက်တောင် မပျက်ဘူး၊ ကျုပ်လက်ကိုတောင် သူ့အရေခွံနဲ့ ပတ်ချည်လိုက်သေးတယ်”

“အေး. . . အဲ့ဒါတော့ ငါလည်းမသိဘူး၊ ဟိုတောင်ခါးသီးကို ဝါးတာများ ကြက်သီးထစရာကြီး၊ ဒါကြောင့် ငါတို့ဘိုးဘေးများက ပြောတာ၊ လူသတ္တဝါတွေဟာ အလွန်အစားကြူးတယ်၊ နွေအတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျားတွေကမှ အစိမ်းကိုက် ဖွဲ့စားသေးတာ၊ သူတို့က မီးဖုတ်ပြီးမှ စားတာတဲ့၊ ဘာဘီကျူး လုပ်တယ်ဆိုလား. . . ဆာတေးဆိုလားပဲ"

"ဟာ. . . ဒါဆို ကြောက်စရာပေါ့"


"အေးကွာ. . . အစွယ်လည်းမရှိ၊ အဆိပ်လည်းမရှိ၊ လက်သည်းချွန်တွေလည်း မရှိဘဲနဲ့ ရက်စက်တဲ့သတ္တဝါတွေ"

"ဒါပေမယ့် အရေခွံကတော့ နှစ်ထပ်ဗျ၊ မြွေတွေလိုပဲ အရေခွံလဲမယ့်ပုံ"

တစ်တောင်ဆင်း တစ်တောင်တက်နဲ့ သတိကြီးကြီးထားပြီး လိုက်သွားကြရင်း ရေတံခွန်ကြီးတစ်ခုရဲ့ဘေးမှာ အတော်ကြီးကြီး တဲတစ်လုံးကိုတွေ့လို့ ကေလာသ ရှေ့ဆက်မတိုးရဲတော့ဘဲ ရပ်ကြည့်နေတယ်။

ဦးသီလက တဲဆီလာဖို့ ခြေဟန်လက်ဟန်တွေပြပြီး ဘယ်လိုပဲခေါ်ခေါ် ရှေ့ကို တိုးမလာတော့လို့ စိတ်ပျက်ပြီး တဲရှေ့က ဝါးကွပ်ပျစ်ပေါ် ထိုင်ချလိုက်ပါတော့တယ်။





www.burmeseclassic.com







# အခန်း-လေး

“ဝိုး . . . အူး. . ရု. . ဟေ့. . ဗုဒ္ဓဟူးမှာ ရာဟု၊ တောင်
မှာ ဟိုင်းဆင်ကွ. . . ဟုတ်ရဲ့လား”

“ဟုတ်ပါတယ် ကိုကြီးဟိုင်း၊ ဒါပေမယ့် တောင်တောမှာ
င်ချောတဲ့နေရာတွေ များတယ်”

“များတော့ ဘာဖြစ်လဲကွ”

“များတော့ ချော်လဲတယ်လေ”

“ဟေ့ကောင်. . . အဲ့ဒါ မပါကြေး၊ ဒီလောက်ကြီးတဲ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံးနဲ့ ပြောင်ချောနေမှတော့ ချော်လဲတာလည်း ရှိမှာပေါ့ကွ"

"လဲတော့ ရာဇက္ကန္ဒြေပျက်တာပေါ့"

"ဟေ့. . ."

ဆင်ပြောင်ရဲ့စကားတစ်ခွန်းက ဟိုင်းဆင်ကြီးရဲ့ မျက်[illegible]

ကျဉ်းကျဉ်းလေးကို သံပုရာသီးလောက် ကျယ်သွားစေတယ်၊ မြေ[illegible]

ပေါ် တဘုတ်ဘုတ် ရိုက်နေတဲ့ သူ့နှာမောင်းဖျားကို ပြန်မော့ယ[illegible]

သူ့ဦးကင်းကို တစ်ချက်ပုတ်လိုက်ပြီးမှ ဆင်ပြောင်ဘက် တစ်ကို[illegible]

လုံး လှည့်ပြီးကြည့်လိုက်တယ်။ ဆင်တွေက လည်ပင်းလေးပဲ လှ[illegible]

လို့မှ မရတာကိုး။

"ပြန်. . ပြန်ပြောစမ်းပါဦးကွ ပြောင်ကြီးရ၊ ဘာ. . ဘာ. .

ပျက်တယ်"

"ရာဇက္ကန္ဒြေပျက်တယ်လို့ ပြောတာလေ"

"ဘာဖြစ်တယ်. . ."

"တယ်. . သောက်မြင်ကတ်လာပြီ၊ နည်းနည်းလေး မြော[illegible]

တာနဲ့ မြောက်ချင်နေတော့တာပဲ၊ ရာဇက္ကန္ဒြေ. . . ရာဇက္ကန္ဒြေ"

"ဟမ်မလေး. . . နားအရသာရှိလိုက်လေခြင်း၊ နားအ[illegible]

သာ ရှိလိုက်ပေခြင်းကွယ်၊ အိမ်. . . ညီတော်လေး အိမ်ရှေ့ပြော[illegible]

တယ်လည်း စကားကြွယ်ပြီး ဗဟုသုတနယ်ပယ်မှာ တကယ့်ကို နှံ့[illegible]

ပေတာကိုး. . . အင်း. . . အင်း"

"စိတ်ညစ်တယ်. . အိမ်ရှေ့တောင် ပြောင်နေမှတော့ [illegible]

ကျန်တော့မှာလဲ"

"ဟကောင် ငပြောင်၊ မင်းကို အိမ်ရှေ့ဥပရာဇာရာ[illegible]





[illegible]သနားနေတာကွ၊ မင်း မလိုချင်ဘူးလား"

"တော်ပါဗျာ. . . အိမ်ရှေ့မင်းသားတွေ အိမ်ရှေ့မှာပဲ မသာ

[illegible]တုန်းတာ၊ ဆင်ပဒေသရာဇ် ခေတ်တစ်ခေတ်လုံး အတုံးအရုံးပဲ၊

[illegible]ရင် ဂဟာရာဇာ ဆင်ဖြူစွယ်စုံကျမ်းမှာ ပြန်ဖတ်ကြည့်"

"ဒါ. . ဒါက. . ပဒေသရာဇ်စနစ်ကွ"

"အခုကရော. . ."

"နေဦး. . . စဉ်းစားနေတုန်းပဲ၊ ငါဘုရင်ဖြစ်ရင် ဘာစနစ်

[illegible]ရင် ကောင်းမလဲလို့"

"ကျွန်ပိုင်ရှင်စနစ်သာ သုံးလိုက်ပါဘုရား၊ ကျွန်တော်မျိုး

[illegible]ဂေါလောက အရှင့်သစ္စာခံ ငယ်ကျွန်ရင်းကြီးလုပ်ပြီး ကျွန်တွေကို

[illegible]ညီအုပ်စီးပါ့မယ်ဘုရား"

စီခနဲ ကြားလိုက်ရတဲ့အသံကြောင့် မြေပေါ် ခြေပစ်လက်ပစ်

[illegible]နေတဲ့ဆင်ပြောင် ဝုန်းခနဲ ခုန်ထမိသွားတယ်။ ဟိုင်းဆင်ကြီးက

[illegible]မောင်းကြီး ရှေ့တန်းပြီး. . .

"ဟဲ့. . . ဘယ်က အကာလောင်တုန်းကွ. . . ထွက်ခဲ့စမ်း"

"ကျွန်တော်မျိုးပါဘုရာ့. . . ကျွန်တော်မျိုးပါဘုရာ့"

ဒီတော့မှ တောစပ်ကနေ ကုန်းကုန်းကုပ်ကုပ်လေး ထွက်

[illegible]လာတဲ့ ခွေးအခေါင်းဆောင် တီဂေါလောကို မြင်သွားတယ်။

တီဂေါလောက အရှင်သခင်တွေကို မော်မကြည့်ရဲသလို

[illegible]နှာလေး ငုံ့ချပြီး ကုပ်ကွေးနေမှ ပြောင်ကြီးက. . .

"မင်း ခုနက ဘာပြောလိုက်တယ်၊ ကျွန်ပိုင်ရှင်စနစ်. . .

[illegible]တစ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ. . . အရှင်နှစ်ပါးသာ ကျွန်ပိုင်ရှင်စနစ်သုံးရင် တောသုံးခွင် တောင်သုံးခွင် ယှဉ်ပြိုင်ဘက်ကင်း၊ ဆင်မင်းအမှန် ဖြစ်နိုင်ကြောင်းပါဘုရား"

ဒီစကားကို ဟိုင်းဆင်ကြီး အတော်သဘောကျသွားတယ်။

"ဟားဟားဟား. . . မောင်မင်းတော်တယ်၊ ငါဘုရင်ဖြစ်ရင် မင်းကို နန်းရင်းဝန် ခန့်မယ်ကွာ၊ ကိုင်း. . . ခြေခြေမြစ်မြစ် သံတော်ဦးတင်စမ်းဟေ့"

"မှန်ပါ အရှင်ဟိုင်းကြီးဘုရား၊ အရှင့်မှာ ကျွန်ပေါင်းများစွာ ပိုင်ဆိုင်အောင် သိမ်းပိုက်ရပ့်မယ်၊ အဲ့ဒီကျွန်တွေနဲ့ တောင်တောမှာ နေရာလပ်မကျန်အောင် ကြံတွေ စိုက်ပျိုးရင် အရှင်တို့အတွက် ဘဏ္ဍာတော် ပြည့်လျှံတဲ့အပြင် အနောက်တိုင်းဆင်တွေကို ကြံများ ရောင်းဝယ်ဖောက်ကားခြင်းအားဖြင့် တန်ခိုးအားထွားလို့ တိုးပွားနိုင်ကြောင်းပါ ဘုရား"

"အလိုလေး. . . တယ်ပြောင်မြောက်တဲ့ အကြံဉာဏ်ပါလား၊ ဟဲ. . .ဟဲ. . . ညီတော်အိမ်ရှေ့ပြောင်လေး"

"တစ်အိမ်လုံးသာ ပြောင်လိုက်ပါတော့ ဘုရား"

"တယ်. . . အရေးထဲ မင်းကလည်း"

"သိပ်မှမထူးတာဘုရား"

"ကိုင်း. . ကိုင်း. . နောက်ပြောင်နေရမယ့်အချိန် မဟုတ်ဘူး"

"အရှေ့ပြောင်တာ မဟုတ်ဘူးလား ဘုရား"

"ငပြောင်. . "





"ဘုရား. . . "

"အမိန့်တော်မှတ်မယ်. . . နာခံ"

(ရှူးနေပြီထင်တယ်)

ဆင်ပြောင် အဲ့သလိုတွေးပြီး အသာငြိမ်နေလိုက်တယ်။

"အဟမ်း. . . ဒီကနေ့ ငါကိုယ်တော် ဘုရင်,မဖြစ်သေးတာ ဘိုးတော်ဆင်မင်းရဲ့ မင်းမြောက်တန်ဆာငါးပါးကို ပေါင်ထားတဲ့အတွက် ပြန်ရွေးနိုင်ဖို့ ကြိုးစားနေချိန်ဖြစ်တယ်. . မောင်မင်း၊ ဟဲ. . ပြောင်. . ဒီလ အတိုးသတ်ထားသေးလား"

(ဘာတွေပြောနေမှန်း မသိပါဘူးကွာ. . . ရာဇာနေဝင်းလို စိတ်ညစ်ပြလိုက်ရင် မကောင်းရေ့ ရှိမယ်)

"ဟဲ့. . . ငပြောင်"

"ဒီလမရွေးရင် ဆုံးပြီဘုရား"

"ဟေ. . ရွေး. . ရွေး. . ကြားလား၊ အဟမ်းဟမ်း. . . အဲ့သလို ဆိုတော့ကာ ရွေးဆယ်ပြီး ဘိသိက်ခံတော်မူတဲ့နေ့မှာ ဆယ်ကျွန်ကြီး တီဂေါလော အကြံပြုတဲ့အတိုင်း ကျွန်ရိုင်းတွေကို သိမ်းသွင်းပြီး ကျွန်ပိုင်ရှင်စနစ်ကို ထူထောင်စေဗျား"

"မှန်ပါ. . . ဘုန်းတော်ကြောင့် အောင်မြင်မှာပါဘုရား"

တီဂေါလောက အဲ့သလို ဝမ်းသာအားရ မော်ဖူးပြီး. . လျှောက်တင်လိုက်လို့ တီဂေါလောမျက်နှာပေါ်က အဖုတွေ ဘုတွေကို ဟိုင်းတို့ညီအစ်ကို မြင်သွားတယ်။

"ဟဲ့. . ဟဲ့. . မောင်မင်းမျက်နှာက ဘာဖြစ်တာလဲ၊ ဝက်ခြံတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘုရား. . . တောင်တောမှာ ပြောင်ကောပြီး သောင်းကျန်းနေတဲ့ ကေလာသနဲ့ သူ့ရဲ့မွေးစားသား လူကောင် လက်ချက်ပါဘုရား"

"ဝူး. . အဲလေ. . အဲလေ. . ဘာကွ"

"မှန်ပါ့. . . ပြီးခဲ့တဲ့ အောင်သေအောင်သား စားပွဲတုန်းကမှ ညီညွတ်ရေး၊ အနိုင်အထက် မပြုရေး စည်းကမ်းတွေ သတ်မှတ်တာ၊ အခုတော့ အနိုင်ကျင့်ကုန်ပါပြီဘုရား. . . ကယ်ပါဦးဘုရား"

တီဂေါလော အဲ့သလို ပြောငိုလေး ငိုလိုက်တာနဲ့ တစ်ပြိုင်နက်တည်း တောစပ်မှာ ဝပ်ခိုနေကြတဲ့ခွေးအုပ်ကြီး တပြန့်တလျား တိုးထွက်လာပြီး အူကြတိုင်ကြပါတော့တယ်။

"ဝူ. . အူး. . ဝူး. . အူး. . "

"ဟာ. . . နားတွေ အူနေပြီ၊ ဝူး. . ထွား. . ဟားဟား. . ၊ တော်ကြ. . . တိတ်ကြ"

ဟိုင်းဆင်ကြီးရဲ့ ပြင်းရှတဲ့ ရာဇမာန် ဝမ်းခေါင်းသံကြီး ကြောင့် ခွေးအတွေ အူသံတိတ်ပြီး ငြိမ်ကျသွားတယ်။

"ဟဲ့. . . တီဂေါလော"

"ဘုရား"

"မှန်ရာကို လျှောက်တင်စမ်း"

"မှန်ပါ့ဘုရား. . . ပြောရတော့မယ်၊ ဟမ်မလေး. . . ပြော တော့မယ်ဘုရာ့. . အုံ. . အုံ"

"ဟဲ့ကောင်. . . ငိုချင်း နောက်မှချ၊ အကြောင်းအရင်းကို ရှေ့ကချ"





"မှန်. . မှန်ပါ့၊ ကျွန်တော်မျိုးတို့ ဒီနေ့ အစာရှာထွက်ရင်း [illegible]တောင်ရတယ် ဘုရား၊ အမဲကောင်က ဒီတောသားလည်း [illegible]တော်၊ တိရစ္ဆာန်ဂုဏ်ပုဒ်နဲ့ လားလားမှ မအပ်စပ်တဲ့ လူသားတစ် [illegible]ယောက်ပါဘုရား"

"အိုးမိုင်ဂေါ့ဒ်. . . လူဆိုပါလား၊ အင်း. . . လျှောက်တင် [illegible]"

"ထိုင်တင်လို့မရဘူးလား ဘုရား"

"တယ်. . . ခွာနဲ့ ရှပ်ပစ်လိုက်ရ၊ လာနောက်မနေနဲ့နော်"

"ကြောက်လှပါတယ်ဘုရာ့. . . ကျီစယ်မိတာပါ၊ ခွင့်လွှတ် [illegible]. . အဲ. . အဲသလို လူအမဲတွေ့လို့ ယူဖြိုမယ်လုပ်ကာမှ ကေလာ [illegible]တို့သားအဖ ရောက်လာပြီး ကျွန်တော်မျိုးကို တီးကြဆော်ကြတာ [illegible]ပေါင်းတစ်ရာ ထွက်တဲ့အပြင် ခါးတောင် နာခဲ့ရပါတယ်ဘုရာ့၊ [illegible]ကောင်ကိုလည်း လုယူလိုက်ကြပါပြီဘုရာ့"

"ဟင်. . . ကြားရ နားဝမှာ မချမ်းသာ၊ ကြားရတာ နားဝမှာ [illegible]ချမ်းသာဘူး မောင်မင်း၊ ကိုင်း. . . အဲ့ဒီနှစ်ကောင် ရှေ့တော်သွင်း [illegible]ပြား"

"မရှိတော့ပါဘူး ဘုရား"

"ဟေ. . . ထွက်ပြေးကုန်တာလား"

"မသိပါဘုရား. . . ပေတိုးကို သွားမေးကြည့်တော့ အသေ [illegible]နဲ့ မသေရင် ပြန်လာလိမ့်မယ်တဲ့ဘုရာ့"

"ဟဲ့. . . နင်တို့ဟာက ဩဂဲနစ်ကျနေတာပဲ၊ ရှင်းလေရှုပ် [illegible]နဲ့၊ ဆင်ဆိုတာ နားရွက်ပဲ ကြီးတာ နားပေါက်သေးသေးလေး၊



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ နားဝင်အောင် လျှောက်စမ်းဟ. . . ခွီးမှပဲ”

အဲ့ဒီအခိုက်မှာ ခွေးအတစ်ကောင် ရှေ့ကို မဝံ့မရဲ တိုး
ပြီး. . .

“ဒီလိုပါဘုရား. . . အခင်းဖြစ်တဲ့နေရာကနေ အားလုံး
ကြရမယ့် မူလတာဝန်အရ ကျွန်တော်မျိုးက နောက်ချန် စောင့်ကြ
တာဝန်ယူရပါတယ်ဘုရား၊ အဲ့ဒါကြောင့် အားလုံးမြင်ခဲ့ရပါတယ်”

“အိမ်း. . . ဟုတ်လာပြီ၊ မောင်မင်း လျှောက်တင်စမ်း”

“ကျွန်တော်မျိုးတို့ လိုက်တဲ့ အမဲကောင်လူသားက မျောက်
သားအဖကို သွေးဆောင်ဖြားယောင်းလို့ တောင်စောင်းအတိုင်း
ခေါ်ဆင်းသွားပါတယ်ဘုရား၊ ကျွန်တော်မျိုး နောက်က လိုက်ချောင်း
ဖို့ စိတ်ကူးပေမယ့် သူ့လက်ထဲက. . . ဖတ်. . . ဒေါက်. . . ကို ကြောက်
လို့ပါ ဘုရာ့”

“ဘာတုန်းကွ. . . ဖက်. . . ဒေါက်. . . ဆိုတာ”

“မသိပါဘုရာ့. . . ဖတ်ခနဲမြည်ပြီး ဒေါက်ခနဲ မှန်ရင် လ
ထွက်အောင် နာပါတယ်ဘုရာ့”

“ကဲ. . . ဘယ်လိုစီမံကြမလဲ၊ ညီဖွား စဉ်းစားပါဦး”

ပြောင်ကြီး ခေါင်းကုတ်တယ်။ နွားမောင်းက လက်သည်းမ
တော့ ကုတ်ရတာ အဆင်မပြေဘူး။ ဒါနဲ့ပဲ သူ့အစ်ကိုဟိုင်းကြီးဘက်
လှည့်ပြီး. . .

“ဒီကိစ္စက ကျုပ်တို့ဆုံးဖြတ်ရုံလောက်နဲ့ မပြီးဘူး၊ တောင်
တောတစ်ခုလုံး ခေါ်ပြီး အကြံဉာဏ် ယူရလိမ့်မယ်၊ လောကမှာ
လူဟာ ကြောက်စရာအကောင်းဆုံးသတ္တဝါပဲ၊ အခုကိစ္စက လူနဲ့ ပတ်





သက်နေတယ်”

“ဟာ. . . အဲ့ဒါဆို ဒီကိစ္စ ဒီအတိုင်းပဲ ထားလိုက်၊ တော်ကြာ
ငါတို့ပါ အဆစ်ပါနေမယ်”

“မဖြစ်ဘူးလေ. . . ကိုဟိုင်း ရာဇဝင်ကျနွေပျက်မယ်ဟ၊ ဘယ်
လိုဖြစ်လို့ ဒီလောက်ကြောက်နေတာလဲ”

ပြောင်ကြီးက ခွေးတွေ မသိအောင် ဆင်အထာနဲ့ တီးဘိုး
တပ်ပြောလိုက်မှ ဟိုင်းကြီးကျနွေဆည်ပြီး. . .

“အဟမ်းဟမ်း. . . ကိုင်း. . . တီဂေါ်လော”

“ဘုရား. . . ”

“မင်းတို့အုပ်စုပဲ သံတော်ဆင့် လုပ်ပြီး တောင်တောထဲ
မောင်းကြေးနင်းလှည့်စေဗျား”

“ကောင်းလှပါပြီ ဆင်မင်းမြတ်”

အဲ့ဒီနောက် တီဂေါ်လောတို့ တောစပ်အထိ ဆုတ်ခွာလာ
ကြပြီး တောထဲဝင်မှ မကျေမနပ်နဲ့ ခေါင်းမော့ပြီး လှည့်ကြည့်လိုက်
တယ်။

“အကူအညီလေး ရမလားလို့ မြှောက်ပင့်ပြီး ပြောကြည့်ပါ
တယ်၊ သင်းတို့ကိုယ်သင်းတို့ ရေမြေသနင်း ပြည့်ရှင်မင်းကြီး ကုနေ
တာပဲ၊ မျက်လုံး သေးနဲ့ပန်းပြီး ဖျက်စားလိုက်ရ မကောင်းရှိရေ့
မယ်. . . ထွီ”

“ဒါဆိုလည်း လုပ်လိုက်လေ အာစရိ၊ ဗိုက်ဆာနေတာနဲ့
အတော်ပဲ”

“မကုန်ရင် ပုပ်စော်နံတယ်ကွ၊ တခြားအကောင်ပဲ ရှာစား



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ"

"ဟိုကိစ္စရော ဘယ်လိုလုပ်မလဲ"

"ဘယ်ကိစ္စလဲ"

"မောင်းကြေးနင်းခတ်ဖို့လေ"

"တစ်ကောင်ကောင် လွှတ်လိုက်၊ ငါ့လည်း ဆားကြပ်ထုပ်လေးဘာလေး ထိုးပေးကြဦးဟ"

"ဟုတ်. . ."

၆ ၆ ၆ ၆





သူ့ပေါင်ကို ခေါင်းအုံးပြီး အိပ်ပျော်နေတဲ့ ချာတိတ်ကို ငုံ့ကြည့်ပြီး ကေလာသ စိတ်မကောင်းဖြစ်နေတယ်။ စောစောက အထိ တအင်းအင်း ညည်းညူနေပြီး ခုတော့ ငြိမ်ပြီးအိပ်ပျော်သွားသို့ ထုံကျင်နေတဲ့ သူ့ခြေထောက်ကို ဖယ်ဖို့ ချာတိတ်ခေါင်းကို အသာအယာ မ,လိုက်တယ်။

(ဟင်. . . ဒီကောင်. . လူကောင် အဖျားတက်နေပါလား၊ ဟာ. . . ဒုက္ခပါပဲကွာ)

ကေလာသ အတော်စိတ်ပူသွားပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတယ်။ တဲဆီကို အားကိုးတကြီး လှည့်ကြည့်လိုက်ပေမယ့် အဲ့ဒီလူကို ယုံကြည်ဖို့ သူ မဝေခွဲနိုင်ဘူးဖြစ်နေတယ်။ လူဟာ အင်မတန် ဉာဏ်များတယ်၊ ကောက်ကျစ်ရက်စက်တယ်ဆိုတာကို ဘိုးဘေးများဆီက နားနဲ့မဆံ့အောင် ကြားသိထားပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့တောင် မိုက်မဲဦးမယ်ဆိုရင် ကေလာသ မျောက်လုပ်စားဖို့တောင် မသင့်တော့ဘူး မဟုတ်လား။ ခုလည်း လူကောင်က အရေခွံနှစ်ထပ်နဲ့ သတ္တဝါကို အခြေအနေ စောင့်ကြည့်ချင်သေးတယ်ဆိုလို့သာ နေနေရတာ သူ့ဆန္ဒအတိုင်းဆို တောင်တောကို ပြန်ရောက်တာဖြင့် ကြာပေါ့။

ဒီကြားထဲ ဒဏ်ရာကြောင့် ခဏအိပ်ပါရစေဆိုလို့ မိုးတောင်ချုပ်သွားပြီ။ အခု အဖျားကတက် ဆိုတော့ကာ ကေလာသ ရူးချင်သွားတယ်။ ဖျားတာ မကောင်းဘူး။ သူတို့ဆီမှာ ဒဏ်ရာရရင်သာ ဟိုအရွက် ဒီအမြစ် ထုထည့်ထောင်းထည့်လိုက်ရင်သာ ပျောက်တာ။ ဖျားရင် ဆေးမရှိဘူး။ သူ့ဘာသာသူ ပျောက်ရင်ပျောက် မပျောက်ရင် သေတာပဲ။

ကေလာသ ခြစ်ခြစ်တောက် ပူနေတဲ့ လူကောင်ရဲ့နဖူးကို သူ့လက်နဲ့ ဖွဖွဖိစမ်းပြီး မျက်ရည်ဝိုင်းလာတယ်။ လူကောင်သေလို့ကတော့ တီဂေါလောတို့တစ်မျိုးလုံး တစ်ကောင်မှ မကျန်အောင် သတ်မယ်လို့လည်း စိတ်ထဲ ကြိမ်းဝါးမိတယ်။

ဒါပေမယ့်လည်း လူကောင်သေလို့တော့ မဖြစ်ဘူး။ ကိုယ်မွေးလို့ ကြီးလာတာဆိုပေမယ့် သူ့အပေါ်မှာ ဂရုစိုက်တတ်တာကတော့ တစ်ဖင်တည်း မွေးလာတဲ့ပေတိုးတောင် လိုက်မမီဘူး။

ဆောင်းဝင်စက သူ လေဖြတ်ချင်သလိုလို ဖြစ်နေတာ။ ပေတိုးက ဂရုစိုက်ဖော်တောင် မရဘူး။ လူကောင်ပဲ စားစရာတွေ ရှာကျွေး၊ ပျားရည်တိုက်နဲ့ သူပြန်ကောင်းလာတာ။ ဘာပဲဖြစ်ဖြစ် လူကောင် မသေရဘူး။ မသေရဘူးကွာ. . .။





"အူ. . ဟူး. . ."

"ဘုံး. . ဘုံး. . ."

ကေလာသ ရင်နဲ့ မဆံ့တော့လို့ တအားကျုံးအော်ပြီး သူ့ရင်ဘတ်သူ တဘုံးဘုံး ထုပစ်လို့ လူကောင် လန့်နိုးလာတယ်။

"ဦးကေ. . အား. . ကျွတ်ကျွတ်၊ ခေါင်းတွေ မူးလိုက်တာ ဦးကေ. . . ဘာဖြစ်တာလဲ"

"ဟီး. . အိ. . အိ. . အိ"

ကေလာသ ပြန်မဖြေနိုင်ဘဲ. . ယူကျုံးမရ ငိုကြွေးပြီး လူကောင်ကို ဆွဲဖက်ထားတယ်။

"ကျုပ်ကို ပြောပါဦး. . . ဘာဖြစ်တာလဲ"

"မင်းဖျားနေပြီကွ. . ဟီး. . အီး"

"အင်းလေ. . . အနာရှိန်နဲ့ ဖျားတာ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ. . . ဖျားရင် သေတယ်ကွ၊ ဟီး. . အိအိ"



www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်က ရေကျသံ တဝေါဝေါ ညံနေတဲ့ကြားက တိရစ္ဆာန်တစ်ကောင် စူးစူးဝါးဝါး အော်လိုက်သံကြီးက တဲနဲ့ မလှမ်း မကမ်းက ပေါ်ထွက်လာလို့ ဦးသီလ တီဗီကို ပိတ်ပစ်ပြီး လက်နှိပ် ဓါတ်မီးနဲ့ ထွက်ကြည့်တယ်။

"ဟင်. . . ဒီကောင်တွေ ပြန်သွားပြီ အောက်မေ့တာ"

လှမ်းထိုးလိုက်တဲ့ ဓါတ်မီးရောင်အောက် စိမ်းလက်နေတဲ့ မျက်လုံးအစုံနဲ့ တစ်ချက်ချက် မာန်ဖီခြောက်လှန့်သလို ဖြီးခနဲ လုပ် လုပ်ပြလို့ ဖွေးခနဲ ဖွေးခနဲ မြင်လိုက်ရတဲ့ သွားအစုံတွေကြောင့် သူ့တို့ တစ်တွေကို ခြောက်လှန့်သလို မဖြစ်ရအောင် ဓါတ်မီးကို ပိတ်ပစ် လိုက်တယ်။ အဲ့ဒီအခိုက်မှာပဲ တဂူးဂူးမြည်သံနဲ့ မည်းမည်းအရိပ်ကြီး သူ့ရှိရာ တရွေ့ရွေ့ ဆင်းလာနေတာကို ဦးသီလ မြင်လိုက်ရပါတယ်။

(လာတော့ လာပြီ. . . ငါ့ကို ရန်လုပ်ရင်တော့ ဒုက္ခပါပဲ)





ခုမှ ဦးသီလ စိတ်ရှုပ်သွားတယ်၊ ဓါတ်မီးနဲ့လည်း မထိုးခဲ့၊ အမှောင်ထဲမှာလည်း ရပ်မနေရဲတာကြောင့် အလင်းရောင် ကောင်း ကောင်းရနေတဲ့ တဲထဲကို ပြန်ဝင်ပြေးလာပြီး တဲအနောက်ဘက် ထွက်ပေါက်ကို ဖွင့်ပြီး အသာစောင့်ကြည့်နေတယ်လေ။

တကယ်လို့ ရန်လုပ်ရင်လည်း ထွက်ပြေးနိုင်အောင်ပေါ့။

အဲ့ဒီအချိန်မှာပဲ မျောက်ဝံကြီးက ချာတိတ်ကို ကလေးပွေ့ သလို ပွေ့ချီပြီး တဲထဲဝင်လာပါတော့တယ်။

"ဘယ်ရောက်သွားလဲ ဟိုလူ၊ ဟော့. . . ဒီမှာ လုပ်ပေးဦး၊ ကွ အဖျားတွေ တက်နေတာဟော့. . . ဘယ်သွားလဲ"

မျောက်ဝံကြီး တဂူးဂူး တဂါးဂါး အော်နေတာကို ကြည့်ရင် တော့ ကြောက်စရာကောင်းပေမယ့် မျက်လုံးအိမ်မှာ မျက်ရည်ဘွေ ဝိုင်းနေတာကို လျှပ်စစ်မီးရောင်နဲ့ ဦးသီလ အသေအချာ မြင်ခဲ့ရ တယ်။ အဲ့ဒါကြောင့် စိတ်တုံးတုံးချ ဆုံးဖြတ်ပြီး မီးရောင်အောက်ကို ထွက်လာခဲ့ပါတယ်။

ပြီးတော့ နေ့ခင်းက သဘောပေါက်အောင် စည်းရုံးလို့တဲ့ အတိုင်း ဆေးမြစ်တွေ ဆေးရွက်တွေ ထည့်ထားတဲ့လင်ဗန်းကို မြှောက်ပြတယ်။ သူမျှော်လင့်တဲ့အတိုင်း မျောက်ဝံကြီး အလွယ်တကူ သဘောပေါက်ပြီး ချာတိတ်ကို အောက်ချပြီး သူက နောက်ဆုတ်ပေး ပါတော့တယ်။

ဦးသီလ အတော်ပျော်သွားတယ်။ အင်မတန် ရက်စက်ရိုင်း စိုင်းတဲ့နေရာမျိုးမှာ ဒီလိုယဉ်ကျေးသိမ်မွေ့မှုကို တွေ့လိုက်ရလို့ပျော် မပြတတ်အောင်ကို ဝမ်းသာပြီး သူစားဖို့ ခုတ်ချိုင်ထားတဲ့ငှက်ပျော



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ကြီးကို သွားယူလာပြီး မျောက်ဝံကြီးကို ပေးလိုက်တယ်။

ဘယ်လောက်တောင် ဆာလောင်နေမှန်း မသိတဲ့ မျောက်ဝံကြီးက ငှက်ပျောသီးတွေ ဖြုတ်ဖြုတ်ပြီး တစ်လုံးကို တစ်လုပ်ထဲ ထိုးသွပ်ပြီး စားပစ်ပါတော့တယ်။ စားရင်းက ချာတိတ်ကို သတိရသွားပုံပါပဲ။ ငှက်ပျောသီးတစ်လုံးကို သေချာအခွံနွှာပြီးမှ ကောင်လေးရဲ့ပါးစပ်ထဲ ထိုးထည့်ပေးလိုက်တယ်။

အဲ့ဒီနောက် ဦးသီလက ခြေထောက်ဒဏ်ရာအတွက်ပဲ ရောက်လာတယ် ထင်ပြီး ကောင်လေးရဲ့ခြေထောက်ကို ကိုင်ကြည့်ပြီးမှ ကောင်လေး အဖျားတက်နေမှန်း သိသွားတယ်။

"ဟာ. . အဖျားတွေ တက်နေပါပေါ့လား၊ ဟော့. . ဟော့. . ငှက်ပျောသီး ထပ်မကျွေးနဲ့တော့. . . မတည့်ဘူး"

ဦးသီလ ပြောရင်း ပါးစပ်ထဲ ခွံ့နေတဲ့ ငှက်ပျောသီးကို လုယူလိုက်တယ်။

အဲ့ဒါကို မျောက်ဝံကြီး ဘယ်လိုသဘောပေါက်တယ် မဆိုနိုင်ဘူး။ ငှက်ပျောသီး လုလိုက်တဲ့ ဦးသီလကို ပိတ်ရိုက်ပစ်ပါတော့တယ်။

"ဘုံး. . ."

"အား. . ."

"ဂူး. . ဂဲ. . ဂဲ. . ဖြီး. ."

ဦးသီလ သူမှားသွားမှန်း ချက်ချင်းသိပြီး ကပျာကသီပဲ ခြေဟန်လက်ဟန်နဲ့ ပြရတယ်။ ဒီတော့မှ မျောက်ဝံကြီး သဘောပေါက်ပြီး ပြန်ငြိမ်သွားပါတယ်။ သူ့ကလေးကို သူအစာကျွေးနေတာ ကိုယ်က





သွားလုတာကိုး။ ကိုင်ပေါက်မပစ်တာပဲ တော်လှပြီ။

မျောက်ဝံကြီးငြိမ်သွားမှ ဦးသီလလည်း အရိုက်ခံရလို့ ကျောအောင့်သွားတာကိုတောင် ဂရုမစိုက်နိုင်ဘဲ ကောင်လေးအတွက် ထိုးအပ်တဲ့ဆေးရွက်ကို လင်ဗန်းထဲကနေ ရွေးထုတ်ယူလိုက်တယ်။ အဲ့ဒီနောက် သံဆုံထဲ ထည့်ထောင်းပြီး သတ္တုရည်ကို ခွက်တစ်ခုထဲ ထည့်ယူလာတယ်။

ပထမတော့ သူတိုက်မယ်လို့ စဉ်းစားပြီးမှ နောက်တစ်ခါ အမှားမခံနိုင်တာကြောင့် မျောက်ဝံကြီးကို ပေးပြီး ကောင်လေးကို တိုက်ဖို့ လက်ဟန်ပြလိုက်တယ်။

"တိုက်လိုက်. . သူ ဒါလေးသောက်ရင် ခဏလေးနဲ့ အဖျားကျမှာ ပြောသာပြောရတာ၊ ဘာမှလည်း နားလည်မှာ မဟုတ်ဘူး၊ ကျွတ်. . ကျွတ်. . ရိုက်ထည့်လိုက်တာ၊ နာလိုက်တာ လဒရာ"

အားကိုးရတဲ့မျောက်ဝံကြီးဆိုတာ ဦးသီလ မျက်လုံးနဲ့ မယုံနိုင်အောင်ပဲ မြင်ရတယ်။ ကောင်လေးကို သူ့ဘာသာ တဂူးဂူး တခွီးခွီးနဲ့ ပြောဆိုပြီး ဆေးရည်ကို ဝင်အောင်တိုက်နေတာများ လူလားအောက်မေ့ရတယ်။

"သောက်လိုက် လူကောင်. . မျိုချ. . မျိုချ"

"အား. . . ခါးတယ်"

"ခါးလည်း ကြိတ်မှိတ်သောက်ပါ လူကောင်ရာ၊ ငါမှ အထူးတာမှာ သွားမပြပေးနိုင်တာ၊ နည်းနည်းဒုက္ခခံလိုက်ပါ၊ သောက်လိုက် အေး. . ဟုတ်ပြီ. . ကုန်တော့မယ်၊ ဒါလေးပဲ ကျန်တော့တာ. . ၊ အင်း. . အင်း. . ပါးစပ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး ဆေးရွက်ရည်သောက်ပြီး ကျွမ်းပြန်အောင် ခါးနေတော့မှာသိလို့ ဦးသီလ ဟောလစ်တစ်ခွက် ဖျော်ယူလာပြီး ချပေးတယ်။ စောစောကလိုပဲ လက်ဟန်နဲ့ သောက်လိုက်ဖို့ ပြတော့ ကောင်လေး ဖြီးခနဲ သွားဖြဲပြပြီး နောက်ဆုတ်သွားတယ်။ ဒါကို မျောက်ဝံကြီးက ယူပြီးမြည်းကြည့်တယ်။

"ချိုတယ်ဟ. . . မွှေးနေတာပဲ"

"ဟုတ်လို့လား"

"ဩော်. . ရော့. . ငါ့လက်ညှိုးလေးပဲ စုပ်ကြည့်"

မျောက်ဝံကြီးက ဟောလစ်တစ်ခွက်ထဲ လက်ညှိုးထိုးထည့်ပြီး ကောင်လေးပါးစပ်ထဲ ထိုးထည့်တယ်။

"အင်း. . . ချိုတယ်၊ စိန်တစ်လုံးထက်တောင် ချိုတယ်"

ကောင်လေးခွက်ကို ယူပြီး တဂုဂု မော့သောက်ရင်းက ရပ်ပြီး မျောက်ကြီးကို တစ်လှည့်ပြန်တိုက်တယ်။

"မင်းပဲ သောက်ပါကွာ၊ ငါက ငှက်ပျောသီး စားပြီးပြီ"

"နည်းနည်းသောက်ပါဦး. . . တော်တော်ကောင်းလို့"

ကောင်လေး မျှမကျမှန်း သိပုံရပြီး မျောက်ဝံကြီး နည်းနည်း ယူသောက်တယ်။ ပြီးတော့ ကောင်လေးကိုပဲ အကုန်သောက်ခိုင်းလိုက်ပါတယ်။ ချစ်စရာလည်းကောင်း၊ သနားစရာလည်းကောင်းလှတဲ့ မျောက်ဝံကြီးနဲ့ချာတိတ်လေးကို ဦးသီလစိတ်ထဲ အတော်ခင်မင်သွားပြီး သူနဲ့ အတူနေကြရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့ တွေးရင်း ကောင်လေးခြေထောက်က အနာအတွက် ဆေးမြစ်တွေ ထုထောင်းနေတယ်။





အဲ့ဒီနောက် အဝတ်တစ်ထည်ကို ထပ်ဖြဲပြီး ဆေးမြစ်တွေ ကောင်လေးခြေထောက်မှာ အုံလိုက်တယ်။ ပြီးမှ အဝတ်နဲ့ သေချာ စည်းနှောင်ပေးလိုက်ပါတယ်။

သည့်နောက် သူတို့ကို နေပျော်အောင် စည်းရုံးချင်တဲ့ဆန္ဒနဲ့ သူတို့ဗိုက်ကို ပြန်ဖွင့်ပြီး တရုတ်ရိုးရာ သာယာနာပျော်ဖွယ်ဂီတနဲ့ အက ခွတို ထည့်ဖွင့်ပေးလိုက်တယ်။ ဦးသီလ မျှော်လင့်ထားတဲ့အတိုင်း ပဲ၊ ယိမ်းအဖွဲ့သား အများကြီးသုံးပြီး နာပျော်ဖွယ် သီချင်းတေး သွားနဲ့ တရုတ်ရိုးရာ အနုပညာကကွက်များဟာ အရှိုင်းဆန်စွာ အသက်ရှင် နေထိုင်လာကြတဲ့ မျောက်ဝံကြီးနဲ့ချာတိတ်လေးတို့ရဲ့ စိတ်အာရုံကို သပ်သပ်ရပ်ရပ် ဆွဲခေါ်သွားတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com








## အခန်း-၄

ရက်သတ္တပတ်တစ်ပတ်ကျော် ကြာတဲ့အထိ ကေလာသနဲ့ လူကောင်တို့ တောင်တောဒေသတွင်းထဲ ပြန်ရောက်မလာဘဲ ထုံးဝပျောက်ချက်သားကောင်းနေတဲ့ကိစ္စက ဆောင်းခိုဖို့ရောက်လာတဲ့ ဧည့်သည်တိရစ္ဆာန်တွေအတွက် ဘာမှမဟုတ်ပေမယ့် ဒေသတွင်းအတူတကွနေထိုင်တဲ့ တိရစ္ဆာန်တွေအတွက် ပြဿနာတစ်ခုဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သာမန်အားဖြင့်တော့ တိရစ္ဆာန်တစ်ကောင် သေတာ ပျောက်တာ မဆန်းပေမယ့် တိရစ္ဆာန်မျိုးနွယ်စု အားလုံးနီးပါးလိုလိုနဲ့ ခင်မင်ရင်းစွဲရှိတဲ့ လူကောင်ပျောက်ဆုံးတာဟာ နှမြောတသ ဖြစ်စရာ၊ လွမ်းဆွတ်ကြေကွဲစရာလို ခံစားမိတဲ့အတွက် ကိုယ့်မျိုးနွယ်စုနဲ့ကိုယ် အတွေးအမျိုးမျိုး သုံးသပ်ချက် အမျိုးမျိုးအဖုံဖုံ ထွက်ပေါ်လာခဲ့တယ်။

ဒါပေမယ့် ဘယ်လိုပဲ သုံးသပ်ပါစေ၊ အများစု အတွေးတူနေတဲ့အချက်ကတော့ ကေလာသနဲ့လူကောင်ကို တီဂေါ်လောတို့ အုပ်စု ဖျက်စားပြီး အစဖျောက်လိုက်တာဆိုတဲ့အချက်ပါ။

ဒါကလည်း 'အစရှိတော့ အနောင်နောင်'. . . 'တစ်ခါနိုး တစ်သက်မယုံ'ဆိုတဲ့ ဆိုရိုးစကားလိုပါပဲ။

တီဂေါ်လောတို့အုပ်စုကလည်း အဲ့သလို ခွေးကျင့်ခွေးကြံ ကြံတတ်တဲ့ပြဿနာမျိုးတွေကလည်း ရှေ့မှာရှိခဲ့ဖူးတော့ ဒီလိုထင်ကြတာ မဆန်းဘူးမဟုတ်လား။

အဆိုးဆုံးကတော့ ညီညွတ်ရေး၊ ဒေသတွင်းအချင်းချင်း အနိုင်အထက်မပြုရေး စည်းမျဉ်းတွေ ထုတ်ပြန်ပြီးကာမှ ဒီပြဿနာ ပေါ်ပေါက်လာတော့ မျိုးနွယ်စုအချင်းချင်း ညီညွတ်မှု၊ ယုံကြည်မှုတွေမှာ အက်ကြောင်းတွေ ထင်လာခဲ့ကြတယ်။

တီဂေါ်လောတို့ အုပ်စုအပေါ်မှာ အခြားမျိုးနွယ်စုတွေရဲ့ အကြည့်မျက်လုံးတွေက ရွံရှာစက်ဆုပ်မှုတွေ အရိပ်ထိုးလာလို့ တီဂေါ်လောတို့ အတော်ခြေချုပ်မိကုန်ကြတယ်။

ဒီလိုခြေချုပ်မိတာဟာ သူတို့ရဲ့စားဝတ်နေရေးကိုပါ ဆိုးဆိုး





ဝါးဝါး ထိခိုက်လာခဲ့တယ်။

ကြာလာတော့ ခွေးအတွေ ခံနိုင်ရည် မရှိတော့ဘဲ တီဂေါ်လောကို ခေါင်းဆောင်အဖြစ်ကနေ ဖြုတ်ချပြီး ဒီအခက်အခဲကို တိုင်တွယ်ဖြေရှင်းနိုင်မယ့် ထက်မြက်တဲ့ခေါင်းဆောင်သစ်ကို ရွေးကောက်တင်မြှောက်ဖို့အထိ လျှို့ဝှက်လှုပ်ရှားမှုတွေ ဖြစ်ပေါ်လာခဲ့တယ်။

ဒါကို တီဂေါ်လော သိတော့ အကြီးအကျယ် ပေါက်ကွဲတာပေါ့။

လူကောင်နဲ့ ဝမ်းဘိုင်ဝမ်း ဆွဲတုန်းက ဒဏ်ရာအနာတရကလည်း ရထားတော့ သူ့ခမျာ စိတ်ထောင်းကိုယ်ကြေနဲ့ ခွေးအ,အစည်းအဝေးကို အရေးပေါ် ခေါ်ယူလိုက်ပါတော့တယ်။

ဒီအစည်းအဝေးဟာ ခွေးအ,အုပ်စုတွင်းမှာ ထူးထူးခြားခြား အပြောင်းအလဲတစ်ခု ဖြစ်ပေါ်နိုင်တဲ့ အစည်းအဝေးဖြစ်လို့ တောင်တောဂျာနယ်လစ်တွေ သတင်းမီဒီယာတွေဖြစ်တဲ့ ဇီးကွက်၊ ကြက်တူရွေးနဲ့ တောကြီးကန်းတို့ အချိန်မီ ရောက်ရှိလာကြတယ်။

သူတို့ရောက်ပြီး မကြာခင်မှာပဲ ခွေးအ,ခေါင်းဆောင် တီဂေါ်လောက အစည်းအဝေးကို စတင်လိုက်ပါတယ်။

"ကျုပ် လိုရင်းတိုရှင်းပဲ ပြောပါမယ်၊ ကျုပ်ဟာ ခင်ဗျားတို့အားလုံးရဲ့ခေါင်းဆောင်ပါ။ ခင်ဗျားတို့အားလုံးရဲ့ စားဝတ်နေရေးကို တာဝန်ယူ ဖြေရှင်းပေးခဲ့တဲ့ကာလဟာ ဒီကနေ့ပါဆို နွေမိုးဆောင်း သုံးကြိမ်ပြောင်းခဲ့ပါပြီ၊ ကျုပ်လည်း ပင်ပန်းလှပြီ. . .

ဒါပေမယ့်. . . ခင်ဗျားတို့ ဘာမှမလုပ်ခင် ဘာမှမဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ခင် စဉ်းစားထားရမှာက ခေါင်းဆောင်ကောင်းဆိုတာ. . ကိုယ်ဘယ်လောက်တော်တတ် ထက်မြက်သလဲဆိုတာထက်. . ကိုယ်ဘယ်လောက် အနစ်နာခံ ပေးဆပ်နိုင်သလဲဆိုတာ အဓိကကျပါတယ်၊

ကျုပ်လည်း ခင်ဗျားတို့လို မိန်းမယူ၊ သားသမီးတွေ မွေးပြီး ပျော်ရွှင်တဲ့မိသားစုဘဝနဲ့ နောက်လိုက်ခွဲတမ်းလေး စားပြီး အေးအေးလေး နေချင်နားချင်ပါတယ်၊ ကျုပ်မှာ အုပ်စုခေါင်းဆောင်ဖြစ်ကတည်းက အချစ်ကိစ္စကို ဘေးချထားရတယ်၊ ချစ်သူနဲ့ လမ်းခွဲခဲ့တယ်၊ အိမ်က သဘောတူတဲ့သူကို ငြင်းခဲ့တယ်၊ မျိုးဆက်တုံးအောင် လုပ်တဲ့သားဆိုပြီး မိဘရဲ့စွန့်ပစ်ခြင်းကို ခံယူခဲ့တယ်၊ နေ့ရောညပါ ခွေးအ,တွေ အစာဝဖို့ ကျုပ်ကြိုးစားခဲ့တယ်၊

ဒီလောက်အနစ်နာခံ ကိုယ်ကျိုးစွန့်ခဲ့တဲ့ကြားက ကံဆိုးမိုးမှောင်ကျပြီး ဒီနေ့လိုအဖြစ်ဆိုးနဲ့ ရင်ဆိုင်နေရတယ်၊ ဒီပြဿနာဟာ အလွယ်တကူ ဖြေရှင်းလို့မရနိုင်တာ ခင်ဗျားတို့အသိပဲ၊ မဖြေရှင်းတတ်ရင် ကျုပ်တို့မျိုးနွယ်စုတစ်ခုလုံး တောင်တောကနေ စွန့်ခွာသွားရနိုင်တဲ့အတွက် ကျုပ် အကောင်းဆုံး ဖြေရှင်းနိုင်အောင် ကြိုးစားနေပါတယ်၊ ဒါကို ခင်ဗျားတို့ သည်းမခံနိုင်ဘူးဆိုရင်တော့ ကြိုက်တဲ့ခေါင်းဆောင်တက်ပါ ကျုပ်နားမယ်. . . ဒါပါပဲ"

ပြောပြီး သစ်တုံးပေါ်ကနေ ခုန်ဆင်းသွားတဲ့ တီဂေါလောကို ခွေးအ,အုပ်ကြီး အသက်ရှုဖို့ မေ့သွားသလို လိုက်ကြည့်နေကြတယ်။ သူတို့အားလုံး မတွေးမိတဲ့အချက်ကို တီဂေါလော တွေးမြသွားတာဟာ တကယ့်ကို ခေါင်းဆောင်ပီသတယ်ဆိုတာ ငြင်းလို့မရနိုင်တဲ့ အချက်ပဲမဟုတ်လား၊ အဲ့ဒါကတော့ ဗိုက်ဆာလို့ ရေသောက်





ပြီး မှောက်အိပ်နေရတဲ့ဒုက္ခထက် တောင်တောကနေ မောင်းထုတ်ခံရပြီး တစ်မျိုးလုံး ခွေးလေခွေးလွင့်ဘဝ ရောက်သွားနိုင်တယ်ဆိုတဲ့အချက်ပါ။

၍ ၍ ၍ ၍



www.burmeseclassic.com

www.burmeseclassic.com



“ဖိုးကွက်ဂျာနယ် . . . ဖိုးကွက်ဂျာနယ်နော်၊ သတင်းထူးတွေပါတယ် . . . သတင်းထူးတွေ”

“အာ့အာဂျာနယ် . . . အာ့အာဂျာနယ် သတင်းထောက်တောကျီးကန်းကိုယ်တိုင် အင်တာဗျူး လုပ်ထားတဲ့ . . ‘တီဂေါ်လောဘာလဲ . . ဘယ်လဲ’ဆိုတဲ့ သတင်းနော်”

“အာခေါင်နီ သတင်းဂျာနယ်တွေ . . . ယနေ့ တောင်တောဒေသရဲ့ဟီးရိုးဆိုတာ ဘာလဲ၊ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့ ဘာတွေလိုအပ်သလဲ၊ အဟမ်းဟမ်း . . . သိချင်ရင် ဝယ်ဖတ်၊ ငရုတ်သီးတစ်တောင့်”

“လမ်းဘေးမှာ ကန်ထုတ်ထားတဲ့ အပုပ်အသိုးတစ်ပွဲထဲနဲ့ အာ့အာဂျာနယ်ကို စုံစုံစေ့စေ့ ဖတ်သွားရမယ်နော”

ညနေ နေဝင်ရီတရောအချိန်လေးမှာပဲ တောင်တောဒေသ





ရဲ့ တစ်ခုတည်းသော လမ်းလေးခွဆုံမှာ ဂျာနယ်ငှက်တွေ သူ့ထက်င အပြိုင်အဆိုင် အော်ရောင်းနေကြလို့ အိပ်တန်းပြန်တက်လာတဲ့ ငှက်တွေနဲ့ တောတိရစ္ဆာန်တွေ စိတ်ဝင်တစားဖြစ်ကုန်ကြတယ်။

“အာခေါင်နီနော် . . . သိချင်ရင် ဝယ်ဖတ်ကြ”

“ဟော့ . . အာ့အာ . . မီဒီယာဂရုကထုတ်တဲ့ ဂျာနယ်ကွ”

“နားငြီးတယ်ဟေ့”

ရုတ်တရက် အသံပြကြီးနဲ့ ထအော်လိုက်တဲ့ ဂျာနယ်သတင်းထောက် ဦးဖိုးကွက်ကြောင့် ကြက်တူရွေးနဲ့ တောကျီးကန်းတို့ လှမ်းကြည့်လိုက်ကြတယ်။

“ချိုးမပဲ . . . ဂျာနယ်ရောင်းတာ ကုန်စိမ်းရောင်းတာ ကျနေတာပဲ၊ မင်းတို့ အဲ့သလောက် အော်ရောင်းချင်ရင် သီရိမင်္ဂလာဈေး သွားကြ”

ဆိုတော့ကာ တောကျီးကန်း နည်းနည်းတင်းသွားတယ်

သူနားနေတဲ့ကိုင်းကနေ ဖိုးကွက်ရှိတဲ့ သစ်ခေါင်းပေါက်ကို ဖလန်းဖလန်းထအောင် ပျံသွားပြီး . . .

“နေစမ်းပါဦး . . . ကျုပ်ပါးစပ်နဲ့ ကျုပ်အော်တာ ခင်ဗျားအ ဘာပါလဲ၊ ခင်ဗျားလည်း ရွှေရောင်းသလို ဂ္ဂန္ဓြေတခွဲသားနဲ့ ရောင်းချင်ရင် မဂိုလမ်းသွားပါလား”

“အောင်မာ . . . မနေ့တစ်နေ့ကမှ ဒီလောကထဲ အုပ်သင်းကွဲပြီး ရောက်လာတဲ့ကောင်က ကျီးပါးဝလို့၊ မင်းဘာကောင်လဲ”

“တောကျီးကန်း”

“အေး . . . ငါက ဖိုးကွက်ကွ၊ ဖီးလ်တက်လာရင် လက်သီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပဲ ထွက်လာတတ်တဲ့ကောင်. . . ကဲကွာ"

"ခွပ်. . ."

"ဟာ. . . ခင်ဗျား. . ကဲ. . ဖောင်း"

"ခွပ်. . ဖောင်း. . ခွပ်. . ဖောင်း. . ခွပ်. . ဖောင်း"

အဲ့ဒီအချိန်မှာ အာခေါင်နီ သတင်းဂျာနယ်သမား ကြက်တူရွေး အတော့်ကို အလုပ်ဖြစ်သွားပါတယ်။ ဇီးကွက်နဲ့ တောကျီးကန်း ဖိုက်တင်ပလေးနေကြတုန်း သတင်းတစ်ပုဒ်ကို စပါးတစ်စေ့နှုန်း ဒစ်စကောင့် ချပေးလိုက်လို့ ပြိုင်ဘက်ကင်းစွာနဲ့ သတင်းကောင်း ဖြန့်ဝေနိုင်ပါတော့တယ်။

"ဒီလိုဗျ. . . ဒီနေ့ တီဂေါလောက ခွေးအ,တွေကို အရေးပေါ် လွှတ်တော်ခေါ်လိုက်တယ်"





"သတင်းတွေကတော့ ဘယ်ဟာက ဘာမှန်းမသိအောင် ဖြစ်နေပြီကွ၊ ကေလာသလည်း သေတော့မှပဲ နာမည်ကြီးတော့တယ်"

လရိပ်ကွေးလေးနဲ့ တိတ်ဆိတ်အေးချမ်းတဲ့ ဆောင်းညထဲမှာ ပေတိုးရဲ့ညည်းညည်းညူညူ ပြောဆိုလိုက်သံကြောင့် ကျောက်ဂူကြီးထဲ ငိုက်မြည်းစပြုနေတဲ့ သူ့ရဲ့ဆွေမျိုးသားချင်းတွေ မျက်လုံးပွင့်လာကြတယ်။

လှမ်းကြည့်လိုက်တော့ ပေတိုးတစ်ကောင်တည်း မီးလှုံနေတာလေ။

ခဏကြာတော့ ပေတိုးရှေ့က မီးပုံပတ်လည်ကို တစ်ကောင်ပြီးတစ်ကောင် ရောက်လာတယ်။ အမှန်တော့ ကေလာသဆိုတဲ့အသံ ကြားလိုက်လို့ အားလုံးမျက်စိကျယ်ပြီး ရောက်လာကြတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော သူတို့အုပ်စုထဲမှာ ကေလာသပြီးရင် ပေတိုးက အုပ်စုခေါင်းဆောင်ဆိုပေမယ့် ကေလာသလောက် ဩဇာမပေါက်တာတော့ သေချာတယ်။ ပေတိုးကတော့ အကြီးကောင်မရှိလို့ အခြေအနေအရ ရာထူးသာ တက်နေတာ။ အာရုံနောက်တာ ခေါင်းစားတာတွေ သိပ်ဖိလင်မလာဘူး။ သူ့ဘာသာ တစ်ကောင်တည်း ကိုယ့်ဖီးလ်နဲ့ကိုယ် နေရတာလောက်ပဲ အာရုံရှိတာ။

ကေလာသကတော့ အဲ့သလို မဟုတ်ဘူး။ မျောက်အိုကြီး တစ်ကောင်လို ဇွန်းကျလည်းပြော၊ ပန်းကန်ကျလည်းပြော၊ မျက်စိထဲ ထောင့်မတည့်ရင် ပြေးကန်ရင် ကန်ပစ်တာ။

သူ့အဖေရဲ့မယားပါသားအုပ်စုဆိုရင် ဆိုက်ဗေးရီးယား မျောက်မျိုးပီပီ တော်တော်သောင်းကျန်းတာ။

ဆိုက်ဗေးရီးယာမျောက်လို့ ပြောတာက အဲ့ဒီမျောက်မုဆိုးမက သားအုပ်တစ်အုပ်နဲ့ တောင်တောဘက်ကို ပြေးလာကြတာ။ ဟိုမှာက ရာသီဥတု ဆိုးတယ်ဆိုပဲ။ သူတို့ခမျာ ဆိုက်ဗေးရီးယားကနေ အာရှတိုက်ကြီးကို ကန့်လန့်ဆင်းပြီး တရုတ်ပြည်မကြီးထဲဝင် အဲ့ဒီကမှ သူတို့တောင်တောကို ဝင်လာရရှာတာလေ။

အဲ့ဒီအတုန်းက ကေလာသတို့အဖေကလည်း ဒေသတွင်း ဩဇာပေါက်တဲ့ အကြီးအကဲတစ်ကောင်ဖြစ်နေတော့ နိုင်ငံခြားသူ မုဆိုးမချောချောလေးတွေ့တာနဲ့ တော်ကောက်ပစ်လိုက်တာ။

မယားပါသားတွေကို မအုပ်စီးနိုင်လို့ နာမည်ပျက်ပြီး ရာထူးက ပြုတ်ပါရောလား။ အဲ့ဒါကြောင့်လည်း ကေလာသ,က မျက်မုန်းကျိုးနေတာနေမှာ။ သူ့အဖေလည်း သေရော အုပ်စုရဲ့အကြီးအကဲ





ဘာဝန် သူလွှဲယူပြီး အဲ့ဒီဆိုက်ဗေးရီးယားဆိုတဲ့ အကောင်တွေကို တစ်ကောင်ပြီးတစ်ကောင် ခေါ်တွယ်တော့တာကလား။

ဟိုကောင်တွေလည်း တကယ်တွယ်တဲ့ကောင်နဲ့ တွေ့တော့ အတော်ငြိမ်သွားတယ်။ ဒါပေမယ့် ကေလာသ,က အကြီးအကဲစိတ် ရှိတယ်။ ဘေစရာရှိရင် ဘယ်သူ့မျက်နှာမှ မကြည့်ဘဲ ဘေပစ်ပြီး ကျွေးစရာပေးစရာရှိရင် သူ့အတွက်တောင် မချန်ဘဲ ပေးကျွေးပစ်တာ။ သူလိုချင်တာ စည်းကမ်းပဲဆိုတော့ကာ ကေလာသကို တစ်အုပ်လုံး ချစ်ကြောက်ရိုသေကြတယ်။

အဲ့ဒီအပြင် ကေလာသရှိရင် သူတို့အုပ်စုကို ဘယ်သူမှ မစော်ကားရဲဘူး။ တခြားမျိုးနွယ်စုတွေနဲ့ ပြဿနာရှိလာရင် ကိုယ့်ဘက်က မှန်မှန်မှားမှား သူ ရှေ့ဆုံးကထွက်ပြီး ဖိုက်တာလုပ်တာ။ ဂူထဲရောက်မှ ကိုယ့်မျောက်ကိုယ် သတ်ချင်သတ် ဖြတ်ချင်ဖြတ်၊ အပြင်က ကောင်တွေတော့ ဘယ်သူမှ လာမစော်ကားနဲ့။

ကေလာသ,က အဲ့သလို. . .။

သူ့ဘေးမှာလည်း သူ့မွေးစားသား လူကောင်ကလည်း ရှိတယ် မဟုတ်လား။ လူကောင်ကလည်း အစွယ်မရှိ အဆိပ်မရှိကဲ့ကောင်မို့လို့သာ. . . ရှိများရှိရင် ခြင်္သေ့လိုကောင်ကိုတောင် အနိမ့်ဖော်လုပ်နိုင်းထားမလား မသိဘူး။

ခုတော့ သူတို့မျောက်ဂူထဲမှာ ကေလာသလည်းပျောက်၊ လူကောင်လည်း ပျောက်ပြီး ရေမြွေလို ပေတိုးပဲရှိတော့ ဘယ်သူမှ မလေးစားကြတော့ဘူး။

မနေ့ကဆို ဒရယ်အုပ်တစ်အုပ် ရေသောက်ဆင်းပြီး ဂူရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ချေးပါချသွားတာ ဘယ်လောက် အသည်းယားဖို့ကောင်းလဲ။ ပေတိုးက ဘာမှမပြောတော့ ကျန်တဲ့ကောင်တွေလည်း အသာငြိမ်နေရတယ်။

"ကိုကြီးပေတိုး ဘာသတင်းကြားလို့လဲ"

"ငါလည်း စုံနေတာပါပဲကွာ၊ ညနေက အာခေါင်နီကျွန်းနယ်ဖက်လာတဲ့ကောင်တွေ ပြောတာကတော့ တီဂေါ်လော သတင်းစာရှင်းလင်းပွဲ လုပ်တယ်တဲ့၊ ကေလာသန့်လူကောင်ကို သူတို့ သတ်တာမဟုတ်ဘူး၊ သူတို့ အမဲကောင် လူတစ်ယောက် ရတာကိုတောင်ကေလာသတို့က လုသွားတယ်တဲ့ကွ"

"ဟာ. . . ဒါ အဓိပ္ပါယ်မရှိတာပဲ၊ ဒီကောင်တွေလား. . . အာပုပ်စော် အနံ့ခံပြီး ဥပုသ်စောင့်မှာ"

"နောက်သတင်းက အဲ့ဒီလူသားက ကေလာသတို့ကို အောက်ချိုင်းရေတံခွန်ဘက် ခေါ်သွားတယ်တဲ့"

"ဟင်. ."

"အေး. . . အဲ့ဒါကို ငါစဉ်းစားနေတာ၊ ငါတို့ အောက်ချိုင်းဘက် သွားကြည့်ရရင် ကောင်းမလားလို့"

"ဟာ. . . အဲ့ဒါ အန္တရာယ်များတယ် ကိုကြီးပေတိုး၊ ဟိုတလောက မြောက်ပိုင်းအုပ်စုနဲ့ တိုက်ပွဲဖြစ်ထားတာ ဘာမှကြာသေးတာ မဟုတ်ဘူး၊ အောက်ချိုင်းသွားရင် မြောက်ပိုင်းနယ်စပ်ကို ဖြတ်ရမှာ၊ လွယ်တော့ မလွယ်ဘူးဗျ၊ တခြားအုပ်စုတွေရဲ့ အကူအညီရမယ်ဆိုရင်တော့ တစ်မျိုးပေါ့"

"ဟား. . . ညှော်လိုက်တာကွာ၊ ဟိုကောင်တွေ ဘာလုပ်





နေတာလဲ"

"ငှက်ပျောသီး မီးဖုတ်စားနေတာ"

"တယ်. . . ဒီကောင်တွေ"

အောင်မြင်စာပေ

www.burmeseclassic.com



မနက်မိုးမလင်းခင်ကတည်းက ဗိုက်ဆာလို့ ဝါးရုံတော

တိုးပြီး မျှစ်ချိုးစားနေတဲ့ ပြောင်ကြီးတို့ညီအစ်ကို,ကို ဝါးရုံတောထဲ အိပ်တဲ့ ကျီးကန်းအုပ်တွေ ထဆဲကြတယ်။

"အာ့အာ့. . သေနာကျ သေရင် တစ်နှစ်လောက် ပုပ်မှ အရိုးကျ၊ အာ့အာအ. . လဒ အုပ်လိုက်ကျ"

"ဝူး. . အူး. . သောက်ကျီးကန်းတွေ ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲဗျာ. . . သူများတွေ အိပ်နေတာ တဝုန်းဝုန်း တဗျောင်းဗျောင်းနဲ့၊ ခင်ဗျား တိရစ္ဆာန်အမူအရေး နားမလည်ဘူးလား"

"ဘာ. . ဘာ. . မင်းတို့ ငါ့လို ရေမြွေသခင် ဟိုင်းဆင်တို့များ စော်ကားရဲသလား၊ အေး. . . ဒီနေ့ကစပြီး မင်းကျီးကန်းတွေ ဘုံပျောက်ပြီသာမှတ်"





ဟိုင်းဆင်ကြီး ဒေါသအမျက်ကြီးသွားပြီး သူ့ရဲ့အစွယ်ကောက်ကောက် နှာမောင်းတောင့်တောင်ကြီးနဲ့ တွေ့သမျှဝါးပင်တွေကို ရိုက်ချိုးတွန်းလှဲပစ်တော့တယ်။

"ဖြုန်း. . . ဗျောင်း"

"ကိုဟိုင်း. . ဟေ့. . ဟေ့. . ဆင်ကြီး"

"ဘာလဲကွ"

"ဟာ. . . သူများအသိုက်အအုံကို မဖျက်ဆီးကောင်းဘူးဗျာ"

"ဘာ. . . မင်းယောက်ဖတွေ ငါ့ကို စော်ကားသွားတာမမြင်ဘူးလား"

"ဖြောင်း. . "

"ဟာ. . . ကိုဟိုင်းရာ၊ ကျီးကန်းဆိုတာ အာတဲ့မျိုးပါ၊ သူ့သဘာ အာချင်အာ မအာချင်နေ၊ မောရင် ရေသောက်ပြီး အပုပ်အသိုး ရှာစားလိမ့်မယ်၊ ကိုယ်က ဘာလို့ အကုသိုလ်ယူရမှာလဲ၊ အကြီးအကဲလုပ်ချင်ရင် သဘောထားကြီးရတယ်ဗျ"

ပြောင်ကြီး အဲ့သလို သတိပေးစကားပြောလိုက်မှ ဟိုင်းဆင်ကြီး ဘရိတ်ကို ရှူးခနဲမြည်အောင် အုပ်ပြီး ရပ်သွားတယ်။

"အေး. . . မင်းပြောမှ ငါသတိရတယ်၊ ဟိုကောင် တီဂေါ်လောတို့အုပ်စုကိစ္စ အုပ်စုအားလုံး ဆုံပြီးရှင်းဖို့ အကြောင်းကြားခိုင်းထားတာ ဘာမှလည်း မထူးပါလား"

"မထူးဆို အဲ့ဒီကောင်တွေကို ဘယ်သူမှ အယုံအကြည်မရှိတော့ဘူးလေ၊ သူတို့အုပ်စုထဲမှာတောင် တီဂေါ်လောကို အွှဲချဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုလား ကြားနေရတယ်"

"ဟေ. . . ဒါဆို ကေလာသတို့ ဘဝပျက်ပြီပေါ့ကွ၊ ဘယ်

လုပ်ကြမလဲ"

"ကိုယ့်ဘာသာ အေးအေး မျှစ်ချိုးစားစမ်းပါဗျာ၊ အိုးက

စလောင်းကပူ ဂွက်ထူလုပ်မနေစမ်းပါနဲ့၊ တကယ်ဆို ဒီကိစ္စအတွ

လောဆော်ပြီး အကူအညီရှာရမှာ ပေတိုးတို့အုပ်စုပဲ၊ ပေတိုးက

ရှူးချင်ယောင်ဆောင်နေတာ၊ ဘယ်သူက ဘာလုပ်စရာလိုလဲ"

"အေးကွ. . . ဒါလည်း ဟုတ်တာပဲ၊ နေပါဦး. . . ဒီကော

ဘာလုပ်နေလဲ"

"ရည်းစားပူမိနေတာ. . ခါးရှည်ရဲ့အစ်မ မိချောက ကော

ဆိုးနဲ့ လိုက်ပြေးသွားလို့ ဆွေးပြီး အသစ်ရှာနေတာလေ"

"ဟေ. . ဒီကောင်က. . "

"ဟုတ်တယ်ဗျာ. . မနေ့က ကျုပ်အပေါ်တက်တော့ ပေ

ရယ် တောင်စောင်းမှာ ပြောင်ချောင်းနေတယ်"

"ဘာ. . ဘာ. . ဘယ်လို"

"ဒီနှစ်မှ ဟိမဝန္တာကနေ ဆောင်းခိုအုပ်နဲ့ ရောဝင်လာ

မျောက်အုပ်သိတယ်မဟုတ်လား"

"အင်း. . "

"အဲ့ဒီအုပ်ထဲက မျက်နှာဖြူဖြူနဲ့ မျောက်မလေးတစ်ကော

ပါလာတယ်၊ အဲ့ဒါကို သူကျိတ်ပိုးနေတာ၊ မနေ့က မျောက်ဖြူမ

ချိုးနေတာကို ချောင်းနေတာလေ"

"ဟတ်ဟတ်ဟတ်. . . ဒီကောင်မှ ဟုတ်နေပြီ၊ အေးေ





ေတွသားပဲ၊ ဟားဟားဟား. . ကိုင်း. . ဗိုက်လည်း ဝပြီကွာ. .

စို့ အားလာလာ. . နှာမောင်းတွေ နှာလိုက်တာ"

"ကိုယ့်ဒေါသနဲ့ကိုယ်ပဲဗျာ. . . ခံလိုက်ပေါ့"

"ဟကောင်. . . "





www.burmeseclassic.com

www.burmeseclassic.com








# အခန်း-ခြောက်

ဒီနေ့ပါနဲ့ဆို မျောက်ဝံကြီးနဲ့ချာတိတ်လေး သူ့တဲစခန်းမှာ တည်းခိုနေတာ ဆယ်ရက်တင်းတင်းပြည့်သွားပြီ။ ချာတိတ်ရဲ့လက်က ဒဏ်ရာရော ခြေထောက်က ဒဏ်ရာပါ. . သက်သာတဲ့အပြင် အတော်လည်း ရင်းနှီးခင်မင်လာလို့ ဦးသီလ အတော့်ကို ဝမ်းသာနေတယ်။

သူတို့အတွက် တစ်ခုတည်းသောဆွဲဆောင်မှုက တီဗီပါပဲ။ ဆယ်ရက်လုံးလုံး အားအားရှိ တီဗီပဲ လက်ညှိုးထိုးနေတာ့လို့



www.burmeseclassic.com

www.burmeseclassic.com



နေစွမ်းအင်သုံး ဆိုလာတွေနဲ့မို့လို့သာပေါ့။ ဆီထည့်မောင်းရတဲ့ မီးစက်နဲ့သာဆို ခက်ပဲခက်လှချည်ရဲ့။

သူတို့အကြိုက်ဆုံး အခွေကတော့ Discovery ပါပဲ။ တစ်ကမ္ဘာလုံးက တိရစ္ဆာန်မျိုးစုံရဲ့သဘာဝကို ပီပီပြင်ပြင် ရိုက်ပြထားတော့ သူတို့တွေ အဲ့ဒါကို ထိုင်ကြည့်ပြီး ဝေဖန်ကြ၊ ရယ်ကြ၊ ပြောဆိုကြနဲ့ အတော့်ကို သဘောတွေ့နေတာပါ။

ဒီကာလအတွင်း သူလည်း မပျင်းရတော့လို့ အလုပ်တွေလည်း အတော်လုပ်ဖြစ်တယ်။ သုံးနှစ်အတွင်း ရှားပါးလှတဲ့ ဘယဆေးတွေလည်း အတော်အတန် စုဆောင်းဖော်စပ်ပြီးနေပြီဆိုတော့ ဒီကောင်တွေကို တဲစောင့်ထားခဲ့ပြီး ခဏပြန်ရရင်ကောင်းမလားလို့ အတွေးဖြစ်မိတယ်။ ရိက္ခာကလည်း ပြတ်နေပြီမဟုတ်လား။

ခါတိုင်းက ကိုယ်တစ်ယောက်တည်းဆိုတော့ တောစာနဲ့ မြို့စာကို မျှပြီးဆန့်စားတော့ လုံလောက်တယ်။ အခု သူတို့ပါ သုံးဦးစာမို့လို့ ပြိုက်ခနဲ ပြိုက်ခနဲကို ကုန်တာ။ စားအားကလည်း ကောင်းမှကောင်း။ အဲဒီတော့ မြို့တက်ပြီး ဆွေမျိုးသားချင်းတွေနဲ့လည်း ပြန်တွေ့ရင်း ဆေးဝါးပစ္စည်းတွေ ရောင်းချ၊ ရိက္ခာနဲ့အသုံးအဆောင်ပစ္စည်းတွေဝယ်ပြီးမှ ပြန်လာရကောင်းမလားပေါ့။

ခက်တာက သူတို့ကရော ကိုယ်ထားခဲ့ရင် နေမှာလား၊ ကိုယ်ပြောတဲ့စကားလည်း နားမလည်နဲ့. . . ဘယ်လိုလုပ်ရမှာ။

ဦးသီလတစ်ယောက်တည်း အဲ့သလိုတွေးပြီး ဆေးမြစ်တွေ အိတ်တစ်အိတ်ထဲ စနစ်တကျ ထုပ်ပိုးရင်းက သေထုမန ဆေးပင်တစ်ပင်ကို ကိုင်မိသွားလို့ ချက်ချင်း ရေအင်တုံ့ရှိရာ ထပြေးပြီး ဆေးကြောလိုက်ရတယ်။

ဒီဆေးပင်က လက်အိတ်မပါဘဲ လုံးဝထိကိုင်လို့မရတဲ့ဆေးပင်လေ။ ဇီချွမ်ပြည်နယ်က တရုတ်တိုင်းရင်းသမားတော်ကြီးရဲ့ အဆိုအရ ဒီဆေးပင်ကို ရှေးဘုရင်များလက်ထက်က သမားတော်တွေက ခွဲစိတ်ရမယ့်လူနာတွေမှာ သုံးသတဲ့။ ဆေးပင်နဲ့ ထိလိုက်တာနဲ့ ဆေးပင်က သဘာဝသတ္တိတွေဟာ လူရဲ့မွေးညင်းပေါက်တွေကတစ်ဆင့် အသားထဲ စိမ့်ဝင်သွားပြီး သွေးကြောတွေထဲကနေ ဦးနှောက်ထဲ ဝင်သွားတယ်။

အဲ့ဒီအခါမှာ မေ့ပြီး တုံးခနဲ ပစ်လဲသွားတယ်။ ဒါပေမယ့် တစ်ရက်ပဲ။ နောက်တစ်ရက်မှာ သတိပြန်လည်လာတယ်။ ပြဿနာက မူလမှတ်ဉာဏ်တွေ ပျောက်ဆုံးကုန်တတ်လို့ သူ့ကို ဆေးပင်နဲ့ မထိမတို့ခင်ကတည်းက သူအစွဲလမ်းဆုံးဖြစ်တဲ့အရာကို မေးထားရတယ်။ သတိရလာရင် အဲ့ဒါနဲ့ မှတ်ဉာဏ်ကို ပြန်ဖော်ယူရတယ်

သည်နောက်ပိုင်းတော့ သမားတော်တွေ ဒီဆေးပင်ကို အဲ့သလိုအခက်အခဲတွေကြောင့် အသုံးနည်းလာတယ်။

ဘေးထွက်ဆိုးကျိုးလို့ခေါ်ပြီး ကောင်းကျိုးတစ်ခုဖြစ်စေတာက ဦးနှောက်ထဲမှာ မသုံးဖြစ်သေးတဲ့ မှတ်ဉာဏ်ဆဲလ်အသစ်တွေကို အမြန်ဆုံး နိုးထစေတာပဲတဲ့။

ဦးသီလ ဆေးပင်အကြောင်း တွေးရင်းက အကြံတစ်ခု ရလိုက်တယ်။

(ဟုတ်တယ်. . . ချာတိတ်ကို သေထုမနနဲ့ ဆဲလ်သစ်ကို နှိုးရမယ်၊ မူလဇာတိသဘောတွေ ဝင်လာအောင်လုပ်ရမယ်)







www.burmeseclassic.com

www.burmeseclassic.com



"ဘိုးတော်. . . ဘာတွေအလုပ်ရှုပ်နေသလဲ မသိဘူး၊ ငါတော့ ဗိုက်ဆာပြီကွ"

"ဦးကေဗိုက်ကလည်း ထိုင်နေရင်းကို ဆာနေတာပဲ"

ပြောရင်း လူကောင်လှည့်ကြည့်တော့ ဦးသီလ လှမ်းအကြည့်နဲ့ ဆုံပြီး လူကောင်က သူ့ဗိုက်ကို ပုတ်ပြလိုက်တယ်။ ဆယ်ရက်တာ ကာလအတွင်းမှာ ဒီလောက်တော့ နားလည်မှု ရနေပြီလေ။ ဦးသီလ ချက်ချင်းသဘာပေါက်ပြီး မနက်က ပြုတ်ထားတဲ့ သစ်ကျားဥတွေကို ဇလုံနဲ့ ယူလာချပေးတယ်။ သစ်ကျားဥက ဆိမ့်တော့ လူလည်းကြိုက်၊ မျောက်လည်း ကြိုက်တယ်။ အစိမ်းစားရင် အခွံက အစေးရှိတော့ အခွံကို ကိုက်ခွာထုတ်ပြီးမှ အထဲကအသားကို စားရတာ။ ပြုတ်လိုက်တော့ အခွံပါစားလို့ရနေလို့ မျောက်ဝံကြီးဆို ကြိုက်မှကြိုက်ပဲ။

မျောက်ဝံကြီးက ကော်ဖီလည်း ကြိုက်တယ်။ အဲ့ဒါကြောင့် ကော်ဖီသုံးခွက် ဖျော်လာပြီး ချာတိတ်ကော်ဖီခွက်ထဲမှာ သေထုမနသတ္တုရည်နည်းနည်း ဖျော်ထည့်ထားပေးလိုက်တယ်။

"ကဲ. . သောက်ကြ. . စားကြ၊ မင်းဒဏ်ရာတွေရာ ပြပါဦးကွ"

ဦးသီလစကားကို နားမလည်ပေမယ့် ရိပ်ဖမ်းသံဖမ်းလောက်သိနေလို့ ချာတိတ်က သူ့ဒဏ်ရာတွေကို ပြတယ်။

"ဟာ. . . အတော်ကောင်းနေပြီပဲ၊ ဟော့. . . မျောက်ကြီးစားလို့ကောင်းရဲ့လား"

ဦးသီလ မေးရင်းနဲ့ သစ်ကျားသီးကို မြှောက်ပြတယ်။





မျောက်ဝံကြီးက ချာတိတ်ဘက်လှည့်ပြီး ဂူးဂူးဂဲဂဲနဲ့ ပြောဆိုပါတော့တယ်။

"သူဘာမေးနေလဲ မင်းသိလား လူကောင်"

"မသိဘူး"

"ဒါ ဘာသီးလဲတဲ့၊ ဟားဟားဟား. . . ဓမ္မဓိဋ္ဌာန်မေးခွန်းကွ (၂)မှတ်တန်ဖြစ်မယ်"

"ဟင်. . . ဦးကေ လူစကား နားမလည်ဘူးဆို"

"စပီကင် တက်ထားဖူးတော့ နည်းနည်းပါးပါး သိတာပေါ့ကွ။ မင်းကလည်း"

"အား. . . ကျွတ်ကျွတ်. . ကျုပ်အိပ်ချင်တယ်၊ ဝါး. . ဟား ညက ဟိုကားက အရမ်းကြည့်လို့ကောင်းတော့ ညဉ့်နက်သွားတယ် . . . ဝါး"

"အိပ်ချင်အိပ်ပေါ့ကွာ. . . ငါတော့ ဇာတ်သိမ်းပိုင်းလေ ဆက်ရှုလိုက်ဦးမယ်"

ချာတိတ်တော့ ကော်ဖီတစ်ခွက်နဲ့ ပက်လက်လန်သွားလို့ ဦးသီလ ဆေးစွမ်းပြနေမှန်းသိပြီး ချာတိတ်ကိုယ်ပေါ်မှာ စောင်ပါးပါးတစ်ထည် ခြုံထားပေးလိုက်ပါတယ်။ မျောက်ကြီးကတော့ သစ်ကျားသီးနဲ့ တီဗီဆက်ကြည့်တယ်။

ထိုနေ့တစ်နေ့လုံး တစ်ညလုံး တစ်စက်ကလေးမှ မလှုပ်ဘဲ အိပ်မောကျကာ. . နောက်တစ်နေ့ နေမြင့်ချိန်တောင် မနိုးသဖြင့် မျောက်ဝံကြီးနည်းနည်း ပျာယာခတ်လာသည်။ ချာတိတ်ကိုသည် အတင်းဆွဲလှုပ်ကာနှိုးရင်း တဂူးဂူးအော်နေလို့ ဦးသီလ သူ့အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ပျက်တော့မလားလို့ စိုးရိမ်သွားတယ်။ အစီအစဉ် ပျက်လို့တော့ မဖြစ်။ ဒီမျောက်မသားကိုလည်း အိပ်ခိုင်းထားလိုက်တာ ကောင်းမယ်လို့ တွေးပြီး ကော်ဖီထဲ သေထုမနသတ္တုရည် ထည့်ဖျော်ယူလာပြီး ချပေးလိုက်တယ်။

"မပူပါနဲ့ မျောက်ကြီးရာ၊ မင်းကောင် ဘာမှမဖြစ်ဘူး. . . စိတ်ချ၊ အဲ့ဒီမှာ ကော်ဖီသောက်"

ဦးသီလ ပြောဆိုရင်း ချာတိတ်လက်ကောက်ဝတ်ကို လှမ်းကိုင်ပြီး သွေးစမ်းလိုက်တယ်။ သေထုမနသတ္တုရည် လက်ဆများသွားပြီး သွေးလေထိုင်းမှိုင်းလွန်းနေလို့ နတ်ဆေးမြစ် ယူလာပြီး ချာတိတ်ရဲ့ပါးစောင်ထဲကို ဆေးမြစ်စအနည်းငယ် ဖဲ့ထည့်ထားပေးလိုက်ပါတယ်။

ကေလာသစိတ်ထဲ စနိုးစနောင့်ကြီး ခံစားနေရပေမယ့် ဒီလူသားရဲ့စိတ်သဘောကို သူနားလည်နေတယ်။ လူကောင် ဘာမှဖြစ်မှာ မဟုတ်ဘူး။ ဖြစ်လည်း ဒီလူသတ္တဝါက ကယ်မှာပဲလို့ တွေးပြီး ကော်ဖီကို အရသာခံပြီး သောက်နေလိုက်တယ်။ မျောက်ဘဝမှာ ဒီလို ညှိုညှိုညစ်ညစ်အရည်ကို အရသာရှိရှိ သောက်ခွင့်ရတာ. . . ဒီသတ္တဝါကြောင့်လို့လည်း တွေးလိုက်သေးတယ်။ အဲ့ဒီနောက်တော့ လက်ထဲကိုင်ထားတဲ့ ကော်ဖီခွက်တောင် အောက်မချနိုင်ဘဲ တုံးခနဲ လဲကျသွားပါတော့တယ်။

ဒီတော့မှ ဦးသီလလည်း သူ့အစီအစဉ်အတွက် စိတ်ချလက်ချ ဖြစ်သွားပြီး ချာတိတ်ဘေးမှာ ကျကျနနထိုင်၊ ဘုရားကို အာရုံပြုပြီး လက်တစ်ဖက်က ချာတိတ်နဖူးပေါ် မှာတင်ရင်း နမောတဿဂါထာ





ကို ဒွာန်ကရိုဏ်းကျကျ ရွတ်ပွားပါတော့တယ်။ အဲ့ဒီနောက် တိရစ္ဆာန်လောကနဲ့ ကြီးပြင်းရတဲ့ လူသားစင်စစ်ကို လူသားဘဝ ပီသအောင် သရဏဂုံ တင်ပေးလိုက်ပါတယ်။

သိပ်မကြာပါဘူး။ ချာတိတ် လူးလွန့်လာပြီး မျက်လုံးပွင့်လာတယ်။

"ကောင်လေး နိုးပြီလား"

". . . . . . . . . . . . . . ."

"မင်းဟာ လူသားစင်စစ် ဧကန်ဖြစ်တယ်၊ ဒါကို တောဘော်တောင်စောင့်နတ်တွေလည်း သိတယ်၊ မင်းရဲ့ဦးထိပ် ဗုဒ္ဓ၊ ဓမ္မ၊ သံဃဆိုတဲ့ရတနာသုံးပါး တည်နေပြီ၊ အခုလို နိုးထချိန်ကစပြီး လူ့အသွင်လူ့အသိနဲ့ လူတွေရဲ့အကျင့်သီလနဲ့ ပြည့်စုံအောင် ကြိုးစားဖို့အချိန်ရောက်ပါပြီကွယ်၊ ထပါတော့. . . ထိုင်လိုက်ပါတော့"

ချာတိတ်က မျက်တောင်မခတ်စတမ်း ပြူးကြောင်စူးနှစ်မျက်လုံးအကြည့်တွေနဲ့ ဦးသီလကို ကြည့်ပြီး ထထိုင်တယ်။

"မင်းဟာ လူသားတစ်ယောက်ဖြစ်တယ်. . . မှတ်ထားပါ မင်းဟာ လူသားတစ်ယောက်၊ ငါ့စကားဟာ လူစကား၊ မင်းလည်း လူစကားပြောရမယ်၊ ငါပြောတာ ကြားရဲ့လား၊ ငါပြောတာ ကြားလား၊ ကြားရင် ခေါင်းညိတ်ပါ၊ ခေါင်းညိတ်တယ်ဆိုတာ ဟောသလိုအမူအရာ၊ မင်းစိတ်ထဲမှာ မကြိုက်ရင် မနှစ်သက်ရင် ခေါင်းခါပါ ဟောသလို ခါပါ၊ ဟုတ်ပြီနော် ကောင်လေး၊ မင်းက လိမ္မာတယ် ဦးလေး ကော်ဖီတိုက်မယ်. . . မုန့်ကျွေးမယ်၊

ဟောဒါက ကော်ဖီ၊ သောက်လိုက်ပါ ကောင်လေး၊ မင်



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ဆာနေပြီ”

ချာတိတ် ကြောင်စီစီနဲ့ ကော်ဖီခွက်ကို ယူကြည့်ပြီး နည်းနည်းသောက်ကြည့်တယ်။ အဲ့ဒီနောက် အားရပါးရ သောက်ချလိုက်တယ်။

“သိပ်ကောင်းတယ်. . ဟောဒါ ပေါင်မုန့်ခြောက်ပါ။ ဝါးစားပါ၊ စားလိုက်ပါ”

ချာတိတ် တစ်ခုယူပြီး ဝါးကြည့်တယ်။ အရသာကို ခံစားမိတဲ့အတွက် ဆက်ပြီးဝါးစားပါတော့တယ်။

“ဟုတ်ပြီ. . . အာဟာရကို မှီဝဲရပြီဆိုတော့ စိတ်လက်ခန္ဓာ လန်းဆန်းလာပြီ၊ မင်းဟာ အသိဉာဏ် ဖွံ့ဖြိုးပြီးသားအရွယ် ဖြစ်တဲ့အတွက် စကားပြောနိုင်တယ်၊ စကားပြောကြည့်ပါ၊ ဦးလေးပြောတာ သေချာနားထောင်ပါ၊ သိရင် သိတယ်လို့ ဖြေပါ၊ မသိရင် မသိဘူးလို့ ဖြေပါ”

ဦးသီလက သူ့ခွက်ထဲ ကော်ဖီထပ်ဖြည့်ပေးရင်း. . .

“အဲ့ဒါ ဘာလဲသိလား”

“မသိဘူး”

“ဟား. . မင်းပြောတတ်ပြီ၊ ဟုတ်ပြီ. . မှတ်ထား ကောင်လေး၊ အဲ့ဒါ ကော်ဖီလို့ ခေါ်တယ်၊ ကဲ. . . ပြောပါဦး၊ ဒါဘာလဲ”

“ကာ. . ဖီ. .”

“ဟုတ်တယ် မှန်တယ်. . ဒါကရော. .”

“မသိဘူး”

“မုန့်လို့ ခေါ်တယ်၊ ပြောကြည့်. . . ဒါဘာလဲ”





“မုန့်. .”

“ဟားဟားဟား. . . တော်လိုက်တဲ့ကောင်လေးကွာ၊ မင်း အရမ်းလိမ္မာပြီး အရမ်းတော်တယ်၊ ဟိုမှာကြည့်လိုက်စမ်း၊ အဲ့ဒါ ဘာကောင်ကြီးလဲ”

ချာတိတ် လှည့်ကြည့်ပြီး တစ်ချက်တုန်လှုပ်သွားတယ်။ အဲ့ဒီနောက် အာရုံထဲ ရှုပ်ထွေးဝေဝါးနေသလို မျက်စိစုံမှိတ်ပြီး ခေါင်းကို ခါယမ်းပစ်ပြီးမှ မျက်လုံးတွေ လင်းခနဲဖြစ်သွားပြီး. . .

“ကေ. . ကေလာသ”

“မဟုတ်ဘူး. . . မျောက်ဝံကြီး၊ ဦးလေးတို့လို လူသားမဟုတ်ဘူး၊ တိရစ္ဆာန်. . .”

“မဟုတ်ဘူး. . . ဒါဟာ ငါ့အဖေ”

“ဟင်. .”

ဦးသီလ အံ့အားသင့်ပြီး နောက်ကို ယိုင်ခနဲဖြစ်သွားတယ်။ ကောင်လေး သူ့ဘဝအမှန်ကိုပါ တွဲပြီးသိသွားပါလားဆိုတဲ့အတွေးနဲ့ မယုံနိုင်အောင်ဖြစ်ပြီးမှ ချက်ချင်းပဲ ဆက်မေးတယ်။

“မင်း တကယ်ပဲ သူ့ကို သိသလား”

“ငါ့ကို သူမွေးခဲ့တာ၊ ငါ သူနဲ့ နေတယ်၊ ငါ့မှာ ဆွေမျိုးတွေ ရှိသေးတယ်”

“ဟုတ်မယ်. . ဟုတ်မယ်. . နေဦး၊ မင်းနဲ့ငါနဲ့ ဘယ်လိုစတွေ့ပြီး ဒီမှာရောက်နေတယ်ဆိုတာရော မှတ်မိလား”

ချာတိတ် မျက်လုံးကို တင်းနေအောင် မှိတ်ပြီး မျက်ခုံးတွေပါ တွန့်ရှုံ့နေအောင် စဉ်းစားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါခေါင်းမူးတယ်"

"ဟာ. . အေးအေး. . မစဉ်းစားနဲ့တော့. . ရပြီ၊ မင်းလက်က ဒဏ်ရာနဲ့ ခြေထောက်က ဒဏ်ရာရော သက်သာရဲ့လား"

ချာတိတ် သူ့ဒဏ်ရာနေရာတွေကို ငုံ့ကြည့်ပြီးမှ သတိရသွားပြီး. . .

"ငါသိပြီ. . . မင်းကို ငါမှတ်မိပြီ"

"ဟုတ်လား. . . မှတ်မိပြီလား၊ ကောင်းတယ်ကွာ. . . ဝမ်းသာလိုက်တာ၊ နေဦးကွ. . . မင်း ခုနက သူ့ကို ကေလာသလို့ ပြောလိုက်တာလား"

"ဟုတ်တယ်. . . သူ့နာမည်က ကေလာသ၊ သူ့ညီက ဓပတိုး၊ ငါက လူကောင်"

"ဪ. . . နာမည်တွေ ရှိနေတာကိုး၊ ဒါဆို ငါ့နာမည်လည်း မှတ်ထားပါ၊ ဦးသီလလို့ ခေါ်တယ်. . . မှတ်မိလား"

"သိတယ်. . . ဦးသီလ"

"ဟုတ်ပြီဟေ့. . . အေး. . . မင်းဘယ်လိုလုပ် သူတို့နဲ့နေတာလဲကွာ. . . ဘဝချင်းမှ မတူတာ"

"ငါမသိဘူး. . . ငါ့ကို ကေလာသ မွေးတယ်"

"ဪ. . . အေးပါကွာ၊ ကဲ. . ကဲ. . နားလိုက်ပါဦး၊ ကေလာသကတော့ တစ်ညလုံး တီဗီထိုင်ကြည့်ပြီး စောစောကမှ အိပ်သွားတာ၊ သူ့အိပ်ပါစေကွာ၊ မင်း တီဗီကြည့်မလား"

"တီဗီ. . ဘာလဲ"

"ဟိုမှာလေကွာ. . . မင်းတို့နှစ်ယောက်. . အဲ. . အဲ. . နှစ်ကောင်၊ ဟာ. . . ဟုတ်သေးပါဘူး မင်းတို့သားအဖ [illegible] ဒါပဲ ထိုင်ကြည့်နေတာ"





"ငါသိပြီ. . ကြည့်မယ်"

"အိုခေ. . ဖွင့်ပေးမယ်"


အဲ့ဒီနောက် ဦးသီလ တီဗီဖွင့်ပြီး အီးဗီဒီစက်ထဲက Discovery အခွေကို ထုတ်ပြီး မြန်မာဗီဒီယိုဟာသဇာတ်လမ်းတစ်ခွေ ထည့်ပေးထားလိုက်ပါတယ်။

ချာတိတ်လည်း တီဗီမျက်နှာပြင်ပေါ် အာရုံကျသွားတဲ့အတွက် သူလည်း အပျော်ကြီးပျော်ပြီး ဆေးမြစ်ထုပ်ပိုးဖို့ကိစ္စ ဆက်ထုပ်နေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မျောက်တစ်ကောင်ရဲ့ဒဿန"

ဘဝတံခါးမှာ နီတွတ်ရှိနေလို့
အလုတရားတွေ ညီညွတ်သွားအော
ကမ္ဘာ့ဖလားကို ဆီစွတ်ကြည့်ချင်တ
(နောင်...နှစ်အတန်ကြာမှ သိရတာ
ဒဿနမျောက်ရဲ့နာမည်ကိုက
"နီတွတ်" ဖြစ်နေလို့ပါတဲ့)



# အခန်း - ခုနစ်

လူကောင် ဇာတ်ကားတစ်ကား ပြီးအောင်ကြည့်ပြီးမှ အပြင်မှာ ဆေးမြစ်လှမ်းနေတဲ့ ဦးသီလဆီ လျှောက်သွားတယ်။ ဒီတဲ နေ်းကို စရောက်ကတည်းက ဒါ ပထမဦးဆုံးအကြိမ် ကေလာသ သားက ခွာပြီး ဦးသီလဆီ တစ်ယောက်တည်းရောက်လာခြင်းဖြစ် တယ်။

ခြေသံကြားလို့ လှည့်ကြည့်လိုက်တော့ မျောက်ကြီးတစ် ကောင် လမ်းလျှောက်သလို လျှောက်လာတဲ့ လူကောင်ကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးသီလ ရယ်ချင်သွားပါတယ်။ လူကောင် ခုလို ကောင်းကောင်းမွန်မွန် လမ်းလျှောက်နေတာကိုလည်း ဦးသီလ ခုမှ မြင်ဖူးတာမို့လို့ လူကောင်ကို လူတစ်ယောက်နဲ့ တူဖို့ စကားသုံးရုံတင်မကဘဲ လမ်းလျှောက်ပါ သင်ပေးရမှာကို ဦးသီလ သတိချပ်လိုက်ပါတယ်။

"ဘယ်လိုလဲ လူကောင်၊ ကြည့်လို့ကောင်းရဲ့လားကွ"

"ကောင်းတယ်. . . တီဗီက လူစကား အရမ်းပြောတယ်"

"ဟတ်ဟတ်ဟားဟားဟား. . . လူကားကြည့်မှတော့ လူစကား ပြောတာပေါ့ကွ"

အဲ့ဒီအခိုက်မှာ လူကောင်က ဦးသီလရဲ့အနွေးထည်အကျီကို ကိုင်ကြည့် ဆွဲကြည့်ပြီး. . .

"နာလား မနာဘူးလား"

"ဟေ. . . ဘယ်လိုလုပ် နာမှာလဲကွ၊ ဒါက အကျီပဲဟာ"

"မဟုတ်ဘူး. . . အရေခွံ"

"ဟာ. . . ဘယ်က အရေခွံရမှာလဲကွ၊ အကျီပါဆို"

"မြွေတွေလည်း အရေခွံ ချွတ်လို့ရတယ်၊ ဦးသီလ မြွေလား လူလား"

"ဟမ်. ."

ဦးသီလ အတော်စိတ်ညစ်သွားတယ်။ အင်းလေ. . . ပြန်တွေးကြည့်တော့ သူ့ဘဝမှာ အကျီဘောင်းဘီဆိုတာ မြင်မှမမြင်ဖူးခဲ့တာကိုး၊ ခုလို မိမွေးတိုင်းဖမွေးတိုင်း ဖင်တုံးလုံးနဲ့ နေရတာနဲ့လွဲရင် အပေါ်အရေခွံ ကျွတ်တာ၊ မြွေတွေ အရေခွံလဲတာပဲ မြင်ဖူးတာဆိုတော့ အင်းပေါ့. . .။





အဲ့ဒါကြောင့် ဦးသီလက လုပ်လက်စအလုပ်ကို ပစ်ချပြီး လူကောင်ကို ပခုံးဖက်ပြီး တဲခန်းထဲ ပြန်ခေါ်လာတယ်။ တေလာသားကြီးကတော့ သေထုမနတန်ခိုးနဲ့ သေလုမက အိပ်မောကျနေတုန်းပါပဲ။

ဦးသီလက သူ့ရဲ့အဝတ်သေတ္တာကို မ,ထုတ်လာပြီး လူကောင်ရဲ့ရှေ့မှာ ချပြီး ဖွင့်ပြလိုက်တယ်။

"ဟာ. . . အရေခွံတွေ အများကြီးပါလား"

"အဲ့ဒါကို လူစကားနဲ့ အကျီလို့ ခေါ်တယ် လူကောင်၊ ငါဝတ်ထားတာလည်း ဒါတွေပဲ၊ မင်းဝတ်ကြည့်ပါလား"

"ဟား. . . သူများအရေခွံကို မစွပ်ချင်ဘူး"

"အကျီပါဟ. . . ဆိုကြည့်ပါဦး၊ အကျီ. . အကျီ၊ ဟောဒါက ဘောင်းဘီ. . ဘောင်းဘီ"

"အင်ကြီး. ."

"အင်ကြီးမဟုတ်ပါဘူးကွ. . . အကျီပါ၊ ပြန်ပြောပါဦး"

"အင်ကျီ. ."

"ဒါရော. . . ဒါက ဘောင်းဘီ"

"ဘောင်းဘီ"

"အမယ်. . . ဒါတော့ ပီသားပဲ၊ မှတ်ထား လူကောင်၊ အကျီဆိုတာ ဟောသလို အပေါ်ကဝတ်တာ၊ ဘောင်းဘီက ဟောဒီအောက်က ဝတ်ရတာ. . . မှတ်ထားနော်၊ ကဲ. . . တစ်စုံလောက် ဝတ်ကြည့်ကွာ"

အဲ့ဒီနောက် ဦးသီလက လူကောင်ရဲ့ခန္ဓာကိုယ်နဲ့ အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေလောက်မယ့် စပို့ရှပ်လက်ရှည်တစ်ထည် ရွေးပြီး ဂျင်းဘောင်းဘီ တစ်ထည် ထုတ်ယူလိုက်တယ်။

"လာ. . . ထရပ်ကွာ၊ ငါဝတ်ပေးမယ်"

လူကောင်လည်း ဝတ်ဖို့ စိတ်ဝင်စားတဲ့ပုံပါပဲ ရပ်ပေးတယ်။ စပို့ရှပ်လက်ရှည်ဆိုတော့ ဝတ်ရစွပ်ရတာ နည်းနည်းခက်ခဲတော့ လူကောင် စိတ်မရှည်ချင်ဘူး။

"ပြီးပါပြီကွ. . ဟား. . မင်းနဲ့ အတော်လှတာပဲ၊ အိုခေ. . ဘောင်းဘီဝတ်ပြီးရင် မှန်ထဲ ကြည့်လိုက်"

"အား. ."

"ဟမ်. . . ဘာဖြစ်တာလဲ"

လူကောင် ရှုံ့မဲ့မဲ့နဲ့ ခါးလေး နှိပ်ပြီး နောက်ကို ကုန်းကုန်းနဲ့ ဆုတ်သွားတယ်။ ဦးသီလ ဆေးမြစ်ရွေးတဲ့ကွပ်ပျစ်နဲ့ ဝင်တိုက်မိ အဲဒီမှာ ထိုင်ချပြီး အပေါ့အလေး အစုံလိုက် စွန့်ချပစ်ပါတော့တယ်။

"မွီး. . . ဘူ. ."

"ဟာ. . . လူကောင်တို့တော့ လုပ်ချလိုက်ပြန်ပြီကွာ၊ ဟူး နံလိုက်တာ"

ဦးသီလတစ်ယောက် ဒီရက်တွေမှာ လူချေးရော မျောက်ချေးပါ ကျုံးရတာ မသက်သာလှပါဘူး။ သူတို့အတွက် ကျင်ကြီးကျင်ငယ် စွန့်တဲ့ကိစ္စက ဘာမှအလေးထားစရာ မဟုတ်တာ။ ဒီလိုပဲ ကြုံရာ စွန့်ချလိုက်တာပဲ မဟုတ်လား။

လူကောင် ကိစ္စပြီးတော့ မသုတ်မသင်ဘဲ သူ့ဆီ ပြန်ရောက်လာတယ်။ သူလည်း ဘောင်းဘီဝတ်ပေးဖို့ စောင့်နေတာလေ။





(သွားပါပြီ ငါ့ဘောင်းဘီတော့၊ အနံ့ကလည်း ပြင်းမှပြင်းပဲ)

"ဘောင်းဘီ. ."

"အာ. . အေးအေး. . ဟုတ်ပြီ၊ ကဲ. . ခြေထောက်တစ်ဖက်ချင်းစွပ်၊ လက်က ပခုံးကိုကိုင်ထား"

ပခုံးကိုင်ပါဆိုမှ ခေါင်းကို ကိုင်ထားလို့ ဦးသီလလည်း ပြင်နေတော့ဘဲ ဒီအတိုင်း စောင်းငန်းစောင်းငန်းနဲ့ အမြန်ပြီးအောင်သာ စွပ်ပေးလိုက်တယ်။

အဲ့ဒီနောက် သူ မုတ်ဆိတ်မွေး ရိတ်သင်တဲ့မှန်ဝိုင်းလေးကို ယူပြီးပြလိုက်တယ်။ လူကောင် ခဏတော့ ကြည့်လိုက်ပါသေးတယ်။ ပြီးမှ တဲအပြင်ဘက်ကို တစ်ဟုန်ထိုး ပြေးထွက်သွားပါတယ်။

"လူကောင်. . လူကောင်. . ဟေ့. . ဘယ်သွားတာလဲ"

ထူးဆန်းနေလို့ ဦးသီလ အပြေးထွက်လာပြီး လိုက်ကြည့်တယ်။ လက်စသတ်တော့ ဘသားချောက မှန်သေးသေးလေးနဲ့ ကြည့်ရတာ အားမရလို့ ရေတံခွန်ဘက် ထွက်ပြီး ရေချောင်းအတိုင်း ဆင်းပြေးပြီးမှ မှန်သားလို ကြည်နေတဲ့ရေပြင်မှာ သူ့ကိုယ်သူ ငုံ့ကြည့်နေပါတော့တယ်။ အတော့်ကို သဘောကျသွားပုံပါပဲ၊ ကျောက်ဖျာခုံပေါ်မှာ မျောက်တစ်ကောင်လို တအူးအူး အော်ပြီး ခုန်ပေါက်မြူးတူးနေလို့ ဦးသီလလည်း ပီတိဖြစ်သွားတယ်။

"မင်းကြိုက်လား"

လူကောင် ခေါင်းညိတ်ပြီး နှုတ်ခမ်းလေး ထော်ကာထော်ကာနဲ့ တအူးအူး အော်တယ်။

"လူစကားပြောလေကွာ. . . ကြိုက်သလား"



www.burmeseclassic.com

www.burmeseclassic.com



"လှတယ်"

"ဟားဟားဟား. . . လှတာလည်း မင်းသိသလား"

"သိတယ်"

လူကောင် အူမြူးနေတဲ့အတွက် အပေါ့အလေး သွားဖို့ကိစ္စ သင်ဖို့ စကားစလိုက်တယ်။

"မင်း စောစောက ချေးပါတယ်မဟုတ်လား"

"မဟုတ်ဘူး"

"နံနံလေ. . . တအားနံတယ်၊ အဲ့ဒါ ချေးမဟုတ်ဘူးလား"

"မဟုတ်ဘူး"

ဦးသီလ ခေါင်းကုတ်ပြီး. . .

"ဟုတ်ပြီကွာ. . . အဲ့သလို ဗိုက်နာလို့ ထိုင်ပြီး ယိုချတာကို လူစကားနဲ့ ချေးပါတယ်၊ အိမ်သာတက်တယ်၊ နောက်ဖေးသွားတယ်လို့ ခေါ်တယ်၊ မင်းတို့ မျောက်ဘာသာစကားနဲ့ အဲ့ဒါကို ဘယ်လိုပြောမလဲ၊ မစင်စွန့်တယ်လို့ ပြောမလား"

"အီအီးပါတယ်"

"ဟမ်"

"အီအီး. . ဘူဘူး. . အူးအူး. . အီအီး. . နံတယ်"

"အေး. . အေးပါကွာ. . . ရှင်းပါပြီ၊ သောက်ကျိုးနဲမှပဲ၊ ဒီလောက်သိပြီး နံနေတာတောင် လူနေတဲ့နေရာမှာ ပါချရသလား"

"ငါတို့က မျောက်နေတဲ့နေရာမှာ ပါတယ်၊ ခြောက်သွားရင် မနံဘူး"

(သေစမ်းဟ. . . ငါ့နှယ့်ကွာ)





"ကဲ. . . ထားပါတော့၊ အရင်က မျောက်နေတဲ့နေရာမှာ ပါတာ ဟုတ်ပါပြီ၊ အခုက လူနေတဲ့နေရာကွ၊ လူတွေဟာ မစင်စွန့်. . အဲ. . အဲ. . အီအီး. . ဘူဘူးလုပ်ရင် သူများတွေ ကြည့်နေမြင်နေတဲ့နေရာမှာ မလုပ်ဘူး၊ ကွယ်ထား ကာထားတဲ့နေရာမှာ လုပ်ကြတယ်၊

အဲ့ဒီနေရာကိုလည်း သီးသန့်ထားထားတယ်၊ နံလို့ လူနေတဲ့ အိပ်တဲ့နေရာမှာ မလုပ်ဘူး၊ အခု ငါတို့နေတဲ့ တဲစခန်းရဲ့အနောက်မှာ. . အဲ့ဒီ အီအီးဘူဘူး လုပ်တဲ့နေရာ ရှိတယ်၊ နောက်တစ်ခါ အဲ့ဒါလုပ်ချင်ရင် အဲ့ဒီကိုသွား. . . ကြားလား"

လူကောင် ခေါင်းကုတ်တယ်။ ကုတ်ပြီးတော့ မျောက်စိတ်ညစ်နေတဲ့ပုံမျိုး ခေါင်းကို လက်နဲ့ပတ်အုပ်ပြီး ထိုင်တယ်လေ။

ခဏကြာမှ. . .

"ငါအနာပျောက်ပြီ၊ ကေလာသ နိုးလာရင် တောင်တောကို ပြန်မယ်၊ ဆွေမျိုးတွေ ငါတို့ကို မျှော်နေပြီ"

ဦးသီလရင်ထဲ တစ်မျိုးကြီး ဖြစ်သွားတယ်။

ဒါပေမယ့် ဦးသီလ မတားပါဘူး။ ဘယ်အရာမှ အမြဲ လုပ်သူလို့ မရဘူးမဟုတ်လား။ သူတောင် အစ်ကိုမိသားစုက တားဆီးနေတဲ့ကြားက ကိုယ့်ဆန္ဒရှိတဲ့အတိုင်း ဖွတ်ထွက် ဖွတ်လုပ်နေတာဆိုတော့. . .

"အေးလေ. . . ရက်အတော်ကြာနေပြီဆိုတော့ ဆွေမျိုးတွေလည်း မျှော်ရောပေါ့၊ ငါလည်း မြို့ကို ပြန်ရဦးမယ်ကွ၊ ရိက္ခာလည်း ပြတ်ပြီး ဆေးမြစ်တွေလည်း ပုံနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအမြစ်တွေအရွက်တွေက နင်တို့လူတွေ စားကြတာလား"

"မဟုတ်ဘူးကွ. . မင်းလို အနာဒဏ်ရာတွေဖြစ်ရင် ပျောက်အောင် ဒါတွေနဲ့ ဆေးကုရတာ၊ မြို့ပေါ်မှာက ဒီလိုဆေးပင်တွေ မရှိဘူးလေ"

"အဲ့ဒီမှာ နင့်ဆွေမျိုးတွေ ဘယ်နှစ်ကောင်ရှိလဲ"

"အာ. . အာ. . အကောင်ဆိုတာ တိရစ္ဆာန်တွေ သုံးနှုန်းတာကွ၊ လူဆိုရင် ယောက်လို့ သုံးရတယ်၊ ဥပမာ ဆယ်ယောက် ဆယ့်ငါးယောက်. . အဲ့သလို၊ မင်းနဲ့ကေလာသဆိုရင် ကေလာသက တစ်ကောင်၊ မင်းက တစ်ယောက်၊ တစ်ကောင်နဲ့တစ်ယောက်လို့ ပြောရတယ်"

"ရှုပ်တယ်. . . ခေါင်းမူးတယ်၊ ဗိုက်ဆာတယ်"

"အေး. . . ဒါဆို ပြန်ကြမယ်၊ ငါလည်း ဆာပြီကွ. . . လာ"

အဲ့ဒီနောက် သူတို့နှစ်ယောက် ကျောက်ဆောင်ပေါ်က ပြန်ဆင်းလာကြတယ်။ ဆင်းရင်းနဲ့ ဦးသီလက. . .

"လူကောင် ဒီမှာကြည့်၊ လူဆိုတာ ဒီလိုလျှောက်ရတယ်ကွ၊ မင်းလမ်းလျှောက်တာ မျောက်နဲ့ တူနေတယ်"

"ငါ လူမဖြစ်ချင်တော့ဘူး"

"ဟင်. . ."





နှိုဖူးပေါ် လက်တင်ပြီး ပက်လက်ပဲ စဉ်းစားစဉ်းစား၊ ခေါင်းအုံး ရင်ဘတ်အောက်သွင်းပြီး မှောက်လျက်ပဲ စဉ်းစားစဉ်းစား လူဖြစ်ရတာ မလွယ်ပါဘူး။ လူကောင်က ငါလူမဖြစ်ချင်တော့ဘူးလို့ ငြင်းဘဟာ သဘာဝကျပါတယ်။

လူကောင် အသက်ရှင်နေထိုင်လာရတဲ့ဘဝရဲ့ လွတ်လပ်ပျော်ရွှင်မှုနဲ့၊ သူနဲ့တွေ့မှ လူပီသအောင် နေထိုင်ဖို့ လေ့ကျင့်ကြိုးစားရတာကို ယှဉ်ကြည့်တဲ့အခါ အရမ်းကို ကွာခြားတယ်။ အရာရာအားလုံး ဆန့်ကျင်ဘက်လိုကို ဖြစ်နေတော့ လူကောင်အတွက် စိတ်ပျက်ရှာပဲလေ။

လူကောင်ရဲ့ဘဝမှာ အဝတ်အစားမလို၊ နေစရာ အိမ်ရာမလို၊ ပိုက်ဆံမလို၊ ပညာမလို၊ စည်းကမ်းတွေ ကျင့်ဝတ်တွေ မလို၊ ဘာကိုမှမလိုဘဲ ဒီအတိုင်းလေးပဲ ကြံုသလို သွားလာအိပ်စားရင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘဝစာ သက်တမ်းတစ်ခု ပြီးမြောက်ရတာဆိုတော့. . ဘယ်လောက်များ ပေါ့ပါးလွတ်လပ်လိုက်သလဲ၊ အပူအပင်ကင်းမဲ့ လိုက်သလဲဆိုတာ သူတောင် တွေးရင်းပျော်လာပြီး လူကောင်နဲ့ လိုက်နေပြီး မျောက်ဘဝနဲ့ နေရကောင်းမလားလို့တောင် အရွတ်အပြောင် တွေးမိတယ်။

ဒါပေမယ့် ကိုယ်လည်း သူတို့ကြားထဲ ရောက်သွားရင် လူကောင် ကိုယ့်ဆီ ရောက်လာသလိုမျိုးပဲ နေမှာလို့ တွေးမိတော့ အတော်မသက်မသာဖြစ်လာတယ်။

လူတစ်ယောက်ရဲ့အသိဉာဏ်ကြီးနဲ့ တိရစ္ဆာန်ဘဝထဲ ဝင်ဆန့်အောင် ကျင့်ရမှာလေ။ မျောက်အုပ်ထဲ ဝင်ရင်တော့ မျောက်ကျင့်,ကျင့်ပေါ့။ တအူးအူးအော်. . နှုတ်လေး ထော်ပြီး အပင်ပေါ်တက်၊ ခုန်ကြ၊ ကူးကြ၊ ပြုတ်ကျရင် ကျိုးဦးမယ်၊ မလွယ်၊ မလွယ် ရေးချမလွယ်၊ ဒါဖြင့် ဘယ်လိုပဲစဉ်းစားစဉ်းစား တိရစ္ဆာန် ဖြစ်ရတာလဲ မလွယ်ဘူးပေါ့။ ကောင်းပြီ. . . အလွယ်ကူဆုံး ဘာဖြစ်နိုင်သလဲ။

ဦးသီလအတွေးက အဲ့ဒီမှာတင် ရပ်သွားတယ်။ အိပ်လည်း အိပ်ချင်လာတဲ့အတွက် ဒီအတိုင်းပဲ ဆက်မှေးလိုက်ပါတော့တယ်။

၍ ၍ ၍ ၍





**နောက်**တစ်နေ့မနက်မှာ ကေလာသ နိုးလာတယ်။ နေရာမှာတင် ငုတ်တုတ်ကြီး ထိုင်ပြီး ဦးသီလနဲ့လူကောင်ကို အထူးအဆန်းလို ကြည့်နေလို့ လူကောင်က သူတို့သဘာဝအတိုင်း ကေလာသကို တအူးအူး တအိအိ လုပ်ပြီး ပြောပါတယ်။

"ဦးကေ. . ဦးကေ"

"မင်းဘယ်သူလဲ. . . ငါ့ကို သိလား"

"ဟင်. . . ဦးကေ. . ကျုပ် လူကောင်လေ၊ ဦးကေ မွေးထားတာလေ"

"လူကောင်. . လူကောင်ဆိုတာ ဘာကောင်လဲ"

"ဟာ. . . ခက်တော့နေပြီ"

"မင်းဘေးမှာ ရပ်နေတဲ့သတ္တဝါက ဘာလဲ"

"အဲ့ဒါ လူလေ"



www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာ ဘာလဲ"

"လူ. . အဲ. . လူက. . လူ. . ဟား. . စိတ်ညစ်တယ်"

လူကောင် ကေလာသ,ဘေးကနေ ထလာပြီး ဦးသီလကို အကူအညီတောင်းတဲ့မျက်နှာနဲ့. . .

"သူ ဒုက္ခရောက်နေတယ်"

"ဟုတ်လား. . . ဘယ်လိုဖြစ်တာလဲ"

"သူဘာမှမသိတော့ဘူး"

"ကေလာသ ဆိုတာရော သိသေးလား"

"မသိဘူး. . . ငါ့ကိုတောင် မသိတော့ဘူး"

ဦးသီလ သဘောပေါက်လိုက်တယ်၊ သေထုမနသတ္တုရည်က လူနဲ့တိရစ္ဆာန်ကို သက်ရောက်အကျိုးပြုပုံချင်း ကွာခြားသွားတယ်ဆိုတာကိုပါ။ ကေလာသကို တိုက်လိုက်တဲ့ဆေးရည်ပမာဏက လူကောင်ကိုတိုက်တဲ့ ပမာဏအတိုင်းပါပဲ၊ ဒါပေမယ့် ကေလာသကို အတိတ်မေ့သွားတဲ့အထိ ဘေးထွက်ဆိုးကျိုး ဖြစ်သွားစေတာကတော့ စိတ်မကောင်းစရာပါပဲ။ အဲ့ဒါကြောင့် ရလိုရငြား ဆိုတဲ့သဘောနဲ့ သွေးလေကို ရှင်စေပြီး အာရုံကြောတွေ လှုပ်နှိုးတဲ့နေရာမှာ နံပါတ်တစ်ဖြစ်တဲ့ ပျားရည်ကို ယူလာပြီး တိုက်စေတယ်။

"ငါတို့ သူ့ကို ပုံမှန်အသိစိတ် ပြန်ဝင်လာအောင် လုပ်ရမယ် လူကောင်၊ သူ ဘာမှမသိဘဲ မင်းတို့ဌာနီကို ခေါ်သွားရင် သူ့အတွက် အန္တရာယ်ရှိတယ်"

"အခု သူဘာဖြစ်တာလဲ"

"အကြာကြီး အိပ်လို့ အတိတ်မေ့သွားတာ"





"အတိတ်မေ့တာက ဘာလဲ"

"ဘာမှမသိတော့တာ"

"ငါ့ကိုရော မသိတော့ဘူးလား"

"ဒါကို မှန်မှန်တိုက်ရင် တစ်နေ့မှာ ပြန်သိလာလိမ့်မယ်"

"သူသေလို့မဖြစ်ဘူး ဦးသီလ"

"ငါတာဝန်ယူပါတယ်. . . မသေစေရဘူး၊ ဒါပေမယ့် ပြန်ကောင်းလာအောင် မင်းတို့ ဒီမှာ ဆက်ပြီးနေရလိမ့်မယ်"

"ငါ့ကို လူလို မနေခိုင်းနဲ့"

"အေးပါကွာ. . . နေချင်သလိုသာ နေပါတော့"

မျှော်လင့်မထားတဲ့အခြေအနေမျိုး ဖြစ်လာလို့ ဦးသီလ စိတ်ထဲ ကြိတ်ပြီးပျော်မိတယ်။ ဘာပဲဖြစ်ဖြစ် သူတို့ ဒီမှာပဲ ဆက်ပြီး နေရတော့မယ်ဆိုတော့ သူတို့ကို ထားခဲ့ပြီး မြို့တက်ရင်ဆိုတဲ့ စိတ်ကူးကို အကောင်အထည်ဖော်ဖို့ ဖြစ်လာတယ်။ တက်မှလည်း ဖြစ်တော့မယ်။

"လူကောင်. . ."

လူကောင် ကေလာသ,ဘေးမှာ ထိုင်ရင်း လှည့်ကြည့်တယ်၊

"ခဏလာပါဦးကွ"

လူကောင် ထလာတော့ ဦးသီလက တီဗီစင် ရှိတဲ့နေရာ ခေါ်သွားပြီး. . .

"မင်းတို့ အချိန်မရွေး ကြည့်လို့ရအောင် ငါသင်ပေးမယ်"

"ငါသိချင်တယ်. . . သင်ပေးပါ"

"ဟောဒီတီဗီကို ဖွင့်ချင်ရင် ဟောဒါကို နှိပ်လိုက်. . .



www.burmeseclassic.com

www.burmeseclassic.com



နှိပ်ကြည့်"

လူကောင် On/Off ခလုတ်ကို ဖိချလိုက်တယ်။

"ဟော. . . တွေ့လား၊ ပေါ်လာပြီ နောက်တစ်ခု၊ ဟောဒီအောက်က စက်မှာ ဒီနေရာကိုနှိပ်"

လူကောင်လည်း စိတ်ပါလက်ပါ လုပ်ကြည့်ရှာတာပဲ။

"ဟော. . . အရုပ်တွေ မြင်လာပြီ၊ မကြည့်ချင်တော့ဘူး ပိတ်တော့မယ်ဆိုရင် ဒီစက်ကို ဒီနေရာကပဲ ပြန်နှိပ်၊ တွေ့လား. . . မလာတော့ဘူး၊ အပေါ်လည်း ဒီလိုပဲ၊ ဒီနေရာကို ပြန်နှိပ်၊ မလာတော့ဘူး. . . ပိတ်သွားပြီ"

လူကောင် သဘောကျသွားပြီး သူ့ဘာသာ ဖွင့်လိုက်ပိတ်လိုက်တွေ လုပ်ကြည့်ပြီး ဝမ်းသာအားရ တဂူဂူ အော်ပြီး ခုန်ပေါက်လိုက်တယ်။ ပြီးမှ လူလို ပြောပါတယ်။

"ငါတတ်ပြီ. . . ငါသိပြီ"

"အေး. . . လာဦးကွ"

အဲ့ဒီနောက် ဦးသီလက မီးဖိုခန်းဘက် ခေါ်သွားပြီး သစ်သီးသစ်ဥ ပြုတ်တဲ့နည်း၊ ဆန်ပြုတ်ပြုတ်နည်းနဲ့ ကော်ဖီဖျော်တဲ့နည်းတွေ သင်ပေးတယ်။ ဉာဏ်ကောင်းတဲ့လူကောင်က တစ်ခါပြရုံနဲ့ သိနိုင်လို့ ဦးသီလလည်း အတော့်ကို စိတ်ချလက်ချ ဖြစ်သွားတယ်။

"ငါ မင်းကို ဒါတွေသင်ပေးတာဟာ ငါမရှိရင် မင်းတို့ဘာသာ နေလို့ ဖြစ်အောင်ပါ"

"နင်ဘယ်သွားမလို့လဲ"

"ငါတို့မှာ စားစရာ နည်းနေပြီ၊ အဲ့ဒါကြောင့် ငါ မြို့မှာ





စားစရာ သွားရှာရမယ်"

"ငါရှာပေးမယ်"

"ကျေးဇူးပဲ. . . ဒါပေမယ့် မင်းတို့အစားအစာ အတော်များများကို ငါက မစားတတ်တော့ ခက်တယ်"

"ငါသင်ပေးမယ်"

"ဟာ. . ဟာ. . နေပါစေ လူကောင်ရာ၊ မင်းစကားအတိုင်း ပြန်ပြောရရင် ငါလည်း မျောက်မဖြစ်ချင်ဘူး၊ အဲဒီတော့ ငါ ဒီနေ့ပဲ သွားမယ်၊ နည်းနည်းကြာမယ်၊ ငါပြန်လာအောင် စောင့်ပါ၊ ကေလာသကို ပျားရည်မှန်မှန်တိုက်ပါ၊ သူပြန်ကောင်းလာလိမ့်မယ်၊ ကဲ. . . ငါလည်း ခရီးထွက်ဖို့ စီစဉ်လိုက်ဦးမယ်"

လူကောင်က လူမဖြစ်ချင်ဘူးဆိုပေမယ့် လူတစ်ယောက်ရဲ့ ဗီဇစရိုက်တွေ သူ့မှာ အများကြီးရှိတယ်။ သင်ရင် တတ်လွယ်တဲ့ ဉာဏ်ရည်ထက်မြက်မှု ရှိတယ်။ ခရီးထွက်ဖို့ ပြင်နေတဲ့ ဦးသီလဘေးမှာထိုင်ပြီး ဦးသီလကို တစ်ခုခုပြောချင်တဲ့ မျက်လုံးတွေနဲ့ ကြည့်တယ်။ အားလုံးပြင်ဆင်ပြီးလို့ ဦးသီလ အထုပ်အပိုးတွေနဲ့ မနိုင်မနင်း ထမ်းပြီး ထွက်မယ်လုပ်တော့ သူပါ ဝင်ဆွဲပြီး ထမ်းပိုးရင်း. . .


"ငါလိုက်ပို့ချင်တယ်"

(လူကောင်ရယ်. . . )




www.burmeseclassic.com

www.burmeseclassic.com





# အခန်း-ရှစ်

မနက်လင်းပါပြီဆိုကတည်းက တောင်တောဒေသတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဆူညံလို့နေတယ်။ ဒီနေ့မနက်မှ ရာသီဥတုကလည်း ချစ်စရာကောင်းအောင် သာတောင့်သာယာ ဖြစ်နေတယ်လေ။ ခါတိုင်းလို နှင်းတွေခဲပိတ်နေပြီး နေ့ခင်းလောက် ပွင့်နေရောင် ပွင့်လာတာမျိုး မဟုတ်ဘဲ မနက်ခင်းထဲမှာတင် နေခြည်နွေးနွေးလေးကို ခံစားခွင့်ရလို့ သားငှက်တိရစ္ဆာန်တွေ ပျော်ကြအော်ကြ သီချင်းတကြော်ကြော်နဲ့ အစာရှာထွက်နဲ့ အတော့်ကို စည်စည်ဝေဝေ



www.burmeseclassic.com

www.burmeseclassic.com



ပါ။

ဒီနေ့ရဲ့နောက်တစ်ခု ထူးခြားချက်က နေ့လယ်ခင်း နေပူပြင်းပြင်းရှိတဲ့အချိန် တောင်ခြေဝါးပိုးတောမှာ တောနေတိရစ္ဆာန်အားလုံး တညီတညွတ် စုရုံးကြဖို့ ကြိုတင်ဆင့်ဆိုထားပြီးသားမို့ တိရစ္ဆာန်ထု ဆွေးနွေးပွဲကြီး ကျင်းပမယ်ဆိုတာပါပဲ။

ဒီပွဲကြီးဖြစ်လာအောင် စေ့ဆော်တဲ့လူကတော့ ပေတိုးတို့အုပ်စုပါ။ ပျောက်ဆုံးနေတဲ့ ကေလာသနဲ့လူကောင် ပြန်ရောက်လာမှ ဖြစ်တော့မှာမို့လို့ ပေတိုးကိုယ်တိုင်ပဲ မျိုးနွယ်စုအားလုံးကို အကူအညီတောင်းပြီး ဆင်ကြီးညီအစ်ကိုက ဦးစီးကျင်းပပေးမှာ ဖြစ်တယ်။

ဒီနေ့တော့ ပေတိုး အစည်းအဝေးကိစ္စ အကြောင်းပြပြီး မျောက်ဂူကနေ ထွက်ရင်း ဧည့်သည်တိရစ္ဆာန်တွေ နေထိုင်ခွင့် ပေးထားတဲ့ တောစပ်ဆီ ခြေဦးလှည့်လိုက်တယ်။

"ဟေ့. . . ပေတိုး ဘယ်လဲ"

"ဩော်. . . ဦးကျားကြီးပါလား၊ ဟိုဘက်နားတင်ပါ"

"ဟိုဘက်မှာ ဧည့်သည်တွေပဲ ရှိတော့တာလေ"

"ဟုတ်တယ်. . . အစည်းအဝေးကိစ္စပါ"

"ဟကောင်. . . လာမဖောနဲ့၊ အစည်းအဝေးမှာ ဧည့်သည် မပါဘူး၊ ဌာနေတွေချည်းပဲ"

"ပါပါတယ်ဗျ. . မယုံရင်. ."

"အောင်မာ. . . ဟိုင်းကြီးတို့ပြောင်ကြီးတို့ သွားမေးလို့ ပြောမလို့လား၊ လာမလုပ်နဲ့. . . ငါက အခမ်းအနားမှူးတာဝန် ယူထားတာ"





"ဗျာ. ."

"ဟဲဟဲဟဲ. . . ဒီမှာကြည့်စမ်း"

ကျားကြီးက သူ့ပါးစပ်ကြီးကို ဟပြပြီး. . .

"တိုနေပြီလို့ မပြောတော့ဘူး၊ ရှိကိုမရှိတော့တာ၊ မင်း ဟို မျက်နှာဖြူမဆီ မဟုတ်လား"

ပေတိုး သူ့ခိုးကျားမိသွားလို့ မျက်နှာချိုနဲ့. . .

"အဟဲဟဲ. . . ဦးကျားကြီးလည်း ငယ်ရာက ကြီးလာတာပဲ ဥစ္စာ"

"မှန်တယ် ပေတိုး၊ ဒါပေမယ့် ငါတို့က အမျိုးဂုဏ် ဇာတိဂုဏ်ကို စောင့်ထိန်းတယ်ကွ၊ ကိုယ့်မျိုးရိုးမဟုတ်တဲ့နဲ့တော့ မိတ်ဖက်တာမျိုး ဘယ်တော့မှမလုပ်ဘူး"

"ဟာဗျာ. . . သူလည်း မျောက်ပဲလေ၊ မျောက်စကားပဲ ပြောတာ"

"မှန်တယ်. . . အနောက်တိုင်းသူကွ၊ မင်းက အရှေ့တိုင်းသား"

"ဒါကတော့ ဦးကျားတို့ ရှေးတိရစ္ဆာန်ကြီးတွေ အမြင်ကျဉ်းမြောင်းတာပဲ၊ အခုက ဂလိုဘယ်ခေတ်၊ ကမ္ဘာကြီးက ရွာကြီးဖြစ်နေပြီ၊ ဟိုးတုန်းက မြောက်ဝင်ရိုးစွန်းမှာနေတဲ့ ပင်ဂွင်းငှက်နဲ့ တောင်ဝင်ရိုးစွန်းမှာနေတဲ့ ပိုလာဝက်ဝံတွေဟာ တစ်ကောင်နဲ့တစ်ကောင် ဆုံဖူးလို့ မမြင်ဖူးကြဘူးဆိုပေမယ့် ဒီခေတ်မှာ မြင်ဖူးသွားပြီ"

"ဟာ. . . မဖြစ်နိုင်တာကွ"

"ဩော်. . . မယုံရင် တိရစ္ဆာန်ဥယျာဉ်မှာ သွားကြည့်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ရေခဲအဆောက်အအုံခန်းကြီးထဲမှာ တစ်ခန်းတည်း အတူတူ မထားပေမယ့် မှန်တစ်ချပ်ပဲ ခြားလို့ မြင်ဖူးနေကြပြီ၊ အဲဒါကြောင့် ကွန်ဆာဗေးတစ်ဝါဒတွေ ရုပ်သိမ်းလိုက်ပါတော့ ဦးကျားကြီးရာ. . . အမြင်ရှိစမ်းပါ"

"တော်. . တော်. . မင်းတို့ ခေတ်ကာလသားတွေနဲ့ စကားပြောရတာ ပါးစပ်ပေါက်ကပ်တယ်. . . သွားတော့"

"တာ့တာ. . ဩော်. . ကျုပ်မင်္ဂလာဆောင်ရင် ခါကာဘိုရာဇီတောင်ထွဋ်မှာ ခန်းမငှားပြီး ရေခဲမုန့်ကျွေးမယ်. . . သိလား"

"မင်း သောက်မျိုးတွေပဲခေါ်သွား. . ငါမလိုက်ဘူး"

"ခွိခွိခွိ. . ."

"ဝေါင်း. . ဟမ်း"

ဒီလိုနဲ့ ပေတိုးကြီး ဧည့်သည်တောထဲ ဝင်ပြီး မျက်နှာဖြူမလေးဆီ ရောက်သွားတယ်။

"ဟယ်. . ကိုပေတိုး. . ဒါလင်"

"အိုး. . မိုင်လပ်(ဗ) ဝိုက်ဖ့်(စ)လေဒီ အီစကီ. . မြူ. . မြူ. . မြူ. . အာဘွား"

"ဟဲ့အကောင်. . . မအေရှေ့မှာတောင် ကြည့်စမ်း၊ နင်မျောက်က မွေးတာမှ ဟုတ်ရဲ့လား"

"အဟီးဟီး. . . အန်တီမရှိဘူးမှတ်လို့ အလစ်သုတ်လိုက်တာ၊ အန်တီနေကောင်းတယ်နော်"

"ရုပ်ကိုက စူမောက်ခွက်နဲ့၊ ဟဲ့. . မိဖြူ"

"ရှန်. . . အမေ"





"နင့်အကောင်ကို ငါ့မျက်စိရှေ့က လွတ်အောင်ခေါ်သွားနော်၊ ငါထတုတ်မိလိမ့်မယ်"

"လာ. . . ဒါလင်၊ ဟိုဘက်အပင်ပေါ် သွားရအောင်"

"ကောင်းတယ်. . . အရွက်များများ အကိုင်းကြီးကြီးမှ ဖြစ်မှာနော်"

"သွားပါ. . . အခုမှ လာပြီးတော့၊ မလာတာ ဘယ်နှရက်ရှိနေပြီလဲ"

"ဩော်. . . အချစ်ရယ်၊ ကျွန်မ ရှင်နဲ့ လက်ထပ်ပြီးရင် ကင်းတာင်းရှင်းရှင်းပဲ နေချင်တယ်၊ ရှင့်အမျိုးတွေရဲ့ဒဏ်ကို မခံနိုင်ဘူးဆို"

"အင်းလေ. . . အဲ့ဒါဘာဖြစ်လဲ၊ မိဖြူတို့ကတော့ အမေရိကန် ဆစ်စတမ်ပဲ"

"အဲ့ဒါကြောင့် ပျောက်နေတဲ့ ကိုကြီးကေလာသကို ပြန်ရှာပြီး ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်းကို ကိုကြီးလက်ထဲ ထည့်ခဲ့ဖို့ အစီစဉ် လုပ်နေရတာပေါ့လို့ လာစမ်းပါဦး ဒီနား. . . အာဘွား"

"ကိုနော်. . . ဟိုမှာ မျောက်တွေ ကြည့်နေတယ်"

"ပြဿနာမရှိပါဘူးကွာ၊ ကိုယ်တို့က တိရစ္ဆာန်တွေပဲဟာ"

"အို. . ."

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**အ**စည်းအဝေး စချိန်အထိ ကာယကံရှင်ပေတိုး မရောက်သေးတဲ့အတွက် ကျောက်ဖျာပေါ်က သဘာပတိ ဟိုင်းဆင်ကြီးက ကျောက်ဖျာကြီးအောက်မှာ အစည်းအဝေး တက်ရောက်လာသူ တိရစ္ဆာန်ဦးရေ တွက်နေတဲ့ သူ့ညီကို နှာမောင်းနဲ့ လှမ်းတို့တယ်။

"ပလုတ်တုတ်. . ဩော်. . လန့်လိုက်တာ ကိုဟိုင်းရာ. . ဘာလဲ"

"ပေတိုး ဘယ်မှာလဲ ပေတိုး"

အဲ့ဒီတော့ ဆင်ပြောင်ကြီးက အခမ်းအနားမှူး ဦးကျားကြီးကို လှမ်းမေးတယ်။

"ဗျို့. . ဦးကျား. . ဟိုငမျောက်ငချောက် ဘယ်မှာလဲ"

"ဘယ်သူတုန်း"

"ပေတိုးလေဗျာ"





"ဟာ. . . ဒီကောင့်အကြောင်းတော့ မပြောချင်ဘူး၊ သူမလာလည်း ကိုယ့်ဘာသာ ဆက်လုပ်တော့"

"မရဘူးလေ. . . သူက အဓိက ကာယကံရှင်ပဲလေဗျာ"

"အေး. . . မနက်က ငါနဲ့ ဆုံတယ်၊ ညဉ့်တောမှာ နှာကြေးသွားထနေတယ်၊ ငါဆက်ပြောရင် ယုတ်ယုတ်မာမာတွေ ထွက်တော့မယ်၊ လူစုံပြီလား"

"အင်း. . . ရှစ်ဆယ်ရာခိုင်နှုန်း တွက်လို့ရတယ်"

"ဒါဆို အစည်းအဝေး အထမြောက်ပြီ. . စကြစို့"

"ဝေါင်း. . ဟမ်း"

သစ်တုံးကြီးပေါ်ကနေ ခပ်ကျယ်ကျယ် ဟိန်းဟောက်လိုက်တဲ့ ဦးကျားကြီးအသံကြောင့် ဝါးရုံပင်တွေအောက် ပေါက်ပေါက်ဖောက်နေတဲ့ တိရစ္ဆာန်တွေ တိခနဲ ငြိမ်သွားတယ်။

"အစည်းအဝေး စပြီ၊ အားလုံး မတ်တတ်ရပ်ပြီး သဘာပတိကြီးကို အရိုအသေပြုကြပါ"

"ဝေါ. ."

"အားလုံးထိုင်နိုင်ပါပြီ"

"ဝေါ. . ဟော"

"သဘာပတိ အဖွင့်မိန့်ခွန်း ပြောပေးပါ"

သူ့အလှည့်ရောက်လာပြီဖြစ်လို့ နက်ကတိုင်နဲ့တူတဲ့ သူ့နှာမောင်းကြီးကို အနည်းငယ်ပြုပြင်ပြီး ကျောက်ဖျာပေါ် မတ်တတ်ရပ်လိုက်တယ်။

"ကြွရောက်လာကြတဲ့တိရစ္ဆာန်များ ခင်ဗျာ. . . ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က ဟိုင်းကြီးပါ”

“သိတယ်. . သိတယ်. . လိုရင်းပဲ ပြောပါဗျို့”

“ဟ. . ဟ. . အဲ့ဒါ ဘယ်ကောင်ထအော်တာလဲ”

“တောကျိုးကန်းပါဗျာ. . . ကိုယ့်ဘာသာ ဆက်ပြောစမ်းပါ”

အောက်က ပြောင်ကြီးက သတိပေးလိုက်လို့ ဟိုင်းကြီး ဆက်ပြောပေမယ့် စိတ်ထဲမှာတော့ အေသင်ချို့ဆွေဖြစ်သွားတယ်။

(တင်းတယ်. . တင်းတယ်. . တင်းတယ်. . ဟော့)

“. . . . . . . . . . . . . . . . . . . . . . . . . . . .

အဲ့ဒါပါပဲ. . . ကျုပ်တို့တိရစ္ဆာန်တွေ အဲ့ဒီကိစ္စကို စုပေါင်းဖြေရှင်းနိုင်ဖို့. . ဒီနေ့ ဒီလိုဆုံစည်းရတာဖြစ်တယ်၊ ဒီလောက်ပါပဲ”

ဟိုင်းဆင်ကြီး သဘာပတိကျောက်ဖျာပေါ် ပြန်ထိုင်သွားမှ ဦးကျားကြီးက အခမ်းအနားမှူးသစ်တုံးပေါ် တက်ရပ်လိုက်တယ်။

“အစီအစဉ်နံပါတ်နှစ်အရ ခွေးအ,ခေါင်းဆောင် တီဂေါလောရဲ့ ဖြောင့်ချက်ကို ကြားရမှာဖြစ်ပါတယ်၊ တီဂေါလော သစ်တုံးပေါ်ကို ကြွပါ”

တီဂေါလော ထိုင်နေရာမှ ထလာပြီး သစ်တုံးပေါ်ကို ပေါ့ပါးစွာ ခုန်တက်သွားတယ်။

“လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ တိရစ္ဆာန်အပေါင်းတို့ကို ကျွန်တော်တီဂေါလော ဒီနေရာကနေ ဖြောင့်ချက်ပေးလိုပါတယ်၊ ပျောက်ဆုံးနေတဲ့ ကေလာသနဲ့လူကောင်ဟာ အခင်းဖြစ်တဲ့နေ့က ကျွန်တော်နဲ့ ပြဿနာဖြစ်တာ မှန်ပေမယ့် ကျွန်တော်တို့ ရှုံးနိမ့်ပြီး ထွက်ပြေးခဲ့ရပါတယ်၊ မယုံရင် ကြိုက်တဲ့ခွေးအ,ကို ခေါ်မေးပါ”





“ဟာ. . ဟော့. . ဟော့. . တီဂေါလော၊ ‘ငါ့မယုံရင် ငါ့မိန်းမ မေးကြည့်. . ’လို့တော့ မလုပ်နဲ့လေကွာ၊ တခြားခိုင်လုံတဲ့ ထွက်ဆိုချက်ကို လုပ်ပါ”

လှမ်းကြည့်လိုက်တော့ ကျားသစ်က ပတတ်ရပ်ပြီး သတိပေးတာ ဖြစ်တယ်။ ဒါကို သစ်ကျုပ်နဲ့ ယုန်ကိုယ်စားလှယ်တော်ကြီး ဦးခေါကလည်း ထောက်ခံတယ်။

“မှန်တယ်. . . ကိုကျားသစ် ပြောတာ မှန်တယ်”

“မှန်တယ်. . . ထောက်ခံတယ်”

“ဟုတ်ကဲ့. . . ကောင်းပါပြီ၊ ကျွန်တော်တို့ကြောင့် သူတို့ ပျောက်ဆုံးနေတာ မဟုတ်ဘူးဆိုတာ လက်တွေ့မြင်ချင်ရင်တော့ သူတို့ရှိနိုင်တဲ့နေရာကို ကျွန်တော်တို့အားလုံး သွားရှာကြည့်ပြီး သက်သေထူရပါလိမ့်မယ်”

အဲ့ဒီအချိန်မှာ ကျောက်ဖျာအောက်က ဆင်ပြောင်ကြီး ထလာပြီး. . .

“ဒါဟာ အင်မတန် သင့်လျော်တယ်၊ ကျုပ်တို့ရဲ့ညီညွတ်မှုဟာ ဒီနေရာမှာ ပြလို့ရပါတယ်၊ ကေလာသတို့ ရှိနိုင်တဲ့နေရာဟာ မြောက်ပိုင်းသားတွေရဲ့ နယ်နိမိတ်ကို ဖြတ်ကျော်ပြီးမှ ရောက်နိုင်တဲ့အတွက် ကျုပ်တို့ အင်အားသုံးပြီးသွားပါမှ လိုတဲ့ခရီးကို ရောက်နိုင်မှာပါ။ ဒါကြောင့် မျိုးနွယ်စုအားလုံး တစ်အိမ်တစ်ကောင် ထွက်လို့ စုဖွဲ့ပြီး ဒီပြဿနာကြီးကို ဖြေရှင်းကြပါစို့လို့ အကြံပေးပါတယ်”

“ကောင်းတယ်. . . သိပ်ကောင်းတယ်. . ကောင်းတယ် ဟော့. . . ဝေး”



www.burmeseclassic.com

www.burmeseclassic.com



အဲ့သလို နှစ်ထောင်းအားရ အော်ဟစ်သံတွေ ပြန်ငြိမ်သွားမှ. . .

ယုန်ကိုယ်စားလှယ်တော်ကြီးဦးခေါ တစ်ကောင်တည်း ထရပ်ပြီး မေးတယ်။

"သဘာပတိကြီးခင်ဗျား. . အကယ်၍ အမှုမှန် ပေါ်ပေါက်လာပြီး ခွေးအတွေရဲ့ ကျူးလွန်မှုဆိုတာမျိုး ဖြစ်လာရင် ဘယ်လိုစီရင်ချက်ချမယ်ဆိုတာ သိပါရစေ"

ယုန်ကြီးစကားကြောင့် ခွေးအ,အုပ်စုတစ်ခုလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်သွားတယ်။ ဒါ. . ငါတို့ကို သက်သက်စော်ကားတာပေါ့၊ ယုန်ကြီးကလည်း သူ့အတွေးနဲ့သူ။ ဒါမေးမှဖြစ်မယ့်စကား၊ ခေတ်အဆက်ဆက်ကနေ အနိုင်ကျင့်ခံခဲ့ရလို့ ခွေးအပိုက်ထဲမှာ ယုန်တွေဘယ်နှကောင်တောင် ရောက်နေပြီဆိုတာ မရေမတွက်နိုင်တော့ဘူးမဟုတ်လား။

ကြာလာရင် ယုန်မ,မွေးရင်း ခွေးစားရင်းဆိုတဲ့ ဆိုရိုးစကားတောင် ဖြစ်လာတော့မှာမို့လို့ မေးခြင်းလည်းဖြစ်တယ်။

အဲ့ဒီအခိုက်မှာ ဟိုင်းဆင်ကြီး ထရပ်ပြီး. . .

"ကောင်းပြီ. . . ကျုပ် စီရင်ချက်ချမယ်၊ အကယ်၍ တီဂေါလော ဖြောင့်ချက်က မှန်ခဲ့ရင် တီဂေါလောတို့ ခွေးအ,အုပ်စုအပေါ် မယုံကြည်မှု၊ သံသယဖြစ်မှု၊ တိရစ္ဆာန်အရာမသွင်းမှုတွေကို ပပျောက်ပေးရမယ်၊ ဒီလိုမှမဟုတ်ဘဲ သူတို့ကျူးလွန်တာမှန်ရင် တောင်တောမှာ ခွေးအ,မရှိစေရ. . .

ဘယ့်နှယ့်လဲ ယုန်ကြီးဦးခေါ. . . ကျေနပ်လား"





"ကျေနပ်ပါတယ်ခင်ဗျာ"

"တီဂေါလော ကျေနပ်သလား"

"ကျေနပ်ပါတယ်"

"ကဲ. . အားလုံးပဲ နားထောင်ပါ၊ နောက်ထပ် ဒီလိုသာယာတဲ့ မနက်ခင်းမျိုး ပေါ်ပေါက်လာတဲ့နေ့မှာ မျိုးနွယ်စုအားလုံး ဟော ဒီဝါးရုံတောမှာ လာစုရုံးကြပါ၊ အဲ့ဒီနေ့မှာပဲ အောက်ချိုင်းရေတံခွန် ဆီသွားကြမယ်"

"ကောင်းတယ်. . . ကောင်းတယ်"

"ဝေါင်း. . ဟမ်း. . အစည်းအဝေးပြီးပြီ"

"ဝေး. . ဟေး"

အဲ့ဒီအချိန်မှာပဲ ပေတိုးတစ်ကောင် ဖုန်တထောင်းထောင်း ထအောင် ပြေးလာပြီး ကျောက်ဖျာကြီးဘေးမှ ဘရိတ်အုပ်လိုက်ပါတယ်။

"ကျွိ. . ရိ. . ရိ. . ရိ. ."

"ဟော့ကောင်. . . မင်းဘာလာလုပ်တာလဲ"

"အစည်းအဝေး လာတက်. . တက်တာပါ. . . ဟောဟဲဟောဟဲ"

ဆိုတော့ကာ ဆင်ပြောင်ကြီး ထလာပြီး ပေတိုးကို နှာမောင်းနဲ့ ပတ်ချုပ်လိုက်တယ်။ အဲ့ဒီနောက် နီးရာဝါးရုံတောထဲ ပစ်ထုတ်လိုက်ပါတော့တယ်။

"အား. . အား. ."

"ဝေါ. . ဖရော"



www.burmeseclassic.com

www.burmeseclassic.com



"မျောက်မသား. . . အဲ့ဒါမှတ်ထား၊ အသုံးမကျတဲ့ကောင်တွေ"

"ဟာ. . . ကြည့်ထွေးဟ၊ ငါ့မျက်နှာ လာစင်တယ်"

"ဟာ. . . ဆောရီး ဦးကျား"





သုံးနှစ်သုံးမိုးလုံး တောတိုးပြီး ဖိုးသိုးဖတ်သပ် နေလာတဲ့ဘဝနဲ့ ကျင့်သားရသွားလို့လား မဆိုနိုင်ဘူး။ ဦးသီလအမြင်အာရုံထဲမှာ မဟာရန်ကုန်မြို့တော်ဟာ အတော်ဖွာယာခတ်ပြီး အိုက်စပ်ပူလောင်လွန်းသလို ခံစားနေရတယ်။

ရှုပ်ထွေးပွေလီလှတဲ့ လမ်းတွေ၊ ကားတွေ၊ လူတွေ၊ တိုက်တာအဆောက်အအုံကြီးတွေကို အူတူတူငေးရင်း အငှားကားပေါ်လိုက်ပါလာတယ်။

"သိမ်ကြီးဈေး ဘယ်နေရာလဲ"

ကားဆရာရဲ့အမေးစကားကြောင့် ဦးသီလ ငေးရာကနေလှည့်ကြည့်ပြီး. . .

"ဘယဆေးဆိုင်လေဗျာ"

"ဟုတ်ပြီလေ. . . ဘယ်နေရာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . (၂၆)လမ်းထဲသာ မောင်းဝင်လိုက်"

"ဟုတ်ပြီ. . . ရပြီ"

အဲ့ဒီနောက် ဦးသီလ မြင်ကွင်းတွေဆီ အကြည့်ရောက်သွားပြီး ရောက်တတ်ရာရာ တွေးပြန်တယ်။ တကယ်တော့ ရန်ကုန်ဆိုတာ ဦးသီလဘဝအစရဲ့ အနှစ်အစိတ်ကျော်ကျော် သုံးဆယ်နီးပါး ကျင်လည်ခဲ့ရတဲ့မြို့ပါပဲ။

ရုက္ခဗေဒနဲ့ ဘွဲ့ရပြီးနောက်ပိုင်း မိဘအမွေဖြစ်တဲ့ တိုင်းရင်းဆေးပညာနဲ့ ဆက်ပြီးသင်ယူတယ်။ အဲ့ဒီနောက်ပိုင်း အရှေ့တိုင်းတစ်ခွင် ပြုပြစင်အောင် ခရီးလှည့်လည်ပြီး တိုင်းရင်းဆေးပညာကို ဆည်းပူးခဲ့တယ်။

အစ်ကိုဖြစ်သူ ဦးဒီပကတော့ တိုင်းရင်းဆေးသမားတော် အဖြစ်နဲ့ပဲ မိဘလက်ငုတ်လက်ရင်းဆေးတိုက်မှာ ဆေးကုရင်း ဆေးဖော်ရင်းနဲ့ပဲ နေထိုင်တယ်။ သူ ပြည်ပခရီးစဉ် မထွက်ခင် ကိုဒီပ အိမ်ထောင်ပြုတယ်။ သူ အိန္ဒိယကိုရောက်တော့ သမီးတစ်ယောက် ထွန်းကားကြောင်း အစ်ကို့ဆီက စာတစ်စောင်ရခဲ့တယ်။

သူ ခရီးစဉ်တွေ ပြီးဆုံးလို့ ရန်ကုန်ကို ပြန်ရောက်လာတော့ တူမလေး ဒီပါခိုင်က ဆယ်တန်းကျောင်းသူကြီးတောင် ဖြစ်နေပြီလေ။ ခုလောက်ဆို ဘွဲ့တွေဘာတွေရ၊ အိမ်ထောင်တွေလည်း ကျလောက်ရောပေါ့။

"ကိုယ့်ဆရာ ဘယ်မှာရပ်ပေးရမှာလဲ၊ ဒါ (၂၆)လမ်း"

"ဟင်. . အဲ. . ဟိုး. . ဟိုးရှေ့ကဆိုင်ဗျ"

"ဒီမှာလား"





"ဟုတ်တယ်ဗျာ"

အဲ့ဒီနောက် ဦးသီလ ကားခရှင်းပြီး သူ့နောက်ခန်းက သူ့ဆေးမြစ်ဆေးရွက်အိတ်ကို ဆွဲချပါတော့တယ်။ ဦးသီလကို မြင်တယ်ဆိုရင်ပဲ ဆိုင်ရှင်ကုလားကြီး အတော့်ကို ဝမ်းသာသွားပြီး. . .

"ဟော့. . ဆရာ. . ငါ့ဆရာလာပြီဟေ့၊ ကောင်လေးတော့ ဝိုင်းသယ်ကြစမ်း"

"ဗျို့. . . ဦးဟာရှင် နေကောင်းတယ်နော်"

"ကောင်းတယ်ဗျာ. . . ကိုယ့်ဆရာ တစ်ခေါက်တစ်ခေါက် အကြာကြီးဗျာ"

"ဩော်. . . ကြာဆို ရှာရဖွေရတာကိုးဗျ"

"လာ. . ဆရာ. . ဒီမှာထိုင်၊ ရေနွေးသောက်ပြီး နားပါဦး"

"ကျေးဇူးဗျာ. . . ဟဲဟဲဟဲ"

"ဆရာ့ပစ္စည်းတွေ အများကြီး ပါလာတယ်နော်၊ အားလုံး ကျွန်တော့်အတွက်ပဲလား"

"အကုန်တော့ မလုပ်နဲ့လေ၊ အိမ်က ကျုပ်အစ်ကိုအတွက် လည်း ချန်ဦးမှပေါ့"

"ဟာ. . . နောက်တစ်ခေါက်မှ အစ်ကို့အတွက်လုပ်၊ ဒ် ကျွန်တော်အကုန်ယူမှာ၊ ဆိုင်မှာ ပစ္စည်းပြတ်နေပြီ၊ ဆရာ့ကို တွေ့တာ ဘုရားသခင်ကို တွေ့သလိုပဲ၊ အရမ်းကို ဝမ်းသာတယ်၊ တကယ် ပြောတာ"

"ဟား. . ဟား. . ဟား. . . ခင်ဗျားလောဘကတော့ ကြောက်စရာပဲဗျာ၊ ကဲ. . . ယူပါဗျာ၊ ဒါပေမယ့် ကျုပ်အစ်ကို လာ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ရင် ဈေးလျှော့ပေးရမယ်"

"စိတ်ချ. . . ခန့်မှန်းခြေ ဘယ်လောက်ဖိုးလောက် ပါမလဲ"

"အင်း. . . . သိန်းတစ်ရာကျော်ဖိုးလောက် ထင်တယ်၊ အားလုံး ရှားပါးဆေးပင်နဲ့ တော်ဝင်ဆေးပင်တွေချည်းပဲ"

"ရတယ်. . . နှစ်ရာကျော်လည်း ယူမှာပဲ၊ ဒါနဲ့ ဒီလောက် အကြာကြီး စုဆောင်းပြီး ဒုက္ခခံရှာတာ မရိုးဘူးထင်တယ်၊ ကိုယ့်ဆရာ မိန်းမယူမလို့လား"

"ဟာ. . . မဟုတ်ပါဘူးဗျာ၊ ဒီအရွယ်ကြီးရောက်မှတော့ လူပျိုကြီးအလံပဲ ဆက်ထူတာ ကောင်းပါတယ်၊ ကျုပ်မှာ ပူစရာဆိုလို့ ဘူမတစ်ယောက်ပဲ ရှိတယ်၊ အစ်ကိုကလည်း အသက်ကြီးပြီ မဟုတ်လား. . . ဟဲဟဲဟဲ၊ ကဲ. . . ပစ္စည်းစာရင်းတွေ လုပ်ပြီး ဈေးခွဲထား ချိန်တွယ်ထားပေတော့၊ ကျုပ် နောက်နေ့မှပဲ လာခဲ့တော့မယ်၊ လောလောဆယ် ငွေနည်းနည်းပေးဗျာ၊ ကျုပ်လည်း ပြတ်လာတယ်၊ တူမအတွက် လက်ဆောင်လေးဝယ်ပြီး ပြန်ဦးမှဗျ"

"ရတယ်. . . ဆယ်သိန်းယူသွား"

အဲ့ဒီနောက် ဦးသီလ ဘယဆေးပစ္စည်းဆိုင်က ထွက်လာပြီး ပလာဇာတစ်ခုမှာ တူမနဲ့အစ်ကိုလင်မယားအတွက် လက်ဆောင်ပစ္စည်း ဝင်ဝယ်တယ်။ ပြီးမှ ကားငှားပြီး တောင်ဥက္ကလာမှာ နေထိုင်ကြတဲ့ အစ်ကိုမိသားစုဆီ ပြန်လာခဲ့တော့တယ်။





**ကား**ပေါ်က ဆင်းပြီးကြည့်လိုက်တော့ ခြံရှေ့မျက်နှာစာမှာ ကပ်ပြီးဆောက်ထားတဲ့ ဆေးတိုက်ကြီးကလည်း ပိတ်လို့။

ခြံတံခါးပါ သော့ခတ်ထားပြီး ခြံထဲမှာရော အိမ်ကြီးဆီမှာပါ ခြောက်ကပ်တိတ်ဆိတ်နေတဲ့အတွက် ဦးသီလစိတ်ထဲ စနိုးစနောင့် ဖြစ်သွားတယ်။

"အစ်ကိုရေ. . ကျွန်တော်ပြန်လာပြီဗျ၊ သမီးရေ. . ဒီပါခိုင်"

သူ ခြံဝက လှမ်းအော်ရင်း ဘယ်သူထွက်လာမလဲလို့ မျှော်လင့်တကြီး လှမ်းကြည့်နေပေမယ့် သူမျှော်လင့်တဲ့သူ ထွက်မလာပါဘူး။

အသက်ခပ်လတ်လတ် လူရွယ်တစ်ယောက် ထွက်ပေါ်လာပြီး. . .

"ဘယ်သူနဲ့ တွေ့ချင်တာလဲခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးက ဟောဒီက သမားတော်ကြီးဦးဒီပရဲ့ ညီပါ၊ သူတို့ မိသားစုဆီ လာလည်တာပါ"

"ဟုတ်လား. . . သူတို့ ဒီမှာမရှိကြတော့ဘူးခင်ဗျ"

"ဟေ. . ဘယ်. . ဘယ်လို"

"ဒီလိုပါ ဦး၊ ကျွန်တော်က ဘဘဦးဒီပ ရှိစဉ်ကတည်းက ဘဘရဲ့ကားဒရိုင်ဘာပါ၊ ဘဘနဲ့ကြီးကြီးက လွန်ခဲ့တဲ့နှစ်နှစ်လောက်ကပဲ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြပါပြီ"

"ဟာ. ."

"ဘဘတို့ ဆုံးပြီးတဲ့နောက် ကြီးကြီးရဲ့ ညီမလင်မယား ရောက်လာပြီး မမဒီပါခိုင်ကို စောင့်ရှောက်မယ်ဆိုပြီး လာနေကြတယ်. . .

သူတို့က လောင်းကစားဒိုင် ကိုင်တဲ့သူတွေဆိုတော့ ဒီနှစ်နှစ်အတွင်းမှာ လောင်းကစားရှုံးပြီး ရှိသမျှကုန်တဲ့အပြင် ဒီအိမ်နဲ့ခြံရော ကားပါရောင်းပြီး လောင်းကြွေးဆပ်လိုက်ရတယ်၊

ကျွန်တော်ကတော့ နောက်ထပ်ပိုင်ရှင်အသစ်ဆီမှာ ဆက်ပြီး အလုပ်လုပ်ရတာပေါ့ခင်ဗျာ"

ဦးသီလ ဘယ်လိုမှ ပြောဆိုနိုင်စရာခွန်အား မကျန်တော့သလို တုန်ခါတက်လာပြီး မိဘနဲ့ အစ်ကိုမိသားစု နေထိုင်သွားတဲ့ အိမ်ကြီးဆီကိုပဲ မျက်တောင်မခတ်စတမ်း ငေးကြည့်နေမိတယ်။

အဲ့ဒီအခိုက်မှာပဲ လူရွယ်လေး အိမ်ဘက် ပြန်လျှောက်ဝင်သွားပြီး ခပ်သွက်သွက် ပြန်ထွက်လာတယ်။

"ဦး. . . ဒီစာရွက်ထဲမှာ မမဒီပါခိုင်ရဲ့လက်ရှိနေတဲ့လိပ်စာ





ရေးထားတယ်၊ ဦးသီလ ရောက်လာရင် ပေးဖြစ်အောင် ပေးပါလို့လည်း မှာထားတယ်. . . ဦးက. . ."

"ဦးသီလပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com








# အခန်း-ကိုး

"ဝေါ . . ဝေါ . . ဝေါ"

တောင်ပြိုသလား မြေပြိုသလား မခွဲခြားနိုင်လောက်အောင် တုန်ခါမြည်ဟည်းလာတဲ့အသံကြောင့် လူကောင် လန့်နိုးလာပြီး ထ ထိုင်တယ်။ ညက . . ကိုရီးယားကား ဇာတ်သိမ်းလေး ပြတ်အောင် ထိုင်ကြည့်နေလို့ နေမြင့်တာတောင် မနိုးဘူးဖြစ်နေတာ။

"ဘာတွေလဲ . . ဘာသံတွေလဲ"

မျောက်ဝံကြီး ကေလာသလည်း လူကောင်နည်းတူ လန့်နိုး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြုံးတုံးပြတဲမေးတော့ လူကောင်က. . .

“မသိဘူး. . . ကျုပ် အဲ့ဒါနားစွင့်နေတာ၊ လာ. . . အပြင်ထွက်ကြည့်မယ်”

လူကောင် ဆွဲထူလို့ ကေလာသလည်း ကျိုးရှုန်းထပြီး တဲအပြင်ကို ထွက်လာကြပါတယ်။

“ဟာ. . .”

“ဟင်. . .”

လူကောင်မြင်သလို ကေလာသလည်း မြင်ပြီး အံ့အားသင့်သွားတယ်။

တခြားဟုတ်ရိုးလား၊ တီဂေါလောရဲ့အုပ်စုက ပွင့်ထွက်လာတဲ့ ခွေးအ,သုံးလေးကောင်လေ. . .။

တောင်ရိုးအတိုင်း နှင်းသားတွေ တဖွားဖွား ဖြစ်ကျန်ခဲ့အောင် ပြေးဆင်းလာကြတော့ လူကောင်က. .

“ခွေးအတွေဗျ. . . ဒီကောင်တွေ ဒီလောက်သတ္တိကောင်းကောင်းနဲ့ ကဆုန်ပေါက်ပြီး ဆင်းလာရင် နောက်မှာ ခွေးအုပ်ကြီးအင်အားကောင်းကောင်းနဲ့ ပါလာလို့ပဲ ဖြစ်ရမယ်”

ကေလာသ ဘာမှပြန်မပြောပေမယ့် လူကောင်ရဲ့သုံးသပ်ချက် မှန်တယ်ဆိုတာကို သူ့ရဲ့မျက်လုံးသေးသေးကျဉ်းကျဉ်းလေးထဲ ထင်ဟပ်လာတဲ့မြင်ကွင်းတွေနဲ့ လက်ခံလိုက်ပါတယ်။

ရှေ့တော်ပြေး ထွက်ပေါ်လာတဲ့ ခွေးတွေရဲ့နောက်မှာတော့ ဆင်ဟိုင်းကြီးနဲ့ ပြောင်ကြီးတို့ညီအစ်ကိုကို ထင်းခနဲ မြင်လိုက်ရပြီး တောင်တောဒေသတွင်းနေထိုင်တဲ့ တိရစ္ဆာန်အုပ်ကြီးကို ကင်းမလက်





မည်းသဏ္ဍာန် အခင်းအကျင်းနဲ့ ချီတက်လာတာကို မြင်လိုက်ရပါတော့တယ်။

“လူ. . လူကောင်”

“ဟင်. .”

ရုတ်တရက် ကေလာသရဲ့ခေါ်သံကြောင့် လူကောင် အံ့အားသင့်နေရာမှ အံ့ဩပြီး လှည့်ကြည့်တယ်။ စကားလုံး ဝိသေသခွဲပြရရင်တော့ အံ့အားသင့်တာက အဝေးက မြင်ကွင်းကြောင့်ဖြစ်ပြီး အံ့ဩတာကတော့ အတိတ်မေ့နေတဲ့ ကေလာသက. . သူ့ကို လူကောင်လို့ ဖြောင့်ဖြောင့်ကြီး ခေါ်ချလိုက်လို့ပါ။

“ကေလာသ”

“လူကောင်”

“ဟာ. . ခင်. . ခင်ဗျား ကျုပ်ကို မှတ်မိပြီပေါ့”

“မှတ်မိပြီပေါ့ မိုင်ဆန်းရယ်၊ ဒီကိုလာပါဦး ဒူးမနာသားလေးရဲ့”

လူကောင်လည်း ဝမ်းသာအားရ ပြေးဝင်သွားလို့ ကေလာသ လက်နှစ်ဖက် ဖြန့်ကားကြိုပြီး အားပါးတရ ပွေ့ဖက်ထားလိုက်တယ်။

“သူတို့ လာကြပြီ၊ သူတို့ လိုက်လာကြပြီ လူကောင်ရဲ့၊ အဲ့ဒါကြောင့် ငါ့စိတ်ထဲ ထင်းခနဲဖြစ်ပြီး အိပ်ရာက လန့်နိုးသလိုပဲ၊ မင်းကိုလည်း မှတ်မိသွားတာ”

“ဘာပဲဖြစ်ဖြစ် ကျုပ်ဝမ်းသာတယ် ကေလာသ၊ ကျုပ် ဒီဒဏ်ရာတွေ ပျောက်ကင်းသွားပြီး တောင်တောကို မပြန်နိုင်တာ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သိရဲ့လား၊ ခင်ဗျားက အတိတ်မေ့သလို ရှေ့ပျောက်သလို လုပ်ပြနေပြီး ကျုပ်ကိုတောင် မသိဘူးဆိုတော့. . ကျုပ် ခင်ဗျားကို ထားခဲ့ပြီး ထွက်မသွားနိုင်ဘူးလေ"

"ငါသိပါတယ် လူကောင်ရာ၊ မင်း ငါ့ကို ဘယ်လောက်ချစ်သလဲဆိုတာ၊ ဒါနဲ့ ဟိုလူရော"

"ဘယ်လူလဲ"

"အရေခွံနှစ်ထပ်နဲ့ကောင်လေကွာ၊ မင်းကို ဆေးကုပေးတဲ့ လူကို ပြောတာ"

"ဪ. . . ဦးသီလ"

"ဘာ. . ."

"သူ့နာမည်က ဦးသီလတဲ့၊ သူ မြို့တက်သွားတာ အတော်ကြာနေပြီ၊ ကျုပ်ကိုတော့ သူပြန်လာတဲ့အထိ ဒီမှာစောင့်ပေးဖို့ မှာထားခဲ့တယ်၊ သူ့ဒေးမြစ်ထုတ်တွေကို ကျုပ်ပဲ လိုက်ထမ်းပြီး ပို့ပေးလိုက်တာ"

"ဟင်. . မင်း. . မင်း လူစကားတောင် နားလည်နေပြီလား"

"အင်း. ."

ကေလာသမျက်နှာ တစ်ချက်ညိုသွားတယ်။ စိတ်ထဲမှာလည်း ဘာကို နှမြောတသ ဖြစ်မှန်းမသိ ဖြစ်လာပြီး လူကောင်ကို ပြန်ဆွဲဖက်ထားလိုက်တယ်လေ။

"ဝုတ်. . ဝုတ်. . ဟိုမှာဟေ့"

"ဝုတ်. . တွေ့ပြီ. . တွေ့ပြီ"

တီဂေါလောရဲ့ ရှေ့ပြေးအုပ်စုတွေ ဝိုင်းလာပြီး အော်ကြ





ဟောင်ကြ၊ နောက်ကို ပြန်ပြေးပြီး သတင်းပို့တဲ့ကောင်လည်း ပို့ကြလို့ ကေလာသတို့သားအဖလည်း အလွမ်းဇာတ်ကို တစ်ခန်းရပ်လိုက်တယ်။

"ဟေ့ကောင်တွေ. . . မင်းတို့ကို မြောက်ပိုင်းသားတွေ မလွှတ်ကြဘူးလား"

"နားစမ်းပါဗျာ. . . ကျုပ်တို့က ရွှန်းမဲရဲ့စစ်နည်းဗျူဟာခဲ့ ချီတက်လာတာ၊ ဟိုမှာ လှမ်းကြည့်လိုက်"

"မြင်သားပဲ. . . ဘယ်သူတွေ ပါသေးလဲ"

"အို. . . တစ်တောလုံး အကုန်ပဲ၊ စိန်တစ်လုံးဆိုင်က ဦး တောင်းကြီးတို့လင်မယားတောင် ပါတယ်"

ခဏကြာတော့ ဟိုင်းကြီးနဲ့ပြောင်ကြီးတို့ ဦးဆောင်တဲ့ တောင်တောတပ်တော်ကြီး ရေတံခွန်စခန်းဆီ တစ်အုပ်တစ်မ ဆင်း လာကြပါတော့တယ်။

"မောပြီဟေ့. . . လေးညအိပ် သုံးရက်မနားတမ်း ချီတက် လာရတာ၊ ဗိုက်ဆာတဲ့ကောင်တွေ ရေသောက်ပြီး နားကြကွာ၊ ရေတံ ခွန်စမ်းကြီး ခမ်းချင်ခမ်းပေ့စေ"

"ဟမ်း. . . စားနပ်ရိက္ခာ ထောက်ပံ့ရေးကလည်း ဒါပဲလား"

"တောင်တောဘတ်ဂျက်လ နီးပြီကွ. . . ဂျိုးမများနဲ့"

ဆိုတော့လည်း တော်ကြပါပေတယ်. . . အသီးသီး ရေ သောက်ပြီး နားကြတယ်။

အကောင်ကြီးပိုင်းတွေဖြစ်တဲ့ ဆင်၊ ကျား၊ မျောက်ဝံနဲ့ အခြားမျိုးနွယ်စုခေါင်းဆောင်တချို့သာ တဲစခန်းရှေ့မှာ ပုံတော်သလို



www.burmeseclassic.com

www.burmeseclassic.com



နားကြပြီး ကေလာသနဲ့လူကောင်တို့က ဇည့်ခံတယ်။

"ကဲ. . . ဘယ်လိုလဲ ခေါင်းဆောင်ကြီး၊ ကျုပ်ရဲ့ရိုးသားမှုကို လက်ခံပြီ မဟုတ်လား"

ရုတ်တရက် မော့တော့မော့တော့ ပြောလိုက်တဲ့ တီဂေါ လောကို ဟိုင်းဆင်ကြီးက နှာမောင်းနဲ့ လှမ်းထုပစ်လိုက်တယ်။

"ဂိန်. ."

"ပြန်ပြင်ပြောစမ်း. . . မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ၊ မင်းရဲ့ရိုးသားမှုကို သက်သေထူဖို့ ငါ့ဆီ ပထမဦးဆုံးလာတုန်းက ဒီအသံမျိုးလား. . ဟမ်. . ဟဲ့ကောင် ပြန်ပြောစမ်း"

"မှန်. . မှန်ပါ. . အရှင်မင်းကြီးရယ်၊ ကျွန်မျိုး ငမိုက်သား တစ်ကြိမ်တစ်ခါ မိုက်မှားတာကို ခွင့်လွှတ်တော်မူပါ"

"အိမ်း. . အဲ့သလို လျှောက်တင်ရမယ့်ဟာ၊ ဘယ့်နှာတုန်း အဟမ်း. . အို. . ညီတော်အိမ်ရှေ့ပြောင်လေး"

(ဒုက္ခပဲကွာ. . . ဒီအရူးပိုးက ထထလာတယ်)

"ပြောဗျာ. . . ကျုပ်နားမပင်းဘူး"

ပြောင်ပြီး ဖြေသံကို ဟိုင်းကြီး သိပ်ဘဝင်မကျပေမယ့် ကိုယ့် အမျိုးဖြစ်နေတော့ ရူးချင်ယောင်ဆောင်လိုက်ရတဲ့ပုံစံနဲ့. . .

"အေးလေ. . . မင်းလည်း ခရီးပန်းလာတော့ နားချင်ရှာမှာ ပေါ့၊ ကဲ. . ကေလာသ. . ဟောဒီက တီဂေါလောရဲ့ဖြူစင်မှုအတွက် ခင်ဗျားရဲ့ဖြောင့်ချက်က သိပ်အရေးကြီးနေတယ်၊ ခင်ဗျားနဲ့လူကောင် တောင်တောကို ပြန်မလာလို့ တီဂေါလောတို့အုပ်စု ဖျက်စားလိုက်ပြီ လို့ သတင်းထွက်နေတာတော့. . ခင်ဗျားတို့ကို အသက်ရှင်လျက်





ပြန်မြင်ရလို့ ဒီသတင်းမှားတယ်ဆိုတာ သေချာပြီ၊ နောက်တစ်ခုက ခင်ဗျားနဲ့လူကောင်က သူတို့အစာကို ဝင်လုပြီး သူ့ကိုတောင် တိုက် ခိုက်သွားသေးတယ်လို့ ဆိုတယ်၊ အဲ့ဒါ အမှန်ပဲလား"

ကေလာသ သက်ပြင်းချပြီး တီဂေါလောကို လှမ်းကြည့် လိုက်တယ်။ ပြီးမှ. . .

"မှန်တယ် ကိုဟိုင်း၊ ကျုပ်တို့ သူ့အစာကို လုခဲ့တယ်၊ ဒါပေ မယ့် ကျုပ်တို့ လုရတဲ့ရည်ရွယ်ချက်က တိရစ္ဆာန်လောကသားတွေ ရဲ့ ဘေးအန္တရာယ် ကျရောက်မယ့်အရေးကို ကြိုတွေးပြီး ကာကွယ်လိုက် တာပဲ၊ ဘာကြောင့်လဲဆိုတော့ သူတို့အစာအဖြစ် လိုက်ဖမ်းနေတဲ့သူ ဟာ လူတစ်ယောက်ဖြစ်နေလို့ပါပဲ"

"ဩော်. . . ဒီလိုလား"

အဲ့ဒီအခိုက်မှာပဲ ကေလာသက စကားဖြတ်ပြီး. . .

"လူကောင်ရေ. . . မင်းဦးလေး ဦးဟိုင်းကြီး ကြည့်ရတာ အရမ်းမောနေသလိုပဲ၊ ဟိုဘက်တောင်စောင်းမှာ ကြံတောတစ် တောရှိတယ်၊ ဆယ့်လေးငါးချောင်းလောက် ခုတ်ယူခဲ့ကွာ"

ကြံဆိုတာနဲ့ပဲ ဟိုင်းတို့ညီအစ်ကို နားရွက်တွေ တဖျတ်ဖျတ် ခတ်လာတယ်။

"အေးကွာ. . . တို့က အသက်ကြီးပြီဆိုတော့. . . အဟဲဟဲ ဟဲ"

လူကောင် ထွက်သွားမှ ကေလာသက. . .

"ဒီမှာ တီဂေါလော၊ မင်းတို့ ခွေးမမယ်ဘဝနဲ့ နှပ်ချေးစား ဖုတ်လူးအရွယ်တုန်းက ငါတို့တောင်တောမှာ ဘေးဥပဒ်ရောက်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ဖူးတယ်၊ အဲ့ဒါ. . မင်းအဖေ ခွေးအ,ခေါင်းဆောင် တုတ်ပေါကြီး ကြောင့်ပဲကွ၊ အဲ့ဒီတုန်းက ငါတို့တောင်တောကို တောခေါင်းကြီးနဲ့ အဖွဲ့ သစ်တောကြိုးဝိုင်းအခြေအနေကို လာကြည့်ကြတယ်၊

တောခေါင်းကြီးမှာ ဇနီးသည်ပါလာပြီး ကိုယ်ဝန်လည်း ရနေ လို့ သူတို့ တောင်တောမှာ စခန်းချပြီး သူတို့အလုပ်တာဝန်တွေကို လုပ်ကြတယ်၊ ဇနီးသည်ရဲ့ကိုယ်ဝန်ကလည်း ရင့်လာပြီး ဆရာဝန် တွေလည်းပါတော့ သူတို့ ဒီမှာပဲ မွေးပြီး မိခင်ရောကလေးပါ ကျန်း မာမှ ခရီးဆက်ဖို့အစီစဉ်နဲ့ တူပါရဲ့၊

တစ်နေ့ ဘိုတဲမှာ တောခေါင်းဇနီးနဲ့ သူ့အဖော်တစ်ယောက် ပဲ ကျန်နေတုန်း မင်းအဖေ တုတ်ပေါနဲ့အဖွဲ့ ဝင်ပြီးဆွဲကြတယ်၊ နေရာမှာတင် ဖျက်စားနေတဲ့အချိန်မှာ ကိုယ်ဝန်ဆောင်မိခင်ရဲ့ ဗိုက် ကို ကိုက်ဖောက်စားသောက်ကြတော့. . အထဲကနေ ကလေးလေး ထွက်ကျလာတယ်၊ အဲ့ဒါကို အနီးနားမှာ ရောက်နေတဲ့ငါက မြင်လို့ အဲ့ဒီကလေးကို ဝင်လုပြီး ပြေးလို့ ကလေးပဲ ဒီကနေ့အထိ အသက် ရှင်ကျန်ခဲ့ရတာ၊ ကျန်တာ မင်းအဖေနဲ့သူ့အဖွဲ့က အကုန်စားပစ် လိုက်ကြတယ်ကွ၊ အဲ့ဒီအသက်ရှင်ကျန်နေတဲ့ကလေးဟာ ဒီနေ့အထိ ငါ့ဘေးနားမှာရှိနေတဲ့ လူကောင်ပဲ"

"ဟင်. ."

"ဟာ. ."

တီဂေါလောအပါအဝင် အားလုံး ဟင်ဟာတောက်ကျွတ် လုပ်ကုန်ကြပေမယ့် ဦးကျားကြီးကတော့ ဒီအကြောင်းတွေ သိပြီး သားပုံစံမျိုး ဝါးခနဲ တစ်ချက်သမ်းဝေပြီး 'ဒါ အမှန်ပဲ. . ' လို့ ထောက်





ခံတယ်။

ကေလာသက ဆက်ပြောတယ်။

"ငါ ဒီအကြောင်းတွေ ပြောချင်လို့ လူကောင်ကို ဟိုဘက် သွားခိုင်းလိုက်ရတာပဲ တီဂေါလော၊ ပြောချင်တဲ့ အဓိကအကြောင်း က သတ္တဝါတွေထဲမှာ လူဟာ အဆိပ်အပြင်းဆုံးပဲ၊ လူသားမိန်းမနှ[illegible] ယောက်ကို မင်းအဖေနဲ့သူ့အဖွဲ့တွေ စားသောက်ပစ်လိုက်လို့ [illegible] တွေ ဒေါသအိုးကွဲပြီး ငါတို့ တောင်တောက မြင်မြင်သမျှတိရစ္ဆာ[illegible] တွေ သတ်ပစ်တာ တစ်နှစ်ပတ်လုံး ပုပ်စော်နံခဲ့ရပါတယ်ဆိုရ[illegible] မင်းယုံနိုင်မလား၊

မယုံမရှိနဲ့. . . လက်တွေ့ပဲ၊ ဦးကျားကြီးမိသားစုလည်း အဲ့[illegible] ကတည်းက သေပွဲဝင်ကုန်ကြလို့ ဒီကနေ့အထိ အထီးကျန်နေခဲ့ရတာ မေးကြည့်လိုက်စမ်းပါ၊ ငါတို့မြောက်ပိုင်းသားတွေကို စိတ်နာရတာ လည်း ဒီအကြောင်းက အရင်းခံပဲ၊ ဒီမှာ လူတွေ ငါတို့ကို လိုက်သတ် နေလို့ မြောက်ပိုင်းထဲ အသက်လုပြီး ဝင်ပြေးတာကို မြောက်ပိုင်းသား တွေက ဆီးပြီးကိုက်ကြတိုက်ကြတယ်၊

အဲ့ဒီအပြိုးကြောင့် ဒီကနေ့ ဒီကောင်တွေ ငါတို့ဘက် ကူး တာကို လက်မခံခဲ့တာ၊ ကဲ. . . မင်းစဉ်းစားကြည့်စမ်း၊ လူတွေမှာ တောင် 'အစာတစ်လုတ် တုတ်တစ်ချက်' ဆိုတဲ့စကားပုံလေးပဲရှိ တယ်၊ ငါတို့ တိရစ္ဆာန်မှာ 'နည်းနည်းစား. . . များများသေ' ဆိုတဲ့ စကားပုံကြီးကွ၊ ဘယ်လောက် သင်ခန်းစာယူဖို့ကောင်းသလဲ၊

အဲ့ဒါကြောင့် မင်းတို့ လူကို အစာအဖြစ် ဖမ်းနေတဲ့အချိန်မှာ ငါတို့က ဝင်တားတာ၊ မင်းတို့ တစ်ဝမ်းဝရေးကြောင့် ငါတို့ တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများစွာ မဆုံးရှုံးမနစ်နာရအောင် ကူညီတာ၊ ဟောဟဲ. . . ပြောရတာ မောတယ်၊

တီဂေါလော. . . ငါ နောက်ဆုံးတောင်းပန်ချင်တာက လူတွေရဲ့ ဒေါသကို မဆွကြပါနဲ့၊ လူတွေကို ဒုက္ခပေးပြီး ကိုယ့်ဒုက္ခကိုယ် မဖန်တီးကြပါနဲ့၊ နောက်တစ်ချက်က လူတွေမှာ အားနည်းချက်တစ်ခု ရှိတယ်၊ အဲ့ဒါက သနားကြင်နာတတ်တဲ့စိတ်၊ ကိုယ့်ကိုယ်ကိုယ် အမျိုးမြတ်တဲ့သခင်ဆိုပြီး စိတ်ကြီးဝင်တတ်တဲ့ ဘဝင်ပဲ၊ ငါတို့က အဲ့ဒီ အားနည်းချက်ကနေ သူတို့ကို ဝင်ပူးကပ်ပြီး ညာစားရင် ဘယ်တော့မှ အကျိုးမယုတ်ဘူးကွ၊ သူတို့ကို သခင်လို့ သဘောထားပြီး ကျိုးနွံပြလိုက်ရင် ငါတို့စားဝတ်နေရေးကို သူတို့ တာဝန်ယူတော့တာပဲ"

အဲ့ဒီအခါမှာ ယုန်ခေါင်းဆောင် ဦးခေါက. . .

"လိုရင်းတိုရှင်းပဲ ပြောပါ ဘိုကေရာ၊ လူတွေက မြှောက်ပေးရင် ဗော်းတက်အောင်ကတဲ့ သတ္တဝါပေါ့. . . ပြီးတာပဲ"

"အေး. . . အဲ့ဒီအတိုင်းပဲ"

"နေပါဦး ဘိုကေ. . ၊ ခင်ဗျား လူအကြောင်း ဒီလောက်ကောင်းကောင်းသိတာဟာ လူကောင်ပြောပြလို့လား"

"ဖွီ. . လူကောင်က မျောက်မွေးလို့ လူဖြစ်တာ. . . သိစရာလား၊ ကျုပ်သိခဲ့ရတာက အဲ့ဒီတုန်းက တောခေါင်းကြီးရဲ့အချစ်တော် မျောက်လေပွေ ဖိုးစိန်ဆိုတာ ရှိတယ်၊ သူနဲ့ကျုပ် အပေါင်းသင်းတွေဖြစ်ပြီး သူ့ဆီကတစ်ဆင့် အတွေ့အကြုံကို သိရတာ၊ ဖိုးစိန်နဲ့ ခင်လို့ ဖိုးစိန်ကို လာရှာရင်း တုတ်ပေါတို့ သောင်းကျန်းတာနဲ့ တည့်တည့်တိုးပြီး လူကောင်လေးကို ကယ်ခွင့်ရတာလေ"





"ဩော်. . ဩော်. . ဇာတ်ရည်လည်ပြီ၊ ဟုတ်ပြီ. . . ဟုတ်ပြီ၊ ကိုင်း. . . ကေလာသရဲ့ဖြောင့်ချက်က တကယ့်ကို အဖိုးတန်ပြည့်စုံပါလေတယ်၊ ဟဲ့. . . ညီတော်အိမ်ရှေ့ပြောင်"

"လာပြန်ပြီ. . ပြော. . ဘာတုန်း"

"တီဂေါလောရဲ့အမှုကို ရုံးမင်းတစ်ထိုင်နဲ့ ကွင်းလုံးကျွတ်လွတ်ကြောင်း ကြေညာလိုက်"

"အလိုဗျာ. . . ဒီမှာ မျိုးနွယ်စုခေါင်းဆောင်တွေ အကုန်ရှိနေတာ ကိုယ့်မျိုးနွယ် ကိုယ်ရှင်းလိုက်ရင် ပြီးပြီပေါ့ဗျ"

"ဟုတ်တယ်. . . ဟုတ်တယ်"

အဲ့ဒီအခိုက်မှာပဲ လူကောင်ရယ် ကြံတွေ တစ်စုတစ်ထမ်းကြီး ထမ်းလာပြီး လူကောင်နဲ့အတူ ဦးသီလတို့တူဝရီး ပါလာလို့ အားလုံး ဝရုန်းသုန်းကား ဖြစ်ကုန်ကြတယ်။

အရိုင်းစိတ်ကိုသိနေတဲ့ လူကောင်က ကြံပိုင်းတွေကို ပစ်ချပြီး တိရစ္ဆာန်ဘာသာနဲ့. . .

"မလန့်ကြပါနဲ့. . . ဒါ ကျုပ်မိတ်ဆွေလူသားတွေပါ။ စိတ်ကောင်းရှိပါတယ်၊ သူတို့က ခင်ဗျားတို့ကို အကူအညီပဲ ပေးမှာပါ ဒုက္ခမပေးပါဘူး"

အဲ့ဒါကို ပြောင်ကြီးက နှာမောင်းကြီး ရှေ့တန်းပြီး လှမ်းအော်တယ်။

"မင်းတာဝန်ယူလား. . . ငါတော့ ကြိုးဝိုင်းထဲက ခရာမှုတ်မှ ထမင်းစားရတဲ့ဆင်တော့ မဖြစ်ချင်ဘူးနော်"

"ဟုတ်တယ် လူကောင်၊ ငါလည်း အသက်ကြီးမှ တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ထဲမှာ ထောင်ကျမခံနိုင်ဘူး"

"စိတ်ချပါ. . . ကျုပ်တာဝန်ယူပါတယ်၊ အားလုံး ကိုယ့်နေရာ ကိုယ်ပြန်ထိုင်ကြပါ။ တစ်ခါတည်းပဲ ခင်ဗျားတို့နဲ့ မိတ်ဆက်ပေးပါ့မယ်"

အဲ့ဒီနောက် လူကောင်က လူဘာသာနဲ့ ဦးသီလတို့ကို ပြန်ပြောတယ်။

"ကဲ. . . ဦးသီလ သူတို့က ခင်ဗျားတို့ကို နားလည်အောင် ပြောပြပြီးပါပြီ၊ ဘာမှစိတ်မပူပါနဲ့တော့၊ အခု သူတို့နဲ့ ခင်ဗျားတို့ကို မိတ်ဆက်ပေးမယ်. . . ဟုတ်ပြီလား"

"ကောင်းပါပြီ လူကောင်ရာ၊ ဒီလောက်အများကြီး ရုတ်တရက် တွေ့ရတော့ ငါတို့လည်း ကြောက်တာအမှန်ပဲကွ၊ ဒါတောင် မင်း လမ်းမှာကြိုပြောထားလို့ပေါ့. . . သမီးဒီပါခိုင်. . ."

"ရှ. . ရှန်. ."

"မကြောက်နဲ့. . . ကြားလား"

"ဟုတ်. ."

"ကဲ. . . လူကောင် ငါတို့ကို မိတ်ဆက်ပေးလေကွာ"

"ကောင်းပြီဗျာ"

တစ်ခါ လူကောင်က တိရစ္ဆာန်တွေဘက်လှည့်ပြီး အားလုံး ဒီမှာလာပြီး စုရုံးကြဖို့ အသံတစ်မျိုးနဲ့ အချက်ပေးလိုက်တယ်။

အချက်ပေးသံ ကြားတယ်ဆိုရင်ပဲ ရေတံခွန်စခန်းရဲ့ နေရာအနှံ့အပြားမှာ ရှိနေကြတဲ့ တိရစ္ဆာန်မျိုးစုံတို့ဟာ တဲစခန်းရှေ့ ကွက်လပ်ကြီးဆီကို စုရုံးရောက်လာကြပါတော့တယ်။ တစ်ဆက်တည်း





မှာပဲ လူကောင်က တိရစ္ဆာန်ဘာသာနဲ့ မိတ်ဆက်လိုက်ပါတယ်။

"ရောင်းရင်းတို့. . အဲ. . အဲ. . ဘော်ဒါတို့ နားထောင်ပေးကြပါ။ အခု ကျုပ်ဘေးမှာ ရှိနေတာ တိုင်းရင်းဆေးဆရာကြီး ဦးသီလလို့ ခေါ်ပါတယ်၊ သူဟာ ခင်ဗျားတို့ရဲ့ ဝေဒနာမှန်သမျှကို အခမဲ့ ကုစားဖို့ တာဝန်ယူနိုင်တဲ့သူပါ။ ကျုပ်ကို ခင်မင်သလို သူ့ကို ခင်မင်ပါ၊ သူက ခင်ဗျားတို့ကို ဒုက္ခမပေးဘဲ ကူညီမှုတွေ ပေးမယ်ဆိုတာ ကျုပ် တာဝန်ယူရဲပါတယ်၊ အားလုံးကြိုဆိုပေးပါခင်ဗျား"

"ဝေါ. . ဝူး. . အူး. . ဝေါင်း. . ဟမ်း. . ဟီး. . အွန်. . ကွီ. . ကျွမ်"

ရုတ်တရက် တောင်ပြိုသလို ထွက်ပေါ်လာတဲ့အသံကြီးကြောင့် ဦးသီလတို့တစ္ဝရီး လန့်ပြီး လူကောင်ဘေးနား တိုးကပ်ကုန်ကြတယ်၊ ဒီလိုအသံကြီးမျိုးကို ဒီကနေ့ တောင်အာဖရိက ကမ္ဘာ့ဖလားပွဲမှာ ခေတ်စား. . နားအူနေတဲ့ ဘူဘူဇီလာ လေမှုတ်တူရိယာတောင် မမီပါဘူး၊ တကယ့်ကို အံ့သြဘနန်း မိုးပြိုမခန်းပါပဲ။

အဲဒီနောက် အသံတွေ တဖြည်းဖြည်း ပြန်ငြိမ်သွားမှ လူကောင်က. . .

"ဟောဒီမိန်းမလှလေးကတော့ ဟောဒီဆေးဆရာရဲ့တူမလို့ ဆိုပါတယ်၊ နာမည်က ဒီပါခိုင်လို့ ခေါ်ပါတယ်၊ သူလည်း ကျုပ်တို့ရဲ့မိတ်ဆွေပါ၊ အားလုံးကြိုဆိုပေးကြပါ"

တစ်ခါ ကျယ်လောင်မြည်ဟည်းစွာပဲ အော်ဟစ်ကြိုဆိုကြပြန်လို့ ဦးသီလနဲ့ဒီပါခိုင်တို့ နားပိတ်ပြီး အကြိမ်ကြိမ် ဦးညွှတ် အသိအမှတ်ပြုကြပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအချိန်မှာပဲ ကေလာသကြီး အနားရောက်လာပြီး. . .

"လူကောင်ရေ. . . မင်းတော့ ပွတာပဲ သိလား"

"ဘာကိုလဲဗျ"

"မင်းလို လူကောင်လေးတွေ အများကြီး ဖြစ်အောင် လုပ်လို့ ရပြီကွ၊ ဥပမာ ငါတို့မျိုးနွယ်စုတွေ အများကြီး ပွားလာသလိုပေါ့"

"အဲ့ဒါ ဘယ်လိုလုပ်ရမှာလဲ"

"အဟဲဟဲ. . . ဟိုလူမလေးနဲ့မင်းနဲ့ ပေါင်းရင် လူပေါက်စ တွေ အများကြီး ပွားလာလိမ့်မယ်ဟေ့. . . အဟတ်ဟတ်"

အဲ့ဒါကို နားထောင်နေတဲ့ ဦးသီလက. . .

"လူကောင်ရေ. . . မင်းဘော်ဒါ ကေလာသကြီးက ဘာတဲ့ လဲကွ"

လူကောင် အတော်ဒုက္ခရောက်သွားတယ်၊ ကေလာသ ပြောတဲ့အတိုင်းသာ ဘာသာပြန်လိုက်ရလို့ကတော့ မကောင်းရှိရော့ မယ်။

"ဩော်. . . သူ အတိတ်မေ့နေတာ ပြန်သတိရပြီတဲ့၊ ဦးသီလတို့ မြို့က ပြန်လာတာကိုလည်း ကြိုဆိုပါတယ်တဲ့"

"ဟုတ်လား. . ဟားဟားဟား. . ဝမ်းသာတယ်ကွာ၊ အရမ်း ပျော်တယ်"

ဒါကို ကေလာသက လက်တို့ပြီး မေးတယ်။

"ဘာတဲ့လဲ"

လူကောင် စိတ်ညစ်ပြီး ပြောလိုက်ပါတယ်။

"ပေးစားမယ်တဲ့"





ဘာပြောကောင်းမလဲ။

ကေလာသ ဂွမ်းထိုးတော့တာပေါ့။


"မြေးချီရတော့မယ်ကွ. . . ခွိခွိခွိ"



www.burmeseclassic.com

www.burmeseclassic.com

ဘာသာပေဒသဘောနဲ့
လာလာနေကျတော့ မဟုတ်လို့
နည်းနည်းစိတ်ရှုပ်ချင်ပေမယ့်
အမြင်ချင်း မတူတာတောင်
"ရင်" ချင်းတော့ တူတယ်..
လှုပ်ပဲလေ...
ထူထဲတဲ့အရေပြားမှ မဟုတ်တာ..
ပူခနဲ ဆိုတာနဲ့ သိတယ်..
အဟင်းဟင်း..
ငြိတော့မယ်နော...







# အခန်း-တစ်ဆယ်

ရောက်စနေ့တုန်းကတော့ ဒီပါခိုင်အတွက် အသက်တောင် မရှူရဲလို့ ခင်းကြီးခင်းငယ် သွားဖို့တောင် မရှက်နိုင်ဘဲ ဦးသီလကို ပို့ခိုင်းရတယ်။ ဦးသီလ မအားရင် မရှိရင် လူကောင်ဘမိလ္လာစောင့်ပေးရတယ်။

ရေအိမ်ခွန်ခတွေဘာတွေ ကောက်တာ တောင်းတာတော့ မတွေ့ပေမယ့် ရေအိမ်အတွင်းနဲ့အပြင်တော့ စကားပြောပြီးကြတယ်။ ခုဆို ဒီပါခိုင် သူ့ဦးလေးနဲ့ တောကြီးမျက်မည်းထဲလိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတာဟာ ရက်အတော်ကြာသွားပြီလို့ ပြောရမယ်။

ဒီပါခိုင်နဲ့လူကောင်လည်း အတော့်ကိုပဲ ရင်းနှီးလာကြတယ်။ နေကျင့်လည်း ရလာပြီလေ။

ဒီရက်တွေမှာ တောင်တောဒေသခံ တောတိရစ္ဆာန်တွေလည်း အောက်ချိုင်းလို့ခေါ်တဲ့ ရေတံခွန်ကြီးနဲ့ စိမ့်ယဉ်သာမောစမ်းရေကြောမှာ ရေဆင်းကူးလိုက် နေစာလှုံလိုက်နဲ့ ပျော်နေကြပုံပါ။ ပြီးတော့ ဒီနေရာက တောင်တောဒေသနဲ့ မြောက်ပိုင်းဒေသကြားမှာ သီးခြားလေး ချွန်းထွက်နေတဲ့နယ်စပ်လို့ပဲ ပြောရမလား မသိဘူး။ ဘယ်သူ့အပိုင်မှ မဟုတ်လို့ ဘယ်သူမှမရောက်ကြ မလာကြတဲ့အတွက် အစာရေစာကလည်း ပေါများတယ်လေ။

အဲ့ဒါကြောင့် ကျွံထွက်လာတယ်လို့ ပြောရမယ့် တောင်တောအုပ်စုတွေ စားကျက်အသစ်နဲ့ တိုးပြီး မြိုးမြိုးမြက်မြက် ပေါပေါလျှံလျှံလေး စားသောက်ပျော်ပါးရင်း အနားယူကြရုံပေါ့။

"ဒီတစ်ခေါက် ပစ်ကနစ် ထွက်ရတာ ပျော်စရာပဲနော်"

"ဩော်. . . အချစ်ရယ်၊ ငှက်ဖြစ်တောင် တစ်ကိုင်းတည်းနားချင်တယ်ဆိုပေမယ့် ခွေးလှေးယားသီးတွေ နွယ်နေတဲ့ကိုင်းတော့ ရှောင်ရတာပေါ့ကွယ်"

"မောင့်စကားက မဆိုင်ဘူးနော်"

"ဟုတ်လား. . ဟဲဟဲဟဲ. . မောင်လည်း နှုတ်သွေးကြည့်တာ၊ ဒီဘက်တိုးစမ်းပါဦး ချကီး. . ရ"

"ဘာလဲ ချကီး"

"ဩော်. . . အချစ်လေး၊ ဒါတော့ ခေတ်နောက်ကျသွားပြီ၊





အဲ့ဒါ ညကကြည့်တဲ့ ကိုရီးယားကားထဲမှာ ပါတဲ့စကား၊ ချကီးဆို အချစ်တဲ့"

အဲ့ဒီနောက်တော့. . သကျလိ. . သကျလိနဲ့ ငှက်ဖိုငှက်မနှစ်ကောင် ငြီသွားလို့ လူကောင်လည်း တခိခိ ရယ်ပြီး အကြည့်လွှဲလိုက်တယ်။ အဲ့ဒါကို ဒီပါခိုင် မြင်လို့ ရေစပ်ကနေ ပြန်ထလာပြီး လူကောင်ရှိတဲ့ကျောက်ဖျာမှာ လာထိုင်တယ်။

"ဘာတွေ တစ်ယောက်တည်း သဘောကျနေတာလဲ လူကောင်ရဲ့"

"ဩော်. . . ဟိုးက တောင်မရွှေပင်ကြီးပေါ်က ဘွတ်ငှက်နှစ်ကောင် စကားပြောနေတာကို ကြားရပြီး ရယ်ချင်လို့ပါ"

ဒီပါခိုင် လှမ်းကြည့်တော့ ငှက်ကိစ္စပြီးသွားလို့ တော်သေးတာပေါ့။

"လှလိုက်တဲ့ငှက်ကလေးတွေနော်. . . သူတို့ ဘာပြောကြတာလဲဟင်"

"အချစ်အကြောင်း"

"ဟင်. ."

ဒီပါခိုင်ရဲ့မျက်နှာလေး ရဲခနဲ စိုသွားတယ်၊ အဲဒီ ရဲရဲစိုစိုလေးကို လူကောင် အငမ်းမရ လိုက်ကြည့်ပြီး အံ့သြနေတယ်။ လူတွေလည်း ပုတ်သင်ညိုတွေလို အရောင်ပြောင်းတတ်သလားပေါ့။

ပုတ်သင်ညိုတွေကတော့ ရာသီဥတုအခြေအနေပေါ်မှာ မှီပြီး အရောင်ပြောင်းတာ။ လူက. . .

"အင်းလေ. . . ငှက်ကလေးတွေလည်း အသွေးအသားနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟာ. . . ချစ်တတ်မှာပေါ့"

ဒီပါခိုင်ရဲ့စကားကြောင့် လူကောင် အတွေးပြတ်ပြီး စိတ်ထဲမှာ သိပ်မရှင်းလင်းသလို ခံစားနေရတဲ့ 'အချစ်' ဆိုတာကို မေးချင်သွားတယ်။

"ဒီပါ. ."

"ရှင်. ."

"အချစ်ဆိုတာ ဘာလဲ. . . ဘယ်လိုမျိုးလဲ၊ ငှက်ပျောသီးတွေ သရက်သီးတွေလိုပဲ ချိုလား"

ဒီပါခိုင် ရှက်၍သွားပေမယ့် လူကောင်ရဲ့အကြည့်မျက်လုံးတွေက ပီဘိကလေးတစ်ယောက်လို သန့်စင်နေတော့ အရှက်ပြေသွားတယ်။

ဦးလေးပြောပြလို့ လူလို မြည်ကာမတ္တဘဝနဲ့ လူဖြစ်နေတဲ့ လူကောင်လေး မဟုတ်လား။ အဲ့ဒီတော့ ရှင်းပြတယ်။

"ဒီလို လူကောင်ရဲ့၊ အချစ်ဆိုတာ ကမ္ဘာဦး သမိုင်းဦးအစကတည်းက ဒီနေ့ကနေ့အချိန်အထိ သတ္တဝါတိုင်းရဲ့စိတ်နှလုံးမှာ အချိန်အခါသင့်သလို ကိန်းလာတယ်ဆိုပေမယ့် အချစ်ရဲ့အဓိပ္ပါယ်ကိုတော့ ဘယ်သူမှမည်မည်ရရ. . . အင်း. . . တိတိကျကျ 'ဒါမှအချစ်လို့' မဖွင့်နိုင်သေးဘူးကွ၊

ဒါပေမယ့် ကိုယ့်အမြင်နဲ့ကိုယ် အချစ်ကို လိုအပ်သလို ခေါင်းစဉ်တပ်ကြတာတော့ အမှန်ပဲ၊ ဘယ်လိုပြောမလဲ၊ ကိုယ့်စိတ်က တစ်ယောက်ယောက်အပေါ် အရမ်းစွဲလမ်းတွယ်တာလာရင် မွတ်သိပ်ခံစားတတ်လာရင် ဒါဟာ အချစ်ပဲ၊ အချစ်ကြောင့်ပဲလို့ ပြောတာ





ပေါ့. . . ရှင်းရဲ့လား"

"အင်း. . . ရှင်းသလိုလိုပဲ"

"မင်းရော ချစ်သူရှိလား၊ ခုနပုံစံအတိုင်း ခံစားထားတာပေါ့"

"ရှိတယ်"

"ဟုတ်လား. . . ဘယ်သူလဲဟင်"

"ကေလာသ"

"အိုး. . ဟိုးဟိုးဟိုး. . သူ့ကို လူကောင်က ချစ်တယ်"

"ချစ်တယ်. . . ကျုပ်ဘဝမှာ သူမရှိရင် မဖြစ်တော့သလိုလို ချစ်တယ်၊ ကျုပ်ရဲ့ကျေးဇူးရှင်လေ၊ သူ့ကြောင့် ကျုပ် လူကောင်ဖြစ်လာတာ"

"သြော်. . . အင်းပေါ့၊ အဲ. . . အချစ်မှာ အဲ့ဒါလေးတော့ မူကွဲတယ်၊ မောင်ချစ်နှမချစ်၊ သူငယ်ချင်းချစ်၊ ပြီးတော့ လူကောင်နဲ့ ကေလာသက မိဘနဲ့သားသမီးအချစ်ပေါ့"

"သြော်. . အဲ့လိုလား၊ ဒါဆို ကျုပ်နဲ့ဒီပါကရော ဘယ်လို အချစ်လဲဟင်"

"ဘုရားရေ"

ဒီပါ ဘုရားတ,ပြီး ကျောက်ဖျာပေါ်က ခုန်ဆင်းမိလျက်သား ဖြစ်သွားတယ်။ လှပတဲ့မျက်လုံးကြီးတွေကလည်း ဝိုင်းလို့၊ ရင်တွေလည်း တဒိုင်းဒိုင်းနဲ့ကို ခုန်ကုန်တော့တာကလား။

ဒါပေမယ့် လူကောင်ကို ကြည့်တော့ ဘာမှမဖြစ်သလို ရှိုန်းပဲဆိုတော့ ဒီပါခိုင် ဘာသာရှက်ပြီး ကြွေဆည်လိုက်ရတယ်၊ ပြီးမှ စမ်းချောင်းထဲ ဒိုင်ဗင်ချနေတဲ့မျောက်အုပ်ကို လှမ်းကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"တို့က သူငယ်ချင်းချစ်ပေါ့ လူကောင်ရဲ့. . . သူငယ်ချင်းတွေပဲဟာ"

"အဲ့ဒီအချစ်က ဟိုမန္တေးပင်ပေါ်က ဘွတ်ငှက်အချစ်နဲ့ တူလား"

"ဟာ. . မ. . မတူဘူး၊ အဲ့. . အဲ့ဒါက ဟိုလိုအချစ်"

"ဘယ်လိုအချစ်လဲ"

ဒီပါခိုင် လျှာတွေတောင် ကိုက်မိပြီး ဖိုးသိုးဖတ်သံပ်နဲ့ ပြောရခက်နေလို့ လူကောင်က. . .

"အဲ့ဒီအချစ်ကို ကျုပ်သိတယ်"

"ဟင်. . သိ. . သိတယ် ဟုတ်လား"

"သိတယ်. . . အဲ့ဒီအချစ်က ကလေးမွေးတဲ့အချစ်၊ ဟုတ်တယ်. . . ဟုတ်တယ်ဗျ၊ အဲ့ဒီငှက်တွေ မယုံရင် လိုက်ကြည့်ကြည့်၊ သူတို့ချစ်ပြီး သိပ်မကြာဘူး၊ ငှက်မက ဥ,ဥတော့တာပဲ၊ မျောက်တွေလည်း ဒီလိုပဲ၊ ချစ်ပြီးရင် မျောက်မကြီး ဗိုက်ပူပြီး မွေးတော့တာ၊ ကျားတွေ. . ဝက်တွေ. . ခွေးတွေ. . . "

"လူ. . လူကောင်. . . "

ဒီပါခိုင် မကြားရဲတော့လို့ လူကောင့်ဆီ လှည့်ပြီး လူကောင့်ပါးစပ်ကို သူမလက်ဖဝါးနုနုလေးနဲ့ အတင်းလာပိတ်တယ်။

လူကောင်ကလည်း သူပြောလို့ မပြီးသေးတော့ သူမလက်ကို ဖယ်ပြီးပြော၊ ဒီပါကလည်း မကြားရဲလို့ ပြန်ပိတ်နဲ့ အတော်ပူးပူးကပ်ကပ် ဖြစ်ကုန်ကြပြီး မိနစ်စိတ် ခပ်ကြီးကြီးလောက် အထိအတွေ့၊ အငွေ့အသက်တွေနဲ့ မူးမေ့ကုန်တယ်။





ဒီပါလည်း မောသွားတယ်။ လူကောင်လည်း ငြိမ်သွားတယ်။ အဲ့ဒီအချိန်မှာ လူကောင် နားလည်လိုက်ပါတယ်။ သူ ဒီပါခိုင်ကို ကလေးမွေးတဲ့အချစ်နဲ့ ချစ်နေပြီဆိုတာ။ တစ်ဆက်တည်းမှာပဲ သူမ ရောက်စရက်က ကေလာသ သူ့ကို တီးတိုးလာပြောသွားတဲ့ စကားကို ပြန်အမှတ်ရလာတယ်။ အဲ့ဒီတုန်းက နားမလည်ပေမယ့် ခုတော့ ချက်ချင်းပဲ နားလည်သွားတယ်။

ဟုတ်တယ်. . . ငါနဲ့သူနဲ့ ပေါင်းပြီး ကလေးတွေအများကြီး မွေးရမယ်။

လူကောင် အတွေးနဲ့ ငိုင်နေတုန်း ဒီပါခိုင် လှစ်ခနဲ ခွာထွက်တယ်။ ဒါပေမယ့် မျောက်တွေနဲ့ ကြီးရပြီး မျောက်လက်လို အင်မတန်သွက်ပြီးမြဲတဲ့ လူကောင်ရဲ့လက်က လွတ်ထွက်မသွားပါဘူး။

"အိုး. . . လူကောင်"

"ကျုပ်ချစ်တယ် ဒီပါ၊ ကျုပ်နဲ့ နေပါ၊ ကလေးတွေအများကြီးမွေးပါ"

"လူ. . လူကောင်"

"ချစ်တယ် ဒီပါ"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**နေ**ဝင်ချိန်ရောက်လာပြီဆိုရင်ပဲ သားငှက်တိရစ္ဆာန်တွေ အိပ်တန်းတက်ကြ၊ အသိုက်ဝင်ကြ၊ ဂူအောင်းကြနဲ့ တစ်ညတာ အိပ်စက်နားနေဖို့ ပြင်ဆင်ကြတာဟာ တောသဘာဝပဲ မဟုတ်လား။ ခုတော့ အောက်ချိုင်းမှာ အဲ့ဒီသဘာဝတရားကြီး ရှိပါ့မလားလို့တောင် စိုးရိမ်စရာဖြစ်နေပါပြီ။

ဘာကြောင့်လဲဆိုရင် မိုးချုပ်တာနဲ့ သားငှက်တိရစ္ဆာန် ပုပုရွယ်ရွယ် ငယ်ငယ်ကြီးကြီးအားလုံး ဦးသီလရဲ့တဲစခန်းရှေ့က တလင်းပြင်မှာ လာစုရုံးပြီး ညတိုင်း တီဗီကြည့်ပြီးမှ ကိုယ့်အိပ်ရာကိုယ်ပြန်တတ်ကြလို့ပါ။

လူကောင်ကလည်း သူ့ရဲ့တိရစ္ဆာန်အသိုင်းအဝိုင်းတွေ ဗဟုသုတနဲ့ ပြည့်စုံပြီး ဒီနေ့ ဂလိုဘယ်ခေတ်ကြီးနဲ့အညီ အသိပညာ တိုးပွားလာအောင် တီဗီကို တဲရှေ့မှာ ထုတ်ပြီးပြတယ်။ ဦးသီလကလည်း ခွင့်ပြုတယ်။ မြဝတီ၊ မြန်မာ့သံဇာတ်လမ်းတွဲတွေ၊ ကြော်ငြာတွေ၊ သတင်းတွေ ပြတဲ့အပြင် ဇာတ်ကားတစ်ခွေလောက်၊ Discovery တစ်ခွေလောက် ထည့်ထည့်ပြပေးတယ်။





တီဗီပြရင် လူကောင်က ဘေးကနေ တိရစ္ဆာန်တွေ နားလည်အောင် ဘာသာပြန်ပေးတော့ တိရစ္ဆာန်ပရိသတ် အတော့်ကို သဘောခွေ့ပြီး တောင်တောကို ပြန်ဖို့တောင် မေ့နေကြတယ်။

လူကောင် ဘာသာပြန်တယ်ဆိုတာက စာတန်းထိုးအခွေတွေမှာ စာဖတ်တတ်လို့ မဟုတ်ဘဲ အရုပ်ရဲ့လှုပ်ရှားမှုကို ကြည့်ပြီး ဒါက စကားပြောနေတာ၊ ဒါက ချစ်နေကြတာ၊ ဒါက ချတာ၊ ဖိုက်တာ၊ အဲ့သလို ကြည့်နေတဲ့ တိရစ္ဆာန်တွေကလည်း လူကောင် ဘာသာပြန်ပေးလို့ နားလည်ပြီး. . သြ. . သြနဲ့ အသံပြုပြီး ကြည့်ကြတယ်။

ဒါကိုကြည့်ပြီး ဒီပါခိုင်ကလည်း သဘောကျပြီး တခိန်းရယ်တယ်လေ။ သူမ ဖြတ်သန်းခဲ့ရတဲ့ဘဝမှာ ဒီလို ကိုးရိုးကားရား အဆင်ပြေနေတဲ့ အဖြစ်သနစ်မျိုး အိပ်မက်တောင်မှ မမက်ခဲ့ဖူးဘူးကိုး။

ဒီနေ့တော့ အမေရိကန်အက်ရှင် ရမ်ဘိုဇာတ်ကား ပြမယ်ဆိုလို့ ကျားသစ်တွေ၊ တောကြောင်တွေနဲ့ ခွေးအ,တွေ အစောကြီးလာပြီး ရှေ့ဆုံးမှာ နေရာယူနေကြတယ်။ အဲ့ဒါကို အကောင်သေးငြီးပုကွတဲ့ ဖျံလို၊ ဖွတ်လို၊ ယုန်လိုကောင်တွေ နောက်ကနေ မမြင်ရတော့ ဟင်. . ဟာ. . တောက်. . ကျွတ်တွေဖြစ်ပြီး ပူညံပူညံနဲ့။

နေကြာကွာစေ့ လိုက်ရောင်းတဲ့ မျောက်လွှဲအုပ်ကလည်း တမျောင့်နဲ့။ အတော့်ကို ပွက်လောညံနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လူကောင်ရေ. . . မင်းကောင်တွေ အရမ်းဆူတယ်ကွာ၊ စောစောစီးစီး ပြုရင်ပြုလိုက်တော့"

"ဟုတ်ကဲ့ ဦးလေး"

ဒါနဲ့ လူကောင် တီဗီကို မ,ထုတ်၊ အောက်စက်ပါ ထုတ်ပြီး ကြိုးတွေဆင်နဲ့ အလုပ်တွေ ရှုပ်နေတုန်း ဦးသီလက ဒီပါခိုင်ကို အတွင်းဘက်အခန်းထဲ ခေါ်လိုက်တယ်။

"ဦးလေးခေါ်တယ်ဆိုလို့"

"အေး. . . သမီး"

ဦးသီလ ချက်ချင်းမပြောသေးဘဲ တစ်ခုခုကို အလေးအနက် စဉ်းစားပြီးမှ. . .

"သမီးနဲ့လူကောင် မေတ္တာမျှနေကြပြီလား"

ဒီပါခိုင် ရှက်ပြီးငုံ့ကျတယ်။ ဒါပေမယ့် ဦးသီလ မြင်သာအောင်တော့ ခေါင်းညိတ်ပြလိုက်တယ်။

"လူကောင်ဟာ ဘယ်လိုလူဆိုတာ သမီးသိတယ်နော်၊ ဒါဟာ တာဇံရုပ်ရှင်ဇာတ်ကား မဟုတ်ဘူး သမီး၊ တာဇံလိုလည်း ဖြစ်လာမှာ မဟုတ်တော့ သမီးစဉ်းစားသင့်တယ်၊ လူကောင်ဟာ တာဇံလို အချိန်တန်လို့ လူတွေနေတဲ့မြို့ပေါ် ပြန်ရောက်သွားမယ့်လူ မဟုတ်ဘူး၊ သူ့ဘဝဟာ တိရစ္ဆာန်တစ်ပိုင်းပဲ၊ ခုလို ဆက်ဆံနိုင်တာဟာ ဦးလေးနဲ့ တွေ့ပြီးမှ ပြောင်းလဲတာ၊ ဘာမှကြာသေးတာမဟုတ်ဘူး"

"သမီးနားလည်ပါတယ်၊ စိတ်ထဲ ရှိတဲ့အတိုင်း ဝန်ခံရရင် မြို့ပေါ်မှာ လူတွေနဲ့ ဆက်ဆံပြီး နေထိုင်ရတာနဲ့ နှိုင်းစာရင် ဒီမှာနေရတာ လွတ်လပ်တယ်၊ သမီးဘဝမှာ ယဉ်ကျေးပါတယ်ဆိုတဲ့ လူတွေ





ရဲ့ ကလိမ်ခြိုကျမှု၊ ရက်စက်ယုတ်မာမှုတွေ အလီလီ ကြုံတွေ့ခဲ့ရပြီ ဘဝပျက်လုနီးပါး ဖြစ်ခဲ့ရလို့ လူကြားထဲ ပြန်နေဖို့တောင် ကြောက်နေပါပြီ၊ ကံကောင်းလို့ ဦးလေးနဲ့ ဆုံရပြီး အခုလို လွတ်လပ်ပေါ့ပါးတဲ့ လောကကြီးထဲ ရောက်ခဲ့ရတာကိုပဲ ကျေးဇူးတင်မဆုံး ရှိနေတာလေ သမီးစဉ်းစားပြီးပါပြီ၊ ဒီတစ်ဘဝစာတော့ ဒီမှာပဲ ပျော်အောင်နေပြီး ကိုယ့်ရဲ့တတ်စွမ်းတဲ့လူအသိဉာဏ်နဲ့ ရိုးသားစွာ ရိုင်းစိုင်းနေတဲ့ ဘောတိရစ္ဆာန်တွေကို လိမ္မာယဉ်ကျေးအောင် ပြုပြင်ထိန်းကျောင်းချင်းနေသွားတော့မယ်လို့"

"မဖြစ်နိုင်တာ သမီးရယ်"

"ဖြစ်နိုင်တယ်လို့ပဲ စဉ်းစားပေးပါ၊ သမီးနဲ့ လူကောင် နှီးနှိုချစ်ကြတာ မဟုတ်တော့ဘူး"

"ဟေ. ."

ဦးသီလ အရေးတကြီးကို လန့်ဖျပ်ပြီး ကြည့်ရတော့တယ်၊ အေးလေ. . . လွတ်လပ်တဲ့နေရာ မဟုတ်လား။ နောက်ဆုံးတော့ ဦးသီလ ဘယ်လိုမှ မတတ်နိုင်တော့သလို ခေါင်းကို ဖြည်းလေးစွာ ခါရင်း သက်ပြင်းချလိုက်တယ်။

"အေး. . . ဒါဆိုလည်း နေကြည့်လိုက်ဦးပေါ့၊ ဒါပေမယ့်လည်း ကိုယ်က လူဖြစ်နေတဲ့အတွက် လူသားတွေနဲ့ ကင်းကွာလို့တော့ မရဘူး သမီးရဲ့၊ အဲ့ဒီတော့ ကိုယ့်ရဲ့အသက်မွေးမှုအတွက် သမီးရော လူကောင်ပါ ဦးလေးဆီက ပညာအမွေခံရမယ်၊ ပြီးရင် ဦးလေးလိုပဲ တောနဲ့မြို့ကို ဆက်သွယ်ပြီး နေထိုင်ရလိမ့်မယ်"

"ဟုတ်. . . သမီးကြိုးစားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . သွား. . သွား"

အမြင်အတိုင်း ပြောရရင် ဒီပါခိုင် ပျော်ပြီး ခုန်ဆွခုန်ဆွနဲ့ ထွက်လာပါတယ်။ ပြီးတော့ တီဗီစကားပြန် လုပ်နေတဲ့ လူကောင်ကို အသာလက်ကုတ်ပြီး ခေါ်သွားတယ်။ သူတို့ဆုံနေကျ ကျောက်ဖျာကြီးပေါ် ရောက်မှ. . .

"ဦးလေးက တို့ကို ခွင့်ပြုလိုက်ပြီ သိလား"

"ဟာ. . ဒါ. . ဒါဆို ကလေးမွေးလို့ရပြီပေါ့"

"အို. . ."

လူကောင်လည်း ပျော်လွန်းလို့ ဒီပါကို တအားသိမ်းကျုံးပွေ့ဖက်ပစ်လိုက်တဲ့အချိန်မှာ အသံမျိုးစုံ ထွက်ပေါ်လာပါတော့တယ်။

"ဘာသာပြန်ပေးပါဗျို့"

"လူကောင်ရေ. . . ရမ်ဘို သေနတ်ကြီးနဲ့ လာနေပြီဟ"

"မမြင်ရလို့ ထိုင်ကြပါဗျို့"

ဒါပေမယ့် ဒီအသံတွေကို လူကောင် မကြားနိုင်တော့ပါဘူး၊ ရင်ခွင်ထဲက ချစ်သူကို လွတ်ထွက်မှာ ကြောက်သလို ဖက်ထားပြီး မိုးလင်းတာနဲ့ တောင်တောဆီ ခဏပြန်သွားတဲ့ ကေလာသဆီ လိုက်သွားပြီး သူနဲ့ဒီပါရဲ့ ကလေးမွေးတဲ့အချစ်ကို ပျစ်ပျစ်နှစ်နှစ်ကြီး ပြောပြဖို့သာ စဉ်းစားနေပါတော့တယ်။



www.burmeseclassic.com